
www.burmeseclassic.com



www.burmeseclassic.com

# ဒီးပေါင်းခြင်း နှင့် မြင်းသိုရှင်

ကြယ်ကလေး

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၃၃၅၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၄၁၉၀၅၀၁ |
| ပုံနှိပ်ခြင်း | (ဒုတိယအကြိမ်) ၂၀၀၆၊ ဇန်နဝါရီလ အုပ်ရေ (၅၀၀) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဦးသန်းလွင် (မြ-၀၅၅၈၇) (ရွှေလင်းယုန်ပုံနှိပ်တိုက်) အမှတ်(၅၁)၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးသန်းထွဋ်အောင် (မြ-[illegible]၉၄) စိုးရာဇာစာပေ၊ အမှတ်(၃၃)၊ အခန်း-၁၀၊ ယုဇနလမ်း၊ ရေကျော်၊ ၈-ရပ်ကွက်၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| အတွင်းဖလင် | မျိုးဝင်းကျော် |
| အတွင်းအပြင်စီစဉ်မှု | (ရွှေဒီပါ Group) |
| စီစဉ်သူနှင့်ပြည်လုံးကျွတ်ဖြန့်ချိရေး | နေလွင်အောင် (ရွှေဆိပ်တစ်) |


တန်ဖိုး - ၄၅၀ ကျပ်

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## စီစဉ်သူ၏ အမှာ

ဤစာမူကို စီစဉ်ထုတ်ဝေရခြင်းနှင့်အတူ စာရေးဆရာ "ကြပ်ကလေး"အား ဂါရဝပြုအပ်ပါသည်။

ထို့နောက်တွင် အဖွတ်ဖက်မှ အကူအညီများပေးခဲ့သော ဦးမြင့်သူ (သားကြပ်ကလေး)အားလည်းကောင်း၊ လိုအပ်သော အကူအညီများကို တတ်အားသရွေ့ ကူညီခဲ့ကြသော သင်ဆရာ ဟောင်းများအား ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

ဤစာအုပ်သည် မြန်မာ့ရုပ်ရှင် ခေတ်ဦးကာလများ၌ "ဦးပေါ်ဦးစေကြီးနှင့် မြင်းညိုဖြင့်" အမည်နှင့်ပင် ဟာသရုပ်ရှင် ဇာတ်လမ်းအဖြစ် ခေတ်တစ်ခုကို ဆန်းသစ်စေခဲ့သည်။ ဇာတ်လမ်းဇာတ်ကွက်ဖြင့် လိုက်ဖက်ညီမှု ရှိသောကြောင့် ရုပ်ရှင်မင်းသားကြီးစိန်မြင့်နှင့်အဝ, ဤဇာတ်လမ်းရုပ်ရှင် ကားသည် အောင်မြင်ခဲ့သည်။ မြန်မာ့အသံမှလည်း ဇာတ်လမ်း ပြမာအဖြစ် ထပ်ဆင့်၍ လွှင့်ခဲ့ရာ အချိုပေါ် သကာလောင်းခဲ့ ပြန်လေသည်။

ဤဆရာကြပ်ကလေး၏ ဤဟာသရသမြောက်သော "ဦးပေါ်ဦးစေကြီးနှင့် မြင်းညိုဖြင့်ဇာတ်လမ်း"အား စာဖတ်သူတို့ ရယ်မောပျော်ရွှင်နိုင်စေရန် ဒုတိယအကြိမ်မြောက် ပြန်လည် တင်ဆက်လိုက်ရခြင်း ဖြစ်ပေသည်။

ဤစာအုပ်ကို ဖတ်ရှု၍ စာဖတ်သူတို့ ရယ်မော ပျော်ရွှင်ရင်း, တစ်စုံတစ်ရာအကျိုးတရား တိုးပွားစေခဲ့သည်ဆိုလျှင် ဤစာအုပ်ကို စီစဉ်ရကျိုးနပ်ပါသည်ဟု ဆိုရင်း အမှာစကားကို ဤတွင် နိဂုံးတံ ပါ၏။ ။

(စီစဉ်သူ)
[illegible]

www.burmeseclassic.com

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

**ဦးပေါင်းစင်းနှင့် မြင်းညိုရှင်**


၁။ အလှူပ်ရချေပြီ ၉
၂။ ကြုံရ . . . ဆုံရ . . . သည်ဘဝ ၂၃
၃။ မြင်းညိုရှင်လာချေပြီ ၄၀
၄။ တွေ့ဆုံတော်မူမှုဖြင့် . . . ၅၈
၅။ ဇာတ်ထဲမှာတစ်ဘဝ . . . အပြင်မှာ တစ်ဘဝ . . . ၇၃
၆။ ချိန်းတဲ့နေ့ဝယ် . . . ၇၅
၇။ ဘဝဆက်တိုင်း (သို့) ဆုတောင်း . . . ၉၉
၈။ ခွဲတော့ဘူးသက်လယ်ရယ် (သို့) ဦးပေါင်းစင်းနှင့် မြင်းညိုရှင် ၁၀၆


**အချိန်ဆိုတာ ကစားစရာ**


၉။ တျွန်းပ်၏ စွန့်စားခြင်း . . .! ၁၁၉
၁၀။ ပုဂံခေတ်နှင့် တွေ့ဆုံခြင်း ၁၂၉
၁၁။ ပြေးရစဉ်ဝယ် . . . ၁၄၆
၁၂။ လွှတ်မြောက်ရန်ကြံဆောင်ခြင်း ၁၅၃
၁၃။ အတိတ်မှ ပစ္စုပ္ပန်သို့ . . . (သို့) အချိန်ဆိုတာ ကစားစရာ ၁၆၃





www.burmeseclassic.com

www.burmeseclassic.com

[illegible] မြင်ရတော့မည့် ...သည့် မျက်နှာကလေးကို ရုတ်တရက်ထဲမှမေ့မှိန် ပျောက်ပြယ်သွားမည်ကို ကြောက်ဘိသည့်အလား။ အလွတ်ကျက်နေသော ကျောင်းသားကဲ့သို့ အထပ်ထပ်ရွတ်နေ မိသည်။ ရွာတိုင်းရွာတိုင်းလည်းရှင်ထဲတွင် ဟာကနဲဟာကနဲ ခြောက်ထပ်တိုက်ခေါင်မိုးပေါ်မှ ခုန်ချရဘိ သကဲ့သို့ ခံစားနေရသည်။





ယခုသူမြင်နေရသည်ကား... နေရာကြည့်လိုက်ကြည့်လိုက် လွမ်း... စရာအတိပင် ဖြစ်နေသည်။

လောကကိုပန်ဆင်းသော မှုရှိ... သည့် ခိုက်ကြိုးတင်နှင့်ပင် ဝန်ဆင်... လိုက်ပါသလော...။

# ခိုးပေါင်းစင်း နှင့်



## (၁) မြင်းညိုရှင်

ဘလုပ်ရဲချော်ကြီး

“ဟော့... ဟော့”

အနောက်မှ ခပ်သုတ်သုတ်လေး လိုက်၍လာသော အသက်ငါးဆယ်နီးပါးခန့် လူကြီးသည် ရှေ့မှစိုက်စိုက်စိုက်စိုက်နှင့် သွားနေသော အသက်(၂၂)နှစ်ခန့် လူငယ်တစ်ဦးကို အော်ခေါ်လိုက်သည်။

လူငယ်သည် ထိုအသံကို လုံးဝဂရုမစိုက်။

မြေကြီးဟူသည် ပထဝီဓာတ်ကဲ့သို့ မဟာဘူတ်ဓာတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လေးပါးအစုအဝေး ဖြစ်သည်ဟူသော အဲဆိုကို ဟုတ်ပါလေ၏ လောဟု တွေးတောဆင်ခြင် လာဘိသည့်အလား မြေကြီးကို စူးစိုက်ကြည့်၍ လျှောက်နေသည်။ ***ဤအတိုင်း ဆိုလျှင် ထိုသူငယ်သည် ခေါင်းစိုက် အသင်း၏ ရာသက်ပန် အသင်းသားပေလော့ ဟုပင် တွေးချင်စရာ ဖြစ်ပေ၏။***

'ဟေ့ . . . အို . . . ဟ . . . ဟေ့'

အနောက်ကလူကြီးသည် ဆက်တိုက်ခေါ်ရင်း အတင်းလိုက်လာ၏။ လူငယ်ကား လှည့်၍ပင်မကြည့်၊ ရှေ့သို့ ဆက်လက်လျှောက်နေသည်။ ဘေးမှ လမ်းသွားလမ်းလာများသည် ပထမ သော် လူငယ်ကိုကြည့်၍ ဒုတိယနှင့် နောက်ဆုံး အနေဖြင့် လူကြီးကို ခပ်ကြောင်ကြောင် ကြည့်သွားကြသည်။

လူကြီးမှာ ရှက်သယောင်ယောင်နှင့် ထပ်မအော်တော့ဘဲ အတင်းသာ မှီအောင်လိုက်သွားပြီး လက်တစ်ကမ်းအလိုတွင် လူငယ်၏ ပုခုံးကို လှမ်းပုတ်လိုက်ကာ . . .

'အောင်မလေး . . . ခေါ်လိုက်ရတာကွာ၊ လှည့်များ ကြည့်ပါအုံး' ဟုပြောလိုက်၏။

လူငယ်သည် ဤတွင်မှ ခြေလှမ်းများကို ရပ်လိုက်ကာ နောက်သို့ လှည့်ကြ၏။ သို့သော် လူကြီးကို မှတ်မိသိရှိပုံ မရချေ။





'မင်းကို ခေါ်နေတာ မကြားဘူးလား'

'အသံတော့ကြားတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုခေါ်တာမှ မဟုတ်ဘဲ'

'ဟုတ်တာပေါ့ကွ . . . မင့်ကိုခေါ်တာဘဲ'

'မဟုတ်ပါဘူးဗျာ'

'အော် . . . ခက် ခက်ရချေသေးရဲ့၊ ငါကခေါ်တဲ့ကောင်ကွ၊ ငါပြောရင် အသေချာဆုံးပေါ့ဟ'

'ဒါပေမယ့် ကျွန်တော်က အခေါ်ခံရတဲ့လူပါခင်ဗျ၊ ကျွန်တော် ပြောတာကပိုပြီး သေချာတာပေါ့'

'မင့်ကို ခေါ်တာကွ'

'ကျွန်တော်ဟာ သောကြာသား မဟုတ်ပါဘူး'

လူကြီးသည် မျက်ခုံးကြီးများကိုပင့်၍ မျက်လုံး ပြူးကြီးများနှင့် ကြည့်လိုက်သည်။

'မင့်ကိုကော ငါက သောကြာသားလို့ ပြောခဲ့သေးလို့လားကွ၊ ငါက ဗေဒင်ဟောတဲ့ စာကလေးမှ မဟုတ်တာ၊ မင်းဘာနေ့သား မှန်းသိပါ့မလား'

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော်နာမည်ကို ဟေ့ . . . ဟေ့ . . . ဟေ့ဟေ့ . . . နဲ့ ခေါ်ရတာလဲ၊ သဟာဆိုယင် သောကြာဆို'



www.burmeseclassic.com

www.burmeseclassic.com



လူငယ်၏ စကားကို ကြားသောအခါမှ လူကြီးသည် အား ရပါးရ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိ၏။

'အော် . . . ဟော် . . . ဟော် . . . ငါက မင်းနာမည်ကို မေးနေတာ ကိုးကွ၊ မင့်နာမည်က ဘာကွ'

လူငယ်သည် ထိုသူကြီးကို မှတ်မိပုံမရသဖြင့် မဖြေချင့်ဖြေချင် နှင့် ဖြေလိုက်လေသည်။

'သန်းအောင်ထွေး'

'ဘာကွ'

'ဘာမှ မကွဘူး၊ ကျွန်တော် နာမည် သန်းအောင်ထွေး'

'မဟုတ်ပါဘူးကွ'

'ဒါဖြင့် ဦးလေး လူမှားနေပြီ'

လူငယ်က သူ၏ နာမည်သည် သန်းအောင်ထွေးပါဟု ဖြေ လျက်နှင့် လူကြီးက ငြင်းသောကြောင့် လူမှားပြီဟု ကောက်ချက် ချလိုက်ခြင်း ဖြစ်၏။ ကောက်ချက်ချရှုတွင်မက စကားဆက်လက် ပြောစရာ မရှိတော့သလိုနှင့် လှည့်၍ ထွက်သွားတော့မည် ပြုလိုက် လေသည်။

'ဟ . . . နေပါအုံးကွ'

လူကြီးသည် သန်းအောင်ထွေး၏ လက်မောင်းကို အတင်း ဖမ်းဆွဲထားရာ သန်းအောင်ထွေးသည် မကျေမချမ်း မျက်နှာနှင့် လှည့်ကြည့်ရပြန်လေ၏။

'ဦးလေး . . . ကျွန်တော်ကို မဆွဲပါနဲ့၊ ဝတ္တရားနှောက် ယှက်မှုနဲ့ ဦးလေးကို တရားစွဲမိလိမ့်မယ်'

'အောင်မယ် . . . မင့်ဝတ္တရားက ဘာမို့လဲကွာ'

'အိမ်ပြန်ဖို့ ဝတ္တရားရှိတယ်'

'ဟား ဟား . . . ငါမှတ်မိပါပြီ၊ မင်းနာမည်ဟာ သန်းအောင် ထွေး မဟုတ်ပါဘူးကွ၊ မင်းဟာ ဖိုးသံချောင်းပါ'

လူငယ်သည် ရှက်စနိုးဟန်နှင့် ဘေးဘီသို့ လှည့်ကြည့် ပြီးမှ

'တိုးတိုးပြောပါခင်ဗျာ၊ အဲဒါကငယ်နာမည်ပါ၊ သန်းအောင် ထွေးပါ . . .'

'ကဲ . . . ငယ်နာမည်မို့ မင်းမခေါ်စေချင်ရင်လဲ မခေါ်ပါဘူး ကွာ၊ ဒါပေမယ့် မင်းကိုငါ လူမမှားဘူး ဆိုတာတော့ သေချာပြီပေါ့

'ဟုတ်ကဲ့ . . . ဒါတော့ သေချာသွားတာပေါ့'

'ဒါဖြင့် ငါဘယ်သူလဲ သိလား'

'မသိဘူး ခင်ဗျ'

လူငယ်က မသိဘူးဆို၍ လူကြီးသည် မကျေမချမ်း ဖြစ်သွား လေသည်။







www.burmeseclassic.com

www.burmeseclassic.com



'သေသေချာချာ ကြည့်ပါအုံးကွ'

'မြင်ပါတယ် ခင်ဗျ၊ အခုဟာက ကျွန်တော်ဟာ မျက်စိမှုန် တာမှ မဟုတ်ဘဲ၊ ဦးလေးကို ဘယ်သူမှန်း မသိတာ'

'သေသေချာချာ ကြည့်ပြီး စဉ်းစားစမ်းပါအုံးကွ'

သန်းအောင်ထွေးသည် လူကြီးကို သေသေချာချာကြည့်၏။ တစ်ဖန် အနားနားကပ်ကြည့်နေပြန်၏။ တစ်ဖန်နောက်သို့ဆုတ်၍ ကြည့်ပြန်၏။

သန်းအောင်ထွေးက ဤသို့ကြည့်နေရာ ခဏကလေးသာ ကြာသေးသည်၊ လမ်းသွားလမ်းလာများသည် ဘာပါလိမ့်ဟု စပ်စုစွာနှင့် ဝိုင်းအုံလာကြပြီး လူကြီးကို ဝိုင်း၍အထူးအဆန်း သဖွယ် ကြည့်ကြလေ၏။

'ဟာ ဘာလဲဗျ၊ ခင်ဗျားတို့က ဘာဆိုင်လို့ လာကြည့်နေကြတာလဲ သွားကြစမ်းပါ'

လူကြီးက စိတ်မရှည်သလို အော်ထုတ်လိုက်မှ လူအုပ်သည် ရှဲသွား လေတော့သည်။

'မှတ်မိပြီလားကွ'

'ဩော် ဟုတ်ကဲ့၊ လက်စသတ်တော့ ဦးလေးဟာ တစ်လောက ဆုံးသွားတဲ့ ကျောင်းဒကာကြီး ဦးမိုးကိုး . . .'

'ထတ်တေရီ . . . ငါ့ကို ဖုတ်ဝင်တယ်လို့ စွပ်စွဲချင်သေးလားဟ





သာဦးလေ . . . . သာဦး . . . မှတ်မိပြီလား'

'အော် . . . ဦးလေး ကိုသာဦးကိုး'

'အေး . . . မှတ်မိပြီလား'

'မသိဘူးလေ . . . အခု ဦးလေးပြောလို့ လိုက်ပြောရတာ'

'သေလိုက်ပါတော့ . . . ဖိုးသံချောင်းရာ'

'သန်းအောင်ထွေးပါ'

'အဲ . . . သေလိုက်ပါတော့ . . . သန်းအောင်ထွေးရာ'

အာမေဍိတ်သံကို ပြန်ပြင်ဆိုရွတ် ရသဖြင့် နောက်တစ်ခါ ရွတ်ချိန်တွင် စကားသည် သဘာဝ မကျတော့ချေ။ ရေဒီယိုတွင် စာဖတ်ပြနေသည်နှင့် တူနေတော့၏။

'လာစမ်းပါကွာ၊ လမ်းလယ်ခေါင်မှာ မကောင်းပါဘူး၊ ငါမင်းနဲ့ တိုင်ပင်စရာ ရှိပါတယ်'

ကိုသာဦးသည် သန်းအောင်ထွေးကို နီးရာ လက်ဖက်ရည် ဆိုင်တွင်းသို့ ဆွဲခေါ်သွားလေ၏။

ချောင်ကျကျ စားပွဲတွင် ထိုင်မိကြသောအခါ ကိုသာဦးက စကားစတင်၍ ပြောလေတော့သည်။

'မင်းအဖေ မြင်းတွေ မွေးတုန်းက ငါက ထရိန်နာလေ'

'ကျွန်တော်က . . . ဒါတွေစိတ်မဝင် စားခဲ့တော့ သိပ်မသိဘူး'

'ဟုတ်ပါတယ်လေ . . . မင်းငါ့ကို လေးငါးခါဘဲ မြင်ဘူးမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းက စိတ်မဝင်စားခဲ့ပါဘူး၊ ဒါထက်-မြင်းထိန်းနာဆိုတာတော့ ဘာအဓိပ္ပာယ် ဘာလဲသိလား'

'မြင်းကို ဆေးကုတဲ့လူဖြစ်မှာပေါ့'

'ဘယ်က ဟုတ်ရမှာလဲကွ . . . မြင်းကိုလေ့ကျင့်ပေးတဲ့ မြင်းဆရာကွ၊ ဒါထက်နေပါအုံး . . . မင်း အခုနကပြောတော့ ဘီအေအောင်ပြီဆို'

'ဟုတ်ကဲ့ . . . အောင်ပြီးခါစ ပူပူနွေးနွေးပါဘဲ'

'ဒါဖြင့် အလုပ်မရှိဘူးပေါ့'

'မှန်ပါတယ်ခင်ဗျာ'

'အဲဒါ ဟန်ကျတာဘဲ'

'ဗျာ . . . အလုပ်မရှိတာ ဟန်ကျတယ် ဆိုတော့ . . . ကျွန်တော် ဘီအေ အောင်အောင်သင်တာ အလုပ်လက်မဲ့ ဖြစ်ချင်လွန်းလို့ ဆိုချင်တာပေါ့'

'ဘယ်ကဟုတ်ရမှာလဲကွ၊ မင့်အတွက် ဝင်ငွေရဖို့လမ်းရှိတယ်၊ မင်းအဖေဆုံးသွားပြီးတော့ မင်းဘယ်သူနဲ့ နေလဲ'

'မေမေနဲ့ပေါ့၊ ဦးလေးလဲ အိမ်မှာ လာနေပါတယ်'

'မင့် ဦးလေးကတော့ ငါမသိဘူး၊ ဒါနဲ့ ငါဆက်ပြောရအုံးမယ်၊ မင်းလက်ခံမယ်ဆိုယင် ငွေတစ်ထောင်လောက်ရမဲ့ အလုပ်တစ်ခုရှိတယ်'





သန်းအောင်ထွေးသည် ခဏတော့ တွေဝေသွားသည်။ သို့သော် ငွေတစ်ထောင် ရမည်ဆိုခြင်းက သူ့ကို စိတ်ဝင်စားစေ၏။

'ဥပဒေဘောင်အတွင်းကမှ ဟုတ်ရဲ့လားဦးလေး'

'ဟုတ်တာပေါ့ကွ၊ မင့်ကို ငါချောက်တွန်းပါ့မလား၊ မင်းအဖေ ကျေးဇူးတွေ ငါ့မှာအများကြီးရှိတာဘဲဟာ'

'အလုပ်က ဘာလုပ်ရမှာလဲ'

'မြင်းစီးရမယ် . . .'

'ဗျာ . . .'

'မြင်းစီးရမယ်ကွာ . . . မင်းညီ မင်းသားလိုဝတ်ပြီး မြင်းစီးပြရမယ်'

'ခင်ဗျာ . . . ရှင်လောင်းအတုလုပ်တဲ့ အလုပ်ဆိုပါတော့'

'ဟယ် . . . ကြဲကြဲဖန်ဖန် ဘယ်ကဟုတ်ရမှာလဲ'

'အမှန် . . . ကြဲကြဲဖန်ဖန်က ဦးလေးခင်ဗျ . . .။ ကျွန်တော် မဟုတ်ဘူး . . .'

ကိုသာဦးသည် ဟက်ဟက်ပက်ပက်ရယ်လိုက်လေ၏။

'ညီပါ့ကွာ . . . ညီပါ့'

ကိုသာဦး၏ ကျယ်သွားသော စကားကို ကြားရသောလက်ဖက်ရည်ဆိုင်မှ အလုပ်သမား ကုလားလေးသည် ဆားပန်းကန်ကို ယူလာပေး၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ ကုလားရဲ့'

'ဆရာက နီမှာက်ဆို . . . နီမှာက်ဆိုတာ ဆားပေါ့'

'ဟာ . . . သွားစမ်းပါကွာ၊ အရေးထဲ ဒီကောင်က ကန့်လန့် ကန့်လန့် လာလုပ်နေသေးတယ်'

ကိုသာဦးသည် သန်းအောင်ထွေးဖက်သို့ ပြန်လှည့်လိုက်၏။

'မင်းနဲ့ ငါနဲ့ကတော့ ညီပါ့ကွာ၊ ငါ့စကားကလဲ ဆန်းဆန်း၊ မင်းကလဲ အတွေးဆန်းဆန်းဆိုတော့ တစ်လွဲတွေ ဖြစ်ကုန်တာပေါ့'

ခဏတော့ သူရယ်နေပါသေးသည်။ ပြီးမှ . . . စကားကို ဆက်ပြန်၏။

'ငါ မင်းကို ရေရေလည်လည်ပြောပြပါမယ်ကွာ၊ ဦးထွန်းတင် ဆိုတဲ့ ငါ့အသိ အဖိုးကြီး တစ်ယောက်ရှိတယ်၊ သူက ပင်စင်စား အရာရှိကြီးဘဲကွ၊ သူ့သမီးက ကျောင်းဆရာမ အလုပ်ရတယ်လေ'

သန်းအောင်ထွေးသည် လက်ဖက်ရည် ပန်းကန်ပြားတွင် ရေနွေးကြမ်းထည့်၍ သောက်လျှက်ရှိရာက ကိုသာဦး၏ စကားများကို သေချာစွာ နားထောင်ရ၏။ ကိုသာဦး ပြောပြနေသော ဇာတ်လမ်းနှင့် သူမြင်းစီးရမည့် ကိစ္စသည် ယခုအချိန်အထိ မည်သို့မျှ ဆက်စပ်၍ မရသေးချေ။

'တစ်နေ့တော့ မြမြစန်းက နယ်ပြောင်းရတာကိုး'

'မြမြစန်း ဆိုတာက ကျွန်တော်စီးရမယ့် မြင်းလား'





'ဟာ . . . ဘယ်ကဟုတ်ရမှာလဲကွ၊ ဦးထွန်းတင်ရဲ့ သမီးလေ'

'နို့ . . . စောစောက ဦးလေးက ပြောတော့ သူ့သမီးက ကျောင်းဆရာမဆို'

'အေးလေ . . . ဘာဆိုင်လဲကွ၊ ကျောင်းဆရာမဆိုတာ အလုပ် အကိုင်ဘဲဟာ၊ မြမြစန်း ဆိုတာက သူ့နာမည်ဘဲ'

'အဲဒီလို နယ်ပြောင်းသွားတော့ နယ်မှာကျောင်းသူလေး သုံးယောက်နဲ့ အဖော်ရတာနဲ့ အိမ်ငှားနေတယ်၊ အဲဒီမှာ ရောဂါ ဆန်းတစ်မျိုး ရလာတယ်ဆိုဘဲ'

သန်းအောင်ထွေးသည် စိတ်ဝင်စားလာသည်နှင့်အမျှ မျက်လုံးများသည် တဝင်းဝင်းလက်လာ၏။

'ဘယ်လိုရောဂါလဲ'

'မသိဘူးကွ'

'ဟာ . . . ဦးလေးဟာကလဲ'

'ငါ သေသေချာချာတော့ မသိဘူးလေ၊ သူ့ရောဂါက မြင်းကြီး မြင်မြင်နေတယ်ဆိုလားဘဲ'

'ဪ . . . အဲဒီမြင်းကြီးကို ကျွန်တော်ကစီးပြရမယ် ဆိုပါတော့'

'ဟ . . . ဘယ်ဖြစ်ပါ့မလဲကွ၊ သူ့တစ်ကယ်မရှိဘဲနဲ့ မြင်မြင် နေတဲ့ မြင်းကိုမင်းစီးရင် လေကိုခွမိလို့ မြေကြီးပေါ်တင်ပုတ်ဖုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျနေမှာပေါ့ . . .'

'ဒါဖြင့် ကျွန်တော်က ဘယ်မြင်းကို စီးရမလဲ'

'မင်းအလုပ်ကို လက်ခံမယ်ဆိုယင် ငါဦးထွန်းတင်နဲ့ တွေ့ပေးမယ်လေ၊ သူနဲ့တွေ့တော့ သူ့သမီးရောဂါလဲ မင်းအသေးစိတ်သိမယ်၊ မင်းလုပ်ရမယ့် တာဝန်လဲသိမှာပေါ့ကွ၊ ငါသိသလောက်ကတော့ မင်းညီမင်းသားလိုဝတ်ပြီး သူ့သမီးကို မြင်းစီးပြီးရပ်ပြဖို့ ပါဘဲလေ'

'သူ့သမီးကလဲ မြင်စရာရှားလွန်းလို့ ဘာဖြစ်လို့ မော်တော်ဆိုင်ကယ်တို့ စက္ကူတာတို့ မမြင်ရဘဲနဲ့ မြင်းကြီးကို မြင်မြင်နေရတာတဲ့လဲ . . .'

'မသိပါဘူးကွာ'

'မြင်းဆိုတော့ စီးရ ခက်တာပေါ့'

ဒါအတွက် မပူပါနဲ့ကွာ၊ ငါမြင်းတစ်ကောင်ကို လေ့ကျင်ထားပေးပါမယ်။ ဦးထွန်းတင်လဲ သနားပါတယ်။ ဆရာဝန်ဆိုတာ စုံပြီကွ၊ ရောဂါကလဲ မပျောက်ဘူး၊ ဒါနဲ့ဥစ္စာစောင့် ဝင်စားတယ်ဆိုပြီး ပယောဂဆရာတွေလဲ စုံနေပါပြီတဲ့ကွာ၊ မထူးခြားပါဘူးတဲ့'

'ဪ . . . ဒါနဲ့ သူ့ရောဂါ သက်သာအောင် ကျွန်တော်က မြင်းစီးပြီး ရပ်ပြရမယ် ဆိုပါတော့၊ တစ်သက်လုံး လုပ်ပြရမယ်ဆို ရင်သေရောပေါ့ဗျာ'





'အို . . . တစ်သက်လုံးတော့ ဘယ်ဟုတ်ပါ့မလဲကွ၊ ဦးထွန်းတင်နဲ့ တွေ့ကြည့်ပါအုံးလေ၊ သူက စိတ်ချယုံကြည်ရတဲ့ လူငယ်တစ်ယောက်ကို ငှားပေးပါဆိုလို ငါရှာနေတုန်း မင်းကိုတွေ့ရတာ အတော်ဘဲကွ၊ ဘယ့်နှယ်လဲ'

သန်းအောင်ထွေးသည် ခဏမျှ လက်ဖက်ရည်ပန်းကန်ပြားကို ငေးကြည့်ရင်း တွေနေ၏။ ထို့နောက်မှ ဖြေးညှင်းစွာ ပြန်ဖြေလိုက်လေသည်။

'အဲဒီ ဦးထွန်းတင်ဆိုတာကို တွေ့ကြည့် သေးတာပေါ့လေ'

'ဒါဖြင့် မင့်လိပ်စာပေးခဲ့'

ထို့နောက် သူတို့နှစ်ယောက်သည် လက်ဖက်ရည်ဆိုင်မှ လမ်းခွဲခဲ့ကြလေ၏။

သန်းအောင်ထွေးသည် အိမ်သို့သာ ပြန်လာခဲ့လေသည်။

အိမ်ရောက်သောအခါ အလုပ်ကိစ္စကိုစဉ်းစား၏။ ကိုသာဦးကို တဖြေးဖြေးပြန်၍ မှတ်မိလာသည်။ ကိုသာဦးသည် အလုပ်ကြိုးစား သူသစ္စာရှိသူဖြစ်ပြီး၊ ရိုးဖြောင့်သူဖြစ်ကြောင်းများကိုပါ သတိရလာ ၏။

သို့ရာတွင် အလုပ်လက်မခံရသေးသည်ဖြစ်၍ မိခင်ကြီးကို မပြောပြသေးချေ။ အလုပ်လက်ခံပြီးသည့်တိုင်အောင် ပြော၍ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေး မိခင်ကြီးကား . . . စိတ်ပူတတ်သူဖြစ်၏။ အလုပ်ပြီး၍ ငွေရလာမှ ပြောပြတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

သူသည် မြင်းမစီး တတ်သော်လည်း အရေးမကြီးချေ။ ကိုသာဦးသည် အလွန်တော်သော ထရိန်နာ ဖြစ်လေသည်။

□ □ □

**မြေကြီးရှာသည် ပထဝီဓာတ်ကဲ့သို့ မဟာဘုတ် ဓာတ်ကြီးလေးပါးအနက် အလေး ဖြစ်သည်ဟူသော အဆိုကို ဘုတ်ပါလေမင်းလောက ရှေးတောအင်ခြင် လာဘ်သည် အလား မြေကြီးကို ရှုးမှိုက်ကြည့်၍ လျှောက်နေသည်။**

(၂)



## ကြုံရ . . . ဆုံရ . . . သည်ဘဝ

အမေလည်း ဈေးထွက်ပြီ။

ဦးလေးလည်း အလုပ်သွားပြီ။

ယို့ကြောင့် . . . သန်းအောင်ထွေး တစ်ယောက်ထဲ အိမ်တွင် ကျန်ရစ်ခဲ့၏။

မကြာပါချေ၊ မော်တော်ကားကြီးတစ်စင်းသည် အိမ်ရှေ့တွင် ဆိုက်လာလေ၏။ ကားပေါ်မှအသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် ဆင်းလာလေသည်။ သို့သော် လှေကားငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတက်မည်ပြုစဉ် စီးလာသော ဂျပန်ဖိနပ်မှာ သဲကြိုးပြတ်သွားလေတော့၏။

လူကြီးလည်း ရှက်ရှက်နှင့် တောက်တစ်ချက် ခတ်ကာ ဖိနပ်အကြွင်းအကျန်ကို မြောင်းဘေးသို့ ကန်ပစ်လိုက်ပြီး အိမ်ပေါ်သို့ ဖိနပ်မပါဘဲ တက်လာလေသည်။

သန်းအောင်ထွေးကား ဤလူကြီးသည် ဦးထွန်းတင်ဖြစ်ရမည်ကို တွက်ချင့်ခန့်မှန်းပြီး ဖြစ်သည့်အားလျော်စွာ ဆီးကြို၍ အထိုင်ခိုင်းလိုက်လေသည်။

နှစ်ယောက်သား ထိုင်မိကြသောအခါ သန်းအောင်ထွေးက အိမ်ရှင်ပီပီ၊ စတင်၍ စကားပြောလိုက်၏။

'ဟုတ်ကဲ့၊ ဖြစ်ပုံကို ပြောပါအုံး ဦးလေး'

သန်းအောင်ထွေး၏ စကားကိုကြားသောအခါ ဦးထွန်းတင်သည်လွန်မင်းစွာ စိတ်ပျက်သွားဟန်နှင့် မျက်နှာကြီးကို မဲ့ပြသေး သည်။

'ဖြစ်ပုံတော့ မပြောချင်ပါဘူးကွာ၊ အိမ်က စီးလာတုန်းက အကောင်းသား၊ ဒီကျမှဘယ့်နှယ် သဲကြိုးပြတ်တယ် မသိဘူး'

'အို . . . ဦးလေးက ဖိနပ်အကြောင်း ပြောနေတာကိုး'

ဦးထွန်းတင်သည် သန်းအောင်ထွေးကို ရုတ်တရက် အံ့ဩသွားသည့်အသွင်ကို ပြောင်း၍ ကြည့်လိုက်၏။





'ဖိနပ်အကြောင်း ပြောရတာပေါ့၊ ဖိနပ်သဲကြိုးပြတ်တာကိုး၊ မောင်ရင်က ဦးထုပ်မေးသိုင်းကြိုး ပြတ်တယ်မှတ်လို့လား . . .'

ဦးထွန်းတင်၏စကားကို ကြားရသောအခါ သန်းအောင်ထွေးသည် တစ်ချက်ရယ်လိုက်ပြီးမှ . . .။

'မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ဦးလေးလာရင်းကိစ္စကို စိတ်စွဲပြီး မေးလိုက်တာပါ'

'ဘယ်သူလဲ ဦးလေးလိုင်းရင်းဆိုတာ သူ့ကိစ္စက ဘာဖြစ်တဲ့လဲ . . .'

'မဟုတ်ပါဘူးလေ၊ အခုဦးလေး ကျွန်တော့်ဆီလာရင်းကိစ္စက ကျွန်တော့်ကို အလုပ်တာဝန်တစ်ခု ပေးမလို့ မဟုတ်လား အဲဒါကို ပြောတာပါ'

'ဩြော် . . . ဟော် . . . ဟော် . . . ဟားဟား . . . ဟုတ်တယ်လေ . . . ကိုသာဦးကပြောတယ် မောင်ရင်နဲ့ ဆွေးနွေးကြည့်ပါဆိုလို့ ဦးလေးလာခဲ့တာဘဲ'

'ဟုတ်ကဲ့ . . . ဖြစ်ပျက်ပုံကို ကျွန်တော်ဘာမှ သေသေချာချာ မသိရသေးပါဘူးခင်ဗျာ'

'အင်း . . . ပြောရမှာပေါ့လေ၊ ဒါထက် နာမည်'

'ဟုတ်ကဲ့ . . . ကိစ္စမရှိပါဘူး'

'နာမည်လေ'



www.burmeseclassic.com

www.burmeseclassic.com



'နံပါစေခင်ဗျာ . . . ကျန်းမာရေး ကောင်းတဲ့သူဟာ လေတစ်ဖြူးဖြူးနဲ့ ရှိတတ်ပါတယ်'

'ဘာလဲကွ မောင်ရင့်နာမည်ကို မေးတာ'

'ဩော် . . . မသိပါဘူး . . . ကျွန်တော်က ဦးလေးလေလည်နေတယ် မှတ်တာကိုး၊ ဟားဟား . . . ကျွန်တော့် နာမည်က သန်းအောင်ထွေးပါ'

'ဩော် . . . အင်း . . . နဲနဲတော့ ခေါ်ရခက်တယ်၊ ကိစ္စမရှိပါဘူးလေ ဦးလေးကြိုးစားပါမယ်၊ ဒါထက် ဦးလေးရဲ့ သမီးကမြမြစန်းတဲ့၊ သူကဆရာမအလုပ် လုပ်တယ်၊ ဆရာမဆိုတာ သိလား'

'ဟုတ်ကဲ့ . . . ဣတ္ထိလိင် ကျောင်းဆရာပါ'

'အေး . . . ဟုတ်တယ်၊ သူနာပြုဆရာမနဲ့ ရောမှာစိုးလို့ သေသေချာချာ ပြောရတာ၊ သူကကျောင်းဆရာမ အလုပ်နဲ့ နယ်ပြောင်းသွားရတယ်လေ၊ အဲဒါမှားသွားတာဘဲ၊ အိမ်နဲ့မခွဲစဘူးခွဲသွားရတော့ စိတ်အား ငယ်သွားတယ် ထင်တယ် . . .။ ဂယောင်ချောက်ချားတွေ မြင်လာတော့တာပေါ့'

ဤနေရာတွင် သန်းအောင်ထွေးသည် ဖားယားဝင်ထောက် ၏။

'နေပါအုံး ဦးလေး၊ ဂယောင်ချောက်ချားတွေ ဆိုတာ ဘာတွေတုန်း သူက ဘာတွေမြင်နေတာတဲ့လဲ'

'ကိုးရိုး ကားယားတွေပေါ့'





'အော် . . . ကျွန်တော် စဉ်းစားကြည့်ရယင် . . . ဥပမာအားဖြင့် လူတစ်ယောက် ခေါင်းပေါ်မှာ တစ်ခြားတစ်ယောက်ကလက်ဝါးတစ်ဖက် ကင်းမြီးကောက် ထောင်နေတုန်း အောက်ကလူကခြေတစ်ဖက် မြှောက်ပြီး ခြေမကို ပါးစပ်နဲ့ကိုက်'

' ဟာ . . . ဒါမျိုးတွေ မဟုတ်ပါဘူးလေ . . .'

'နို့ . . . ကိုးယိုးကားယားဆို'

'ကိုးယိုးကားယားတော့ . . . ကိုးယိုးကားယားပေါ့၊ ဒါပေမယ့်မင်းအခုပြောတဲ့ ကိုးယိုးကားယားမျိုး မဟုတ်ဘူး'

'ဒါဖြင့် . . . ဘယ်လိုကိုးယိုးကားယား မျိုးပါလိမ့် . . .'

'ဦးထွန်းတင်သည် ခဏမျှ လမ်းမဖက် ငေး၍တွေသွား၏။ သန်းအောင်ထွေးကမူ ဦးထွန်းတင်၏ မျက်နှာကို မမှိတ်မသုန်ကြည့်နေပါသည်။

ဦးထွန်းတင်သည် သန်းအောင်ထွေးဖက်သို့ ချာကနဲပြန်လှည့်လိုက်၏၊

'စကီဇိုဖရီးနီးယား ရောဂါကို မင်းကြားဘူးသလား'

'ဟုတ်ကဲ့ . . . ဒီစကားလုံးတော့ ကြားဘူးပါတယ်၊ ရောဂါသည်လဲမတွေ့ဘူးဘူး၊ ဒီရောဂါရဲ့ လက္ခဏာအသေးစိတ်လဲ . . . မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင်က . . . ဒေါက်တာ ကျော်စိန်ရဲ့ ဆောင်းပါးတွေ မဖတ်ဘူး ထင်တယ်'

ဘီအေ အောင်ပြီးသူ၏ စာဖတ်နည်းသော အဖြစ်ကို ရှက်မိသလိုလို ရှိရင်းက သန်းအောင်ထွေးက ပြောလိုက်သည်။

'ဟုတ်ကဲ့ . . . မဖတ်ဖူးဘူး၊ အဲဒီဒေါက်တာ ကျော်စိန်ဆိုတာက ဘယ်သူတုန်း ခင်ဗျား'

'မသိဘူးကွ ငါလဲ သူများက တစ်ဆင့်ပြောတာ ကြားလို့ ပြောရတာပါ၊ ဒီရောဂါကို မြန်မာလို ပြန်ယင်စိတ်ကစဉ့်ကလျား ရောဂါဆိုဘဲကွ'

'ဩော် . . . တွေးမိပါပြီ ဒီရောဂါဖြစ်လာယင် စိတ်တွေ တစ်စစီကွဲပြီး ပြန့်ကျဲကုန်ရော ထင်ပါရဲ့'

'အဲဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ အဲဒီရောဂါမျိုး ဖြစ်လာ ရင် လက်သမားကလဲ သူ့ကိုသူ ဗိုလ်မှူးကြီးလို့ ထင်တယ်၊ ဆရာဝန် ကလဲ သူ့ကိုယ်သူ အငြိမ့်ထဲက လူပြက်လို့ထင်လို့ထင်၊ ကျောင်း ဆရာကလဲ ဓါးပြဗိုလ်လို့ ထင်လိုထင်ဆိုဘဲ . . .'

'ဩော် . . . အခုလဲ ဦးလေးရဲ့ သမီးက သူ့ကိုယ်သူ ဓါးပြဗိုလ်တို့ ထင်နေတယ် ဆိုပါတော့ . . .'

'မဟုတ်ပါဘူးလေ . . .'





*စိတ္တဇဗေဒနှင့် ဘယ်လိုမှ ပတ်သက်မှုမရှိသော လူပြိန်း နှစ်ယောက်သည် စကီဇိုဖရီးယားဟူသော စိတ်ရောဂါဆန်း တစ်ခုအကြောင်းကို ဆွေးနွေးလျှင်ဤသို့ဘဲ ဖြစ်ရပေတော့မည်။*

ဦးထွန်းတင်ကား ဆက်လက်၍ ကြိုးစားရှင်းပြနေ၏။

'ဒီရောဂါရှင်ဟာ တကယ်မရှိတဲ့ အသံတွေကို ကြားရတယ်၊ တကယ်မရှိတဲ့ အရာဝတ္ထုတွေကိုလဲ မြင်ရတတ်တယ် ဆိုဘဲ'

သန်းအောင်ထွေးသည် တွေတွေကလေး ဖြစ်နေရာမှ ဝင်ထောက်၍ မေးလိုက်ပြန်၏။

'တကယ်မရှိတာတွေ မြင်တယ်ဆိုတော့ . . . သူမြင်တာတွေဟာ ပဉ္စရူပံတွေ၊ မနုဿဗီဟတွေ၊ ဂရိနိုင်ငံ နတ်သမိုင်းထဲက စင်တော်ဆိုတဲ့ အကောင်ကြီးတွေ၊ တရုတ်နဂါးကြီးတွေ မြင်မှာပေါ့နော် . . .'

'မဟုတ်သေးဘူး ထင်တယ်ကွ၊ တစ်ခြားနေရာမှာတော့ တကယ်ရှိတယ်၊ အခုလက်ငင်း သူ့ရှေ့မှာ မရှိတဲ့ဟာတွေ မြင်တာမျိုးနဲ့ တူပါတယ်။ နေအုံးသူတို့ပြောတဲ့ စကားရှိတယ်၊ ငါအလွတ်ကျက်ထားပါတယ်လေ၊ နေပါအုံး၊ ဘာတဲ့ ပတ်ဝန်းကျင်နှင့် ဆက်ဆံဘဲပြန်မှု နည်းပါး၍ ဝေဒနာရှင်ဖာသာ၊ အဲဝေဒနာရှင်ဖာသာဘာတဲ့၊ အဲတည်ဆောက်အပ်သော၊ အဲ-အပ်သော ကိုင်ပိုင်စိတ်ကူးယဉ် ကမ္ဘာကလေးထဲတွင် ၊ အဲအဲ-ဘာတဲ့၊ ကမ္ဘာကလေးထဲတွင် စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးအပ်သော ဘဝတစ်ခုခု ပိုင်ရှင်အဖြစ်၊ ပိုင်ရှင်အဖြစ် အဲဒဲ နေတတ်ခြင်းဆိုဘဲကွ၊ အဲဒီရောဂါရှင်ဟာ အဲဒီလိုနေတတ်တယ် ဆိုဘဲ'

ဦးထွန်းတင် ရှုတ်ပြနေသည်မှာ တောက်တဲ့ကြီး လှည်းနင်းခံနေရသလို ဖြစ်နေသောကြောင့် သူရှုတ်ပြသည့် စကားစု၏ အဓိပ္ပာယ်ကို သန်းအောင်ထွေး ခမျာမှာ ဘာတစ်ခုမှ ကောင်းကောင်းနားမလည်လိုက်ပါချေ။ သို့သော် ပြန်မေးလိုက်လျှင် နောက်တစ်ချီတအဲအဲလုပ်နေဦးမည်ကို စိုးရိမ်မိသဖြင့် သန်းအောင်ထွေးသည် နားလည်သလိုလို ပါးလည်သလိုလိုနှင့် ခေါင်းလေးတဆတ်ဆတ် ညိတ်လိုက်မှ စကားပြန်ပြောလိုက်လေသည်။

'ဟုတ်ကဲ့ . . . ဦးလေးရဲ့သမီး ရောဂါကိုသာ ပြောပါတော့ ခင်ဗျာ'

'အေး . . . ပြောရမှာပေါ့၊ တူတူးဖြစ်လာတာက . . .'

'ခင်ဗျာ . . . အဲဒါက နောက်ထပ် စိတ်ရောဂါတစ်မျိုးလား'

'မဟုတ်ပါဘူးလေကွယ်၊ တူတူးဆိုတာ ဦးလေးရဲ့ သမီးဘဲ'

'မြမြစန်းထက်အငယ်လား'

'မဟုတ်ဘူးလေ . . . မြမြစန်းဘဲပေါ့၊ သူ့ကိုအိမ်မှာတူတူးလို့ ခေါ်တယ်လေ'

'ဩော် . . . ဟုတ်ကဲ့၊ စကားကို ဆက်ပါတော့ ခင်ဗျာ'





ပြောရမည့်ကိစ္စကိုလျင်မြန်စွာ ပြောဖြစ်အောင် သန်းအောင်ထွေးက တိုက်တွန်းလိုက်လေသည်။

'တူတူးရဲ့ ရောဂါက ဒီလိုညနေ နေဝင်ရီတရော အချိန်ရောက်လာပြီဆိုယင် ပြတင်းပေါက်ကနေပြီး ငေးကြည့်နေတော့တာဘဲ၊ ခဏလေး ကြာလာရင် လက်ညှိုးနဲ့ထိုးပြပြီး ဟော . . . ဟော သူလာပြီ၊ သူလာပြီလို့ ညှိုးညှိုးငယ်ငယ်နဲ့ ပြောရော'

'ဖြူတ်တွေကို သူမြင်တယ်ထင်တယ်'

'ဘယ်က ဟုတ်ရမှာလဲ၊ သူကအဲ့ဒီလိုပြောတော့ ဘေးကလူတွေကလဲ သူကြည့်ရာကို လိုက်ကြည့်ယင် ဘာမှမမြင်တာနဲ့ သူ့ကိုမေးကြည့်ရတယ်။ ဒီတော့ သူက . . . မင်းညီမင်းသား အဝတ်အစားနဲ့ လူချောချောတစ်ယောက်ဟာ မြင်းဖြူကြီးစီးပြီး တံစက်မြိတ်အောက်မှာ လာရပ်ပြီး သူ့ကိုကြည့်နေတယ် . . . တဲ့၊ သူ့ရောဂါက အဲဒီက စတာဘဲ'

ဦးထွန်းတင် ပြောသမျှကို သန်းအောင်ထွေးက သေချာစွာ နားစိုက်ထောင်ရင်း ဝင်မေးလိုက်ပြန်လေ၏။

'အဲဒီ မြင်းဖြူကြီးနဲ့ လူက ဘာမှမပြောဘူးလား'

'ရောဂါဖြစ်စကတော့ ဘာမှမပြောဘူး၊ နောက် ရောဂါတော်တော်ကလေး ရင့်လာတော့ စကားပြောတယ်တဲ့'

'ဘာတွေပြောသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နှမတော်ကို မောင်တော်ဟာ ဘဝပေါင်းများစွာ စောင့်နေခဲ့ရတာ အခုမှဘဲ တွေ့ရတော့ထယ်တဲ့၊ နောက်ပြီး သူနဲ့လိုက်ခဲ့ဖို့ ခေါ်ရော၊ အဲဒီအခါမှာ တူတူးဟာ မလိုက်ဘူး၊ မလိုက်ချင်ဘူးနဲ့ အော်တာဘဲ၊ ခဏကြာတော့ မြင်းဖြူကြီးနဲ့ မင်းသားဟာ ပြန်ကွေ့ပြီး ကဆုန်ပေါက်ထွက်သွားရောတဲ့'

'ရန်ကုန်ရောက်တော့လဲ မြင်သေးတာဘဲလား'

'မြင်တယ်တဲ့၊ အခုသူ့အိပ်ခန်းက အောက်ထပ်မှာကိုး၊ သူ့အိပ်ယာပေါ်ကထိုင်ပြီး နေဝင်ချိန်ကို ပြတင်းပေါက်က မျှော်တာဘဲ၊ ပြတင်းပေါက်က သံပန်းတိုင်တွေရှိတော့ စိတ်ချရပါတယ်၊ ဒါပေမယ့် သူ့အမေက သူ့ကိုပေးမထားဘူး။ သူမြင်တာ၊ ကြားတာတွေကိုတော့ ပြန်စကားပြောချင် ပြောပေစေဆိုပြီး လွှတ်ပေးထားရတယ်'

'နေ့တိုင်းပဲလား'

'နေ့တိုင်းတော့ မဟုတ်ပါဘူး၊ တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ်လောက်တော့ လာတတ်တယ်လေ၊ ဆရာတွေလဲ စုံပါပြီ၊ ပယောဂဆရာတောင်ပါတယ်၊ မရပါဘူး၊ ခုတော့ ဘယ်ဆရာနဲ့မှ မကုတော့ဘူး'

'ဟုတ်ကဲ့'

'နောက်ဆုံးတော့ . . . ဦးလေးအကြံတစ်ခု ရလာတယ် . . .၊ အဲဒါမောင်ရင်က ဦးလေးရဲ့ အကြံအတိုင်းလိုက်နာဆောင်ရွက်ဖို့ ပါဘဲ၊





လိုက်နာဆောင်ရွက်ရင် ရောဂါပျောက်တာ မပျောက်တာ တော့ တုသိုလ်ပေါ့လေ . . . မောင်ရင့်ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ငွေတစ်ထောင်ပေးပါ့မယ်၊ ဦးလေးကတော့ အောင်မြင်မယ် ထင်တာဘဲ''

လိုရင်းကိစ္စသို့ ရောက်လာပြီဖြစ်သဖြင့် သန်းအောင်ထွေး၏ မျက်စိအစုံမှာ စိတ်ဝင်စားမှုဖြင့် ဝင်းလက်တောက်ပလာကြလေတော့သည်။

အစကတော့ ငွေတစ်ထောင်ကို စိတ်ပါဝင်စားခဲ့၏။ ယခုအခါ တွင်မူကား တူတူး(ခ)မြမြစန်း၏ ရောဂါဝေဒနာဆန်းနှင့်တကွ ဦးထွန်းတင်၏ အကြံဉာဏ်ထူးကိုပါ စိတ်ပါဝင်စားခြင်း ဖြစ်လာ၏။

ထိုမျှသာမကသေး၊ မိန်းမပျိုကလေးတစ်ဦး၏ ဘဝပျက်ပြားစေသော ရောဂါဝေဒနာ ခံစားရမှုကို သနားချင်လာသည်။ ထိုရောဂါပျောက်အောင် ပြုလုပ်စီမံနိုင်ရေးအတွက် စိတ်ရောကိုယ်ပါ ကူညီချင်လာခြင်းဖြစ်၏။

ထိုသို့ဖြစ်သည့်အတိုင်း မျက်လုံးကစိုက်ကြည့်ရှုနှင့် အားမရ သေးတလေးကိုပါ ရှေ့သို့ကိုင်း၍ ဦးခေါင်းကို ဦးထွန်းတင်နှင့် နီးနိုင်သမျှ နီးရလေအောင် လည်ကိုစင်းထားမိလေ၏။

အကယ်၍သာ ဦးထွန်းတင်သည် မိန်းမကြီးဖြစ်ခဲ့လျှင် သန်းအောင်ထွေးက ဖက်နမ်းရန် ကြံသည်မှတ်၍ နောက်သို့တွန့်

www.burmeseclassic.com



သွားမိမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်ယခုမှာ ဦးထွန်းတင်သည်ယောကျ်ားကြီးစစ်စစ်ဖြစ်သဖြင့် သန်းအောင်ထွေး၏ မျက်နှာနားသို့ပင် သူ့မျက်နှာကြီးကို တိုးလာသေးသည်။

'ဦးလေးရဲ့ စိတ်ကူးကို ပြောပါအုံး'

'မောင်သန်းအောင်ထွေးက မြင်းညိုကြီးစီးရမယ်၊ နောက်ပြီးနေဝင်ရီတရောအချိန်မှာ သူ့အိပ်ယာနားက ပြတင်းပေါက်မှာ လာရပ်ရမယ်လေ . . .'

သန်းအောင်ထွေးသည် ဦးထွန်းတင်၏ မျက်နှာကို ငေးစိုက်ကြည့်နေလျက်က အဖိုးကြီးကို မမြင်သလို ဖြစ်သွားသည်။ ဦးထွန်းတင်၏ စကားထဲတွင် သူ့အာရုံတို့သည် နစ်မျောသွားကြ၏။

'ဖြစ်ပါ့မလား ဦးလေးရဲ့၊ တော်တော်ကြာ သူ့မျက်စိထဲမှာ ပေါ်နေတဲ့ မြင်းဖြူကြီးနဲ့ လူကို ဝင်တိုက်မိတော့ ဘယ့်နှယ်လုပ် မလဲ'

'မတိုက်မိနိုင်ပါဘူးကွာ . . . မင်းကို သူကတကယ်မြင်နေရမှာ၊ ဒီတော့ မင်းရဲ့ ရုပ်ပုံက ပိုပြီးထင်ရှားမယ်လို့ ငါတော့ ထင်တယ်'

ဦးထွန်းတင်သည် စကားပြောရင်း ပို၍ရင်းနှီးလာပုံပြလာ၏။ သန်းအောင်ထွေးကား သူ၏အကြံဖြစ်နိုင် မဖြစ်နိုင်ကို မသေချာသေးချေ။ သို့သော် မသေချာရုံနှင့် မဖြစ်နိုင်ဟု ငြင်းပယ်စရာအကြောင်းမရှိ၊ စမ်းသပ်ကြည့်ရန်သာ ရှိပေသည်။





'ဆက်ပါအုံး၊ ဦးလေး . . . မြင်းကြီးနဲ့ ရပ်ပြီး ဘာလုပ်ပြရ မလဲ၊ မြင်းပေါ်မှာ ဂျွန်းထိုးပြဖို့ လိုမလား'

'ဟာ . . . ဒါတော့ မလိုပါဘူးကွာ၊ ဆပ်ကပ်ပြဖို့ ကြိုးစားနေကြတာ မဟုတ်ဘဲ၊ မင်းက မြင်းကြီးစီးပြီး သူ့ကိုဘဝဟောင်းက စကားတွေ ပြောပြရမှာပေါ့'

'ဟာ . . . ဒါဖြင့် ဒုက္ခဘဲ'

'ဘာဖြစ်လို့လဲကွ . . .'

'ဘဝဟောင်းက စကားတွေကို ကျွန်တော်မှ မမှတ်မိတော့ ဘာ၊ ဘာတွေ ပြောရမှာလဲ'

သန်းအောင်ထွေး၏ စကားကို ကြားရသောအခါ ဦးထွန်းတင်သည် စိတ်တိုင်းမကျသလို သူ့ပေါင်ကို သူတစ်ချက်ပုတ်လိုက်ပြီး'

'ဩော် . . . တကယ့် ဘဝဟောင်းက စကားတွေမဟုတ်ပါဘူးလေ . . . လုပ်ကြံပြောရမှာပေါ့၊ သူက ဇာတ်လမ်းကလေးဆင်လာပြီမဟုတ်လား . . .၊ ဒို့က သူ့ဇာတ်လမ်းကို မယုံကြည် သလို ငြင်းဆန်ယင် သူကမပြောရဲဘဲရှိမယ်၊ ရောဂါတော့ပျောက်မှာမဟုတ်ဘူး၊ ဒီတော့ သူ့ဇာတ်လမ်းကို လက်ခံပြီး ရောလိုမ့်ရမှာ ပေါ့'

သန်းအောင်ထွေးသည် သူ့မေးစေ့ကိုသူ လက်နှင့်မင်းကို မောင်တော်ဟာ ဘဝပေါင်းများစွာက ပစ်ပယ်ထားခဲ့တာ အခုဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ပစ်ထားခဲ့ရမှာဘဲလို့ ပြောရမလား'

'ဟာ . . . ဒီလို ပြောလို့ဘယ်ရမလဲကွ၊ မင်းက ဘဝဟောင်း ကတည်းက ရန်သူဖြစ်လာတဲ့ပုံမျိုး ဖြစ်ရမယ်'

'ဘယ်သူ့ရန်သူလဲ၊ မြမြစန်းရဲ့ ရန်သူလား'

'အို . . . တူတူးရဲ့ ရန်သူတော့ မဖြစ်ဘူးလေ၊ ဟို . . . မြင်း ဖြူရှင် မင်းသားရဲ့ ရန်သူမှော့၊ ကွာ . . . ရှင်းရှင်းပြောရယင် မင်းကလဲ တူတူးကို ကြိုက်တယ်'

'မကြိုက်ပါဘူး'

'အို . . . တကယ်ပြောတာ မဟုတ်ပါဘူးကွ၊ ဘဝဟောင်းမှာ တုန်းက မင်းကလဲ တူတူးကို ပိုးပမ်းတယ်၊ ဒါကြောင့်ဟိုလူနဲ့ အကြံ တူ ရန်သူဖြစ်လာခဲ့တယ်၊ ခုတော့ သူ့ကိုခြေရာခံမိပြီ၊ ဒါကြောင့် တူတူးကို ဟိုလူလာလာခေါ်တာ စေတနာကောင်း မဟုတ်ဘူး၊ ဒါကို ဝင်ပြီး တားမြစ်မယ်လို့ ပြော'

'ဟုတ်ကဲ့ . . . ဒီလိုပြောတော့ ဦးလေးရဲ့ သမီးကယုံကြည်ပြီး ရောဂါပျောက်ရော့လား'

'ဒါလောက်နဲ့ ရမယ်မထင်သေးဘူး၊ တစ်ခါနှစ်ခါလောက် ပြောပြီးယင် နောက်တစ်ခါကျတော့ မင်းက ခေါင်းပြတ်ကြီးကိုပြ'

'ဘာခေါင်းလဲ၊ ဝက်ခေါင်းကြီးလား၊ ဘာလုပ်ဖို့လဲ ကောင်မ လေးကို ခြောက်တာလား'

'မဟုတ်ပါဘူးလေကွာ၊ ဟိုလူရဲ့ ခေါင်းပြတ်ကြီးပေါ့၊ သစ် သား ခေါင်းပြတ်ရုပ်လုံးကြီးမှာ တကယ့်ဆံပင်တွေ ကပ်ပေးမယ် ကွာ၊ ဒါက ငါတာဝန်ထားပါ၊ အဲဒီခေါင်းပြတ်ကြီးကိုပြပြီး ဟိုလူသေပြီလို့ မင်းကပြောရမယ်'

သန်းအောင်ထွေးသည် မေးစေ့ကို ကွတ်လိုက်ပြန်၏။

'ဒီခေါင်းပြတ်ကြီးက သူ့စိတ်ကူးထဲက ရုပ်နဲ့တူပါ့မလား'

'ဘယ်တူနိုင်ပါ့မလဲကွ၊ မင်းက ဆံပင်ရှည်ကို လက်နဲ့ရစ်ပတ် ကိုင်ပြီး ခေါင်းကြီးကို မျက်နှာသေသေချာချာ မမြင်သာအောင် လှုပ် ခါပြပေါ့ကွာ၊ ပြီးတော့လဲ . . . နေဝင်ရီတရောကြီးဘဲဟာ၊ သူသေ သေချာချာ မမြင်နိုင်ပါဘူးလေ'

'ဒီလိုပြောတော့ သူကယုံပါ့မလား၊ ကျွန်တော်က ပြပြီးမှ နောက်တစ်ခါ သူကဟိုလူကို ထပ်မြင်ယင် သေရောပေါ့၊ လူတစ် ယောက်ထဲကို ခဏခဏ ခေါင်းဖြတ်နေရတယ်ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ်'

'ဒါကတော့ တစ်ခါနှစ်ခါလောက် မင်းကို ကိုယ်ထင်ပြပြီးယင် ဒါတို့က သူ့အကဲကို ခတ်မယ်၊ မင်းကိုလဲ ဒို့ကမမြင်ချင်ယောင် ဆောင်နေရမှာ၊ ဒီတော့ သူ့စကားတွေကို အကဲခတ်ပြီး မင်းကိုလဲ







www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံထဲက လူလို့ ထင်မှတ်ယုံကြည်လာမှ ပြုရမှာပေါ့၊ ဒါတွေ ငါစီစဉ်ပေးပါ့မယ်လေ . . . မင်းရဲ့တာဝန်က တစ်ပတ်ကိုတစ်ကြိမ် နှစ်ကြိမ် နေဝင်ရီတရောမှာ မြင်းညိုကြီးစီးပြီး လာလာရပ်ပြရမယ်၊ ငါသင်ပေးတာတွေ ပြောရမယ် . . . လုပ်ပြရမယ် . . . ဒါဘဲ၊ ဘယ့်နှယ်လဲ . . . သဘောတူနိုင်ပါ့မလား'

သန်းအောင်ထွေးသည် ကုလားထိုင်ကို နောက်မှီ၍ ပြန်ထိုင်လိုက်၏။ သူ၏ စိတ်ထဲတွင် ရောဂါသည်ကလေး မြမြစန်းကို သနားနေသည်၊ သူအင်တိုက် အားတိုက် ကူညီချင်နေ၏။

'သဘောတူနိုင်ပါတယ်လေ . . . ကျွန်တော်ဟာ မြမြစန်းကို မမြင်နိုင်ဘူးသေးပေမယ့် သူ့ရောဂါအကြောင်းကြားရတာ သနားလာတယ်၊ ဒီတော့ အခုလိုစမ်းသပ်ပြီး ရောဂါကုသကြည့်မဲ့ကိစ္စကို အစွမ်းကုန် ကူညီပါမယ်လေ'

ဦးထွန်းတင်၏ မျက်နှာမှာ အမှည့်လွန်သည့် သရက်သီးကြီး ပမာ ဝင်းဝါသွားလေ၏။ ဝမ်းသာ ကြည်နူးခြင်း၏ သင်္ကေတဖြစ်သော ပါးစပ်ပြုံခြင်းသည်လည်း သူ၏ မျက်နှာပေါ်တွင် ဝင့်ဝင့်ကြွားကြွား ပေါ်ထင်လာလေတော့သည်။

'ကျေးဇူးတင်လိုက်တာ မောင်ရင်ရာ၊ ငါက ယုံကြည်ရတဲ့ လူငယ် လူရွယ်ကိုမှ ဒီတာဝန်ပေးဝံ့တာ၊ ဒီရောဂါသည် မျိုးဆိုယင် ယောက်ျားလေးတွေက အထင်အမြင်သေးပြီး မတော်မတဲ့ ကြံစည်





မှာလဲ ကြောက်တာကိုး၊ ကဲ . . . စရံငွေအဖြစ် ငွေနှစ်ရာ ယူထားပါ'

ဦးထွန်းတင်သည် ငွေစက္ကူများကို ဆုပ်၍စားပွဲပေါ်သို့ တင်လိုက်လေသည်။

'အို . . . နေပါစေတော့ ခင်ဗျာ၊ ကျွန်တော်ငွေကို စိတ်မဝင်စားတော့ပါဘူး၊ စေတနာ့ဝန်ထမ်းဘဲ ကူညီပါရစေ'

'အို . . . မဟုတ်တာဘဲကွာ . . . ယူပါ၊ ငွေမယူယင် ဦးလေးက မခိုင်းဝံ့တော့ဘဲနေမှာ၊ ယူသာယူပါ၊ ငွေကို လက်ခံလို့လဲ မင်းရဲ့ စေတနာကို ငါက မပစ်ပယ်ပါဘူး၊ အလေးအမြတ် အသိအမှတ် ပြုမှာပါလေ . . .'

ဦးထွန်းတင်က စိတ်ရင်းအတိုင်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်တွင်မှသန်းအောင်ထွေးသည် ငွေကိုလက်ခံလိုက်ရတော့သည်။

သို့သော် သူ၏စေတနာကိုတော့ ရောင်းခြင်းမဟုတ်ပါ။

❒ ❒ ❒

*ဝမ်းသာ ကြည်နူးခြင်း၏ သင်္ကေတဖြစ်သော ပါးစပ်ပြုံခြင်းသည်လည်း သူ၏ မျက်နှာပေါ်တွင် ဝင့်ဝင့်ကြွားကြွား ပေါ်ထင်လာလေတော့သည်။*

www.burmeseclassic.com

www.burmeseclassic.com



(၃)

## မြင်းညိုရှင်လာချေပြီ

ဦးထွန်းတင်၏ ခြံဝင်းကြီးမှာ ကျယ်လှသည်။

ခြံဝနားရှိ တဲငယ်မှနေ၍ အိမ်ဆီသို့ပင် တော်တော်ကလေး လှမ်းသေး၏။ သစ်ပင်ကြီး သစ်ပင်ငယ်တို့ဖြင့်လည်း ပြည့်နှက်လျက် ရှိ၏။ အိမ်ဆီမှကြည့်လျှင် တဲငယ်ကို မမြင်နိုင်ချေ။

တဲငယ်တွင် အခင်းမရှိ မြေကြီးအတိုင်းသာ ဖြစ်လေသည်။ တဲငယ်၏ ရှေ့နားတွင် မြင်းညိုကြီးသည် မားမားမတ်မတ်ရပ်လျက် ရှိလေသည်။





တဲထဲတွင် လက်ဆွဲမှန်အိမ်တစ်လုံး ထွန်းထား၏။ ယင်းမှန်အိမ်၏ အလင်းရောင်ဝယ် လူသုံးဦးသည် အလုပ်ရှုပ်လျက် ရှိကြသည်။

သန်းအောင်ထွေးသည် တောင်ရှည်ပုဆိုးကြီးနှင့် ထိုင်မသိမ်း အင်္ကျီနှင့် ဖြစ်နေ၏။

မျက်နှာတွင်လည်း မိတ်ကပ်များနှင့် ဖြူဖွေးနေကာ နှုတ်ခမ်းမှာလည်း နှုတ်ခမ်းဆိုးဆေး၏ တန်ခိုးကြောင့် ရဲရဲတွတ်နေ၏။

ကိုသာဦးသည် နောက်သို့ တစ်လှမ်းဆုတ်ရင်း သန်းအောင်ထွေးကို ကြည့်ပြီး ကျေနပ်သကဲ့သို့ ပြုံးလိုက်ကာ . . .။

'ဒီလိုတော့ မင်းက တူသားဘဲ'

ဟုပြောလိုက်သည်။

'ဘာနဲ့တူတာလဲဗျ'

'မုန့်ဖက်ထုပ် ရောင်းတဲ့လူနဲ့လေ'

သန်းအောင်ထွေးက စိတ်ပျက်သွားသလို မဲ့ရွဲ့လိုက်လေရာ ဦးထွန်းတင်က ဟျာယီးဟျာယာ ဝင်ပြောလိုက်လေ၏။

'ဟာ . . . တူတူးရှေ့ကျယင် ဒီလိုမမဲ့နဲ့နော်၊ ကောင်မလေး လိပ်ပြာစင်သွားလိမ့်မယ်'

သန်းအောင်ထွေးသည် ပုဆိုးကြီးကို အောက်ပိုးကျိုက်လိုက် ရာ အောက်မှဖဲငွေချည်ကွပ် ဖဲဘောင်းဘီ ပေါ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . ခေါင်းပေါင်းဘဲ လိုတော့တာပေါ့'

ဦးထွန်းတင်က ပြောလိုက်သဖြင့် ကိုသာဦးသည် မလှမ်းမ ကမ်း ခွေးခြေ မြင့်မြင့်ကလေးပေါ်ရှိ အသင့်ပေါင်းပြီးသား ခေါင်း ပေါင်းကို လှမ်းယူလိုက်သည်။

ရှေးက မင်္ဂလာမင်းသားများမှာ ဦးပေါင်း(အုပ်ပေါင်း) ပေါင်း ကြ၏။

ယခု သန်းအောင်ထွေးကမူ . . . အသင့်ပေါင်းပြီးသား ခေါင်း ပေါင်းကိုပင် ပေါင်းရချေတော့မည်။ ဤခေါင်းပေါင်းပင်လျှင် ဦး ထွန်းတင်၏ ခေါင်းပေါင်းဖြစ်၏။

ပေါင်းနွမ်းရသည့်အထဲ မူလအရောင်က ဖက်ဖူးရောင်ဖြစ် သဖြင့် မွဲတေမှေးမှိန်လှတော့သည်။

ကိုသာဦးသည် မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ငြိမ်ငြိမ်ကလေး ရပ်တည်နေသော သန်းအောင်ထွေး၏ ဦးခေါင်း ပေါ်သို့ ခေါင်းပေါင်းကို စွပ်ချလိုက်ရာ ဦးထွန်းတင်၏ နှုတ်မှလွှတ်ကနဲ ထွက်သွား၏။

'ဟာ . . . ခေါင်းပေါင်းက နဲနဲကြီးနေသဟေ့'

နဲနဲကြီးသည်ဟု ဦးထွန်းတင်ပြောမည်ဆိုလည်း ပြောစရာ ဖြစ်သည်။ ခေါင်းပေါင်းကို စွပ်ချလိုက်သောအခါ ခေါင်းပေါင်း၏ ငယ်ထိပ်အတွင်းပိုင်းနှင့် သန်းအောင်ထွေး၏ ငယ်ထိပ်အပြင်ပိုင်းတို့





ထိတွေ့မိကြသောအချိန်တွင် ခေါင်းပေါင်း၏ နှုတ်ခမ်းသားများသည် နားရွက်ရင်း၊ နောက်စေ့အောက်၊ နောက်နားရွက်တစ်ဖက် အရင်း၊ မျက်ခုံးများအောက်စသည်ဖြင့် ပတ်ပတ်လည် ရောက်ရှိနေပေရာ၊ မျက်လုံးများ တစ်ခြမ်းစီကိုပင် အုပ်လျက်ရှိကြ၏။

ဦးထွန်းတင်က ကြီးသည်ဟု ပြောသံကြား၍ သန်းအောင် ထွေးသည် ဦးထွန်းတင် ဖက်သို့ မမြင်တစ်ဝက်၊ မြင်တစ်ဝက်နှင့် လှည့် ကြည့်လိုက်သည်။

ညာဖက်တွင် တည်ရှိသော ခေါင်းပေါင်းစကြီးသည်လည်း သူလှည့်ကြည့်သော အရှိန်နှင့်ပါလာကာ ရွရွ-ရွရွနှင့် မျက်နှာ၏ အရှေ့ဖက်နှာခေါင်း တည့်တည့်ဆီသို့ တလွှားလွှားရောက်ရှိလာ တော့သည်။

'ဒုက္ခပါဘဲ'

ကိုသာဦးဆီက အသံထွက်လာပြန်၍ သန်းအောင်ထွေးက ကိုသာဦး ဖက်သို့ချာကနဲလှည့်လိုက်ပြန်ရာ အဆမတန် ချောင်နေ သော ခေါင်းပေါင်းကြီးကြောင့် ခေါင်းပေါင်းစကြီးသည် လည်သွား ပြန်၍ နောက်စေ့ဖက် ရောက်နေပြန်လေ၏။

ကိုသာဦးသည် စိတ်ပျက်စွာနှင့် ဦးခေါင်းကို ခါရမ်းလိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင့်ဟာက ဆုံလည်ခေါင်းပေါင်းကြီး ဖြစ်နေတာကိုးကွ . . .

ခေါင်းပေါင်းကို အသာပြန်ချွတ်လိုက်ပြန်သည်။ ဤအချိန်တွ
သန်းအောင်ထွေးက သူ၏အမြင်ကိုပါ ပြောလိုက်၏။

'အရောင်ကလဲ မွဲလွန်းတယ်ထင်တယ်၊ ဒီလို နေဝင်ရီတရေ
အချိန်မှာ ဒီအစိမ်းရောင်ကလဲ လွင့်ပြယ်နေတော့ ပိတ်ဖြူခေါ
ပေါင်းနဲ့ တူနေတာပေါ့၊ တော်တော်ကြာ မြမြစန်းက ဘုရားကိုး
ဆရာက မင်းသားအကျီတွေ မှားဝတ်လာတယ် ထင်နေအုံးမယ်'

'ဒါက မခက်ပါဘူးလေ . . .'

ကိုသာဦးသည် ပြောပြောဆိုဆိုနှင့် မဲနယ်သွားယူ၍ ရေဖျော
ပြီးလျှင် ခေါင်းပေါင်းကို အစင်း အစင်းတွေ ခြယ်လိုက်၏။

'ဟုတ်ပြီဟေ့ . . . ဒါမှ အုပ်ပေါင်းစင်းနဲ့ မြင်းညိုရှင် ဖြစ်တော
မယ်၊ အလောင်းစည်သူမင်းကြီး ဝင်စားသလိုလို၊ ဘာလိုလိုပေါ့ ကွ
ဟား . . . ဟား'

ကိုသာဦးက သူ့ဖာသာသူ ကျေနပ်လျက်ရှိသည်။

ဦးထွန်းတင်ကမူ . . . ကိုသာဦးလုပ်နေသမျှကို အကဲခတ်ရင
ဘေးကနေ ကြည့်နေ၏။

ကိုသာဦးသည် တဲငယ်ကလေးအတွင်းက တွေ့မိတွေ့ရာ
အဝတ်စုတ်များကို သန်းအောင်ထွေး၏ ခေါင်းပေါ်၌ စု၍ပုံလိုက်သည်။
ထို့နောက် ခေါင်းပေါင်းကို စွပ်ချလိုက်၏။





ဒါပေမယ့် ခေါင်းပေါင်းအစွန်းနှုတ်ခမ်းနဲ့ ကျွန်တော့်မျက်နှာဟာ
တ်ပတ်လည် လက်နှစ်လုံးစာလောက် ကွာနေတယ်ဗျ'

သန်းအောင်ထွေးက မကျေမနပ်သံနှင့် ပြောလိုက်လေ၏။

'ကိစ္စမရှိပါဘူးကွာ . . . မြမြစန်းက မင့် နားလာပြီး အကွာ
ဝေး လာတိုင်းနေမှာမှ မဟုတ်ဘဲ၊ ခေါင်းပေါင်းစကြီး ပတ်ချာ
ည်မနေယင် ပြီးတာပေါ့ကွာ'

ဤနေရာတွင် ဘေးမှ အကဲခတ်နေသော ဦးထွန်းတင်က
၍ထောက်လိုက်၏။

'ဒါပေမယ့် . . . စိတ်ချရပါ့မလား ကိုသာဦးရဲ့၊ တော်တော်
တူတူး ရှေ့ရောက်မှ အကြောင်းတစ်ခုခုနဲ့ ခေါင်းပေါင်းကြီး
ချောင်ပြီး လည်နေအုံးမယ် . . .'

ကိုသာဦးသည် ခေါင်းပေါင်းကို ပြန်ချွတ်လိုက်ပြန်၏။ ထို့
ာက် ခေါင်းပေါင်းဝဲယာတစ်ဖက်တစ်ချက်တွင် သံချွန်ဖြင့်
ပေါက်တစ်ပေါက်စီ ဖောက်လိုက်ပြီးလျှင် သားရေကွင်းများဖြင့်
ဖန်ပြုလုပ်နေ၏။

ခဏကြာသော် ခေါင်းပေါင်းကို ပြန်စွပ်လိုက်၏။ ဤတစ်ချိ
င်ကား သားရေမေးသိုင်းကြိုးနှင့် ဖြစ်နေလေပြီ။

'တဲ . . . ဟန်ကျပြီ၊ အဝေးတဆိုယင် မေးသိုင်းကြိုးကို
င်နိုင်ပါဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဦးသည် သူ့အလုပ်ကိုသူ ကျေနပ်အတည်ပြုလိုက်၏။ သန်းအောင်ထွေးကတော့ ဟိုလှည့်ဒီလှည့် လုပ်ကြည့်နေ၏။ ခေါင်းပေါင်းစမှာ ချာလပတ်မလည်တော့ဘဲ အိန္ဒြေနှင့်ပင် လူလူ-လူလူ နှင့်ရှိ၏။

ဘေးက ကြည့်နေသော ဦးထွန်းတင်သည် ကျေနပ်သွား သည်။

'ကဲ . . . ကောင်းလှပြီ၊ ကျုပ် သွားတော့မယ်၊ ကိုသာဦးတို့က ဒီမှာနေရစ်ကြအုံး၊ တူတူးရဲ့အကဲကို သွားခတ်လိုက်မယ်၊ ဒီညနေ သူ့ညွှဲသည်ကို မမြင်ဘူးဆိုရင် ဆင်ဝင်အောက်ကထွက် ပြီး လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြလိုက်မယ်၊ လက်နှိပ်ဓာတ်မီးရောင် ဆိုရင်တော့ ခြုံတွေကြားက မြင်သာပါတယ်လေ၊ အဲဒီတော့ မောင်ရင်က မြင်းကြီးစီးပြီး လာခဲ့ပေတော့'

သန်းအောင်ထွေးက ဖြူဖွေးသော မျက်နှာကြီးနှင့် ခေါင်းကိုညိတ်ပြလိုက်လေသည်။

'လက်နှိပ်ဓာတ်မီးရောင် မမြင်ရင်တော့ မလာနဲ့တော့ ခုနှစ်နာရီထိုးပြီးရင် ပြန်တော့နော် . . . ဒို . . . အချိန်လွန်သွားယင်တော့ ကျုပ်ထွက်လာခဲ့ပါ့မယ်လေ'

သန်းအောင်ထွေးက ခေါင်းညိတ်ပြလိုက်ပြန်၏။ ဦးထွန်းတင်သည် ထွက်သွားပြီးမှ ချက်ချင်းပင် ပြန်ဝင်လာပြန်သဖြင့် ကိုသာဦးတို့နှစ်ယောက်မှာ သူ့ကိုကြည့်နေရပြန်၏။





'တူတူးရှေ့မှာ ကြာကြာရပ်မပြနဲ့အုံးနော် . . . ဒါပထမညဘဲ ရှိသေးတာ၊ ငါးမိနစ်လောက် ဆိုရင်တော်ပြီ၊ စကားတော့ မပြောနဲ့၊ ခေါင်းညိတ်ပြ၊ ပြုံးပြ၊ ဒါလောက်တော့ အဆင်သင့်သလို လုပ်ပေါ့'

ဦးထွန်းတင်သည် ပြောပြီး ထွက်သွားလေတော့သည်။

ဦးထွန်းတင် ထွက်သွားသောအခါ ကိုသာဦးက သန်းအောင်ထွေးအား မြင်း၏အထာကို ပြောပြလေ၏။

'ဟော့ . . . ဖိုးသံချောင်းရဲ့'

'သန်းအောင်ထွေးပါဗျ'

'အေးလေ . . . သန်းအောင်ချောင်းရဲ့ . . . ဟုတ်ပေါင် . . . ဖိုးသံထွေး . . .'

'သန်းအောင်ထွေးပါလေ'

'အေး . . . ထားလိုက်ပါတော့၊ ငါက မြင်းကိုစနစ်တကျသင်ထားတယ်၊ မင်း သေသေချာချာ မှတ်နော် . . . မြင်းဇက်ကို ဘယ်ဖက်က ဆွဲရင်ဘယ်ဖက်လှည့်တယ်၊ ညာဖက်ကဆွဲရင် ညာဘက်လှည့်တယ်၊ စုံဆွဲရင် ကဆုန်ပေါက်ပြေးတယ်၊ မှတ်မိလား'

သန်းထွေးသည် မျက်စိကြီးများ ပိတ်လျက် ပြန်ရွတ်ပြလိုက်လေ၏။

'ဇက်ကြိုးကို ဘယ်ဖက်က ဆွဲယင် ဘယ်ဘက်လှည့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညာဖက်က ဆွဲယင်ညာဘက်လှည့်တယ်၊ စုံဆွဲယင် ကဆုန်ပေါက် ပြေးတယ် . . .'

'ဟုတ်ပြီ . . . ဦးစွန်းဖုတ်ကို ဆွဲရင် ရပ်တယ်'

'ဟုတ်ကဲ့ . . . ထိပ်က ဦးစွန်းဖုတ်ကို ဆွဲရင်ရပ်တယ်'

'ဗိုက်နားကို ကုတ်ရင် ဟည်တယ်၊ နောက်ကျောဖက်က အမြီးရင်းနားကို ကုတ်ရင် ပတတ်ရပ်တယ်၊

သန်းအောင်ထွေးက တစ်ဖန်မြန်ရွတ်ပြ ပြန်လေ၏။

'ဗိုက်နားကို ကုတ်ရင် ယားတယ်'

'ဘယ်က ဟုတ်ရမှာလဲ၊ ဗိုက်နားကို ကုတ်ရင် ဟည်တယ်ကွ၊ ဟည်တယ်ဆိုတာ သိလား၊ မြင်းအော်ရယ်တာပေါ့ကွ'

'အဲဒါ ယားလို့ပေါ့'

'မဟုတ်ပါဘူးလေ၊ ကဲဆက်ပြောအုံး'

'ဟုတ်ကဲ့ . . .၊ အမြီးရင်းနားကို ကုတ်ရင် ပတတ်ရပ်တယ်'

'ဟုတ်ပြီ၊ နောက်ဆုံးတစ်ခု သေသေချာချာမှတ်၊ မင်းရဲ့ ပါး စပ်ကနေပြီး စုတ်သတ်ရင် မြင်းက ဖြည်းဖြည်းလျှောက်တယ် . . .'

"ကိုင်း . . . မှတ်မိပြီလား"

သန်းအောင်ထွေးက အားရပါးရ ခေါင်းညိတ်လိုက်၏။ ထို နောက် တဲအပြင်ဖက်တွင် သန်းအောင်ထွေးက မြင်းစီးလျက်ငှင်း၊





သာဦးက ဘေးနားတွင် ရပ်၍ငှင်း၊ အိမ်ကြီးဆီသို့ မျှော်ကြည့် နေကြ၏။

'ကဲ . . . သွားတော့၊ ဟိုမှာ အဖိုးကီးအချက်ပြနေပြီ'

သန်းအောင်ထွေးသည် စောစောက ညွှန်ပြထားသော ပြတင်း ပေါက်ဆီသို့ စုတ်တစ်သတ်သတ်နှင့် ရောက်လာလေ၏။ ပြတင်း ပေါက်နှင့် မလှမ်းမကမ်း ရောက်လာသောအခါ မြင်း၏ဦးဆံဖုတ်ကို သို မသာ ဆွဲလိုက်ရာ မြင်းသည် ခြေစုံရပ်လိုက်လေ၏။

ကိုသာဦးတား အလွန်တော်သော ထရိန်နာ ပင်တည်း။ မြင်းသည် သင်ကြားသမျှကို တိတိကျကျ လိုက်လုပ်နိုင်လေသည်။

သန်းအောင်ထွေးသည် အတွင်းဖက်သို့ လှမ်းကြည့်လိုက်၏။ ဆယ်နှစ်ဆယ်ခန့် မိန်းမပျိုကလေး တစ်ယောက်သည် ကုတင်ပေါ် ခြေချထိုင်၍ သူ့ကိုကြည့်နေသည်။ ပုံပန်း ဟန်မူလိုလို၊ လူမလို နှင့် နက်မှောင်သော ဆံပင်များမှာ ကပိုကရို့လေးနှင့် ဖွာရရာ နေသော်လည်း သူ၏အလှအပကို မဖျက်ဆီးနိုင်ချေ။

မြမြစန်း၏ အနားတွင် မိခင်ဒေါ်ခင်မေ ထိုင်နေ၏။ ဒေါ်ခင် မှာမူ မမြင်ချင်ယောင် ဆောင်နေသည်။

မြမြစန်း(ခ) တူတူးသည် သန်းအောင်ထွေးကို မြင်သောအခါ အားသင့်သလို ဖြစ်သွား၏။ သေသေချာချာလည်း စူးစိုက်ကြည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ . . . မေမေ'

'ဘာလဲ တူတူး'

'ဟိုမှာ . . . ဟိုမှာ'

'ဘာလဲ . . . သူ မဟုတ်ဘူး၊ နောက်တစ်ယောက်'

'ဟင် . . . ဘယ်လို ပုံပန်းနဲ့လဲ'

'သူက တကယ့်လူနဲ့ ပိုပြီးတူတယ်၊ မြင်းညိုကြီးစီးလို့ အုပ်ပေါင်းစင်းနှင့် မေမေရေ၊ ရုပ်ရည်က မောင်တော် မြင်းဖြူရှင် ထက်ပိုချောတယ်၊ အုပ်ပေါင်းကြီးချောင်သလိုလို ဖြစ်နေတာတစ်ခု ဘဲအပြစ် ရှိတယ်'

ဦးထွန်းတင်၏ အကြံကို ဒေါ်ခင်မေကလည်း သိပြီးဖြစ်သဖြင့် မျက်နှာတွင် ပြုံးရောင်သန်းလာသည်။ ဤအတိုင်းဆိုလျှင် သမီး ရောဂါပျောက်စရာအကြောင်း ရှိသောကြောင့်တည်း။

'သူကတော့ ဘာပြောသတုန်း လိုက်ခဲ့ရမယ်တဲ့လား'

'ဟင့်အင်း . . . စကားတစ်ခွန်းမှမပြောဘူး၊ သမီးကိုဘဲ စိုက်ကြည့်နေတာဘဲ၊ အိုတူတူးရှက်လာပြီ'

'မရှက်ပါနဲ့လေ၊ သူပြောစရာရှိလို့ ဖြစ်မှာပေါ့၊ စောင့်ကြည့် ပါအုံး သမီးရယ် . . .'

မြမြစန်းလည်း သန်းအောင်ထွေးကို စိုက်ကြည့်နေ၏။





သန်းအောင်ထွေးက ပြုံးပြလိုက်ရာ မြမြစန်းသည် မျက်နှာကလေး ရဲကနဲဖြစ်သွားကာ ခေါင်းကိုငုံ့လိုက်မိ၏။

ထိုခဏ၌ ဆင်ဝင်အကွယ်အနားက ဦးထွန်းတင်က 'ရှူး၊ရှူး' နှင့် အချက်ပေးလိုက်၍ သန်းအောင်ထွေးက အသာငဲ့ကြည့် လိုက်၏။ ဦးထွန်းတင်က 'သွားတော့တော်လောက်ပြီ'ဟု လက်ဟန် ခြေဟန်နှင့် အချက်ပြလိုက်လေသည်။

*မြမြစန်း၌မျှလှလာလိမ့်မည်ဟု သူမမျှော်လင့်ခဲ့။ ယခုတော့ မြမြစန်း၏ အလှအပကို သူအံ့သြရတော့သည်။ ပြန်ရတော့မည် ဖြစ်၍ တစ်ချက်ပြန်ကြည့်လိုက်၏။*

ခေါင်းငုံ့ရာမှ မော့လိုက်သော မြမြစန်းသည် သူ့ကိုငေးကြည့် နေသည်။

သန်းအောင်ထွေးသည် ဇက်ကြိုးကို ဘယ်ဖက်က ဆွဲလိုက်ရာ မြင်းသည် ဘယ်ဖက်သို့လှည့်၏။ သို့သော် သူကဇက်ကြိုးကို ပြန်မလျှော့သဖြင့် မြင်းကြီးသည်လက်ဝဲရစ် တစ်ပတ်လည်လာသည်။ ဤတွင်မှ သတိရ၍ညာဖက်က ဆွဲလိုက်ပြန်၏။ တစ်ဖန်မြင်းကြီး သည်လက်ျာရစ်တစ်ပတ် လှည့်ပြန်လေ၏။

သန်းအောင်ထွေးမှာ မြင်းကြီးကိုစီးရင်း ချာလပတ်လည်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းနေ၍တော့ မဖြစ်၊ တစ်ဝဲဝဲ တစ်လည်လည်ဖြစ်နေလျှင် မြမြစန်းရှေ့တွင် ပုံပျက်ရတော့မည်။ ထို့ကြောင့် ခပ်ပျာပျာနှင့်ပင် ဇက်ကြိုးကို စုံဆွဲလိုက်မိလေတော့ရာ မြင်းသည် လာလမ်းအတိုင်း ကဆုန်ပေါက်၍ ပြေးလေ၏။

ကဆုန်ပေါက်ပြေးခြင်းကား မြမြစန်း၏ မျက်မှောက်ရှခင်းမှ ကွယ်ပျောက်ရန်အတွက် သဘာဝကျလှသည်။

သို့သော်မြင်းပေါ်က သန်းအောင်ထွေးအတွက်ကား မသက်မသာဖြစ်လှချေ၏။ လိမ့်ကျမည်စိုး၍ ဒူးကြီးနှစ်ဖက်နှင့် မြင်း၏ နံဘေးနှစ်ဖက်ကို ဖျစ်ညှစ်ဖိကပ်ထား၏။ ကြောက်ကြောက်နှင့် မြင်းဇက်ကို တစ်ဆွဲတည်းဆွဲနေရာမှ မြင်းမှာ အရှိန်မသတ်ဘဲ ပြေးလေ၏။

ခြံပေါက်ဝတွင် မရပ်ဘဲ ခြံရှေ့က ကတ္တရာစေးလမ်းပေါ် ရောက်၏။ ထိုလမ်းအတိုင်း စွတ်ပြေးလေရာ ကန်တော်ကြီးဘေးက လမ်းကို ဦးတိုက်ရောက်သွား၏။ တစ်ဖန်ထိုလမ်းအတိုင်း ချိုး၍ ဗိုလ်ချုပ်ပန်းခြံဘက်ဆီသို့ စွတ်ပြေးလေသည်။

ပြေးသည့်မြင်းကို အပြစ်မတင်သာပါ။ ဇက်ကြိုးကလည်း စုံဆွဲထားခြင်း ခံရသည်မဟုတ်ပါလော။

မြင်းသည်ရှေ့ကပြေးနေသော သုံးဘီးကားနောက်သို့ စွတ်





၍လိုက်၏။ မြင်းပြေးနှုန်းမှာ သုံးဘီးကားလေးထက် မြန်သည် ဖြစ်သောကြောင့် မြင်း၏ဦးခေါင်းကြီးသည် တစ်မိနစ်ထက် တစ်မိနစ် သုံးဘီးကား၏ နောက်ပိုင်းနှင့် နီးနီးလာလေတော့သည်။

မြင်းကား ကဆုန်ပေါက်ဆဲပင် ဖြစ်၏။

မြင်းပေါ်က သန်းအောင်ထွေးမှာလည်း ချွေးများ ပြန်၍ဇက်ကို စုံဆွဲထားဆဲဖြစ်၏။

သုံးဘီးကားထဲသို့ ကြည့်ပါစို့။

မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားလေး တစ်ယောက်ပါ၏။ မိန်းကလေးတစ်ယောက်မှာ ဆယ့်ခုနှစ်နှစ်ရှိပြီး တစ်ယောက်မှာ ဆယ့်ရှစ်နှစ်ခန့်ရှိ၏။ သူငယ်ချင်းနှင့်တူသည်။ ယောကျ်ားကလေးကား မိန်းကလေးတစ်ယောက်ယောက်၏ မောင်(သို့မဟုတ်) အကိုဖြစ်ဟန်တူလေသည်။

မိန်းကလေးနှစ်ယောက်မှာ နီးနီးလာသော မြင်း၏ဦးခေါင်းကြီးကို ကြည့်၍ လန့်လန့်လာကြလေ၏။ လန့်လည်းလန့်စရာပင် မြင်း၏ ဦးခေါင်းကြီးသည် တိုး၍တိုး၍ နီးကပ်လာလေ၏။

'အောင်မယ်လေးရှင့် . . . လုပ်ကြပါအုံး'

ကောင်မလေးများက အော်ဟစ်လိုက်ကြ၏။

သူတို့၏ အော်သံကြောင့် သုံးဘီးဆရာကလည်း ဘိနိတ်ဖမ်း၍



www.burmeseclassic.com

www.burmeseclassic.com



အုပ်၏။ သန်းအောင်ထွေးသည် မြင်း၏ ဦးဆံဖုတ်ကိုလှမ်းဆွဲလိုက်၏။

ကားကအရင်ရပ်သည်။ မြင်းက အနည်းငယ်နောက်ကျ၍ရပ်သည်။ ထို့ကြောင့်မြင်းဦးခေါင်းကြီးမှာ ကားထဲတိုးဝင်သွား၍ မိန်းကလေးနှစ်ယောက်မှာ မြင်း၏ပါးတစ်ဖက်တစ်ချက်စီကို နမ်းမိလျက်သားဖြစ်သွားသည်။

သန်းအောင်ထွေးသည်လည်း အခြေအနေကို အမြန်ဆုံးထိန်းနိုင်ရန်မြင်းကို နောက်ဆုတ်ရန်ကြံ၏။ နောက်ဆုတ်ရန် လက္ခဏာကို သူ၏ဦးခေါင်းထဲတွင် ရှာ၍မရ။ အခြေအနေကလည်း လျင်မြန်မှု ကိုတောင့်တနေသည်ဖြစ်သောကြောင့် ကပျာကယာပင် မြင်း၏ ဗိုက်နားကိုကုတ်လိုက်မိရာ မြင်းကြီးက အားရပါးရ ဟည်လိုက်လေတော့သည်။

'အို . . . အမေ့'

'အမယ်လေးတော့ . . .'

'အောင်မယ်လေးဗျ'

သုံးဘီးကားထဲမှ သံစုံတေးများပေါ်ထွက်လာလေသည်။

သုံးဘီးကားဆရာလည်း ဆောင့်ကြီးအောင့်ကြီးနှင့် ဆင်းလာလေ၏။





'ဟော့ လှူပြန်ဆုတ်လေ'

သုံးဘီးကား ဆရာက သန်းအောင်ထွေးကို မော့ကြည့်၍ဟောက်လိုက်၏။ သန်းအောင်ထွေးခမျာမှာကတော့ မျက်စိကလေးပေကလပ် ပေကလပ်နှင့် လုပ်ရင်း . . .

'ဆုတ်လို့ မရဘူးခင်ဗျ'

'ဘာဗျ . . . နောက်ဆုတ်လို့မရတဲ့ မြင်းမျိုးလည်း မတွေ့ဘူးပါဘူး'

'ကျွန်တော်မဆုတ်တတ်ဘူးလေ'

'ခင်ဗျား မဆုတ်ချင်နေပါ . . . မြင်းကိုဆုတ်လိုက်ရင် ပြီးတာပဲ'

သုံးဘီးဆရာသည် စိတ်မြန်လက်မြန်နှင့် မြင်းကြီးရှေ့နားမှ အတင်းတွန်းလိုက်မှ မြင်းကြီးသည် နောက်သို့ သုံးလေးလှမ်းဆုတ်သွားလေတော့သည်။

သုံးဘီးကားပေါ်မှ ခရီးသည်သုံးယောက် ဆင်းလာကြသော အချိန်တွင် လမ်းသွားလမ်းလာ တော်တော်များများသည် ဝိုင်းအုံလာကြည့်နေကြပြီဖြစ်လေသည်။

လူအုပ်ကလေး ဝိုင်းလျက်ရှိသော ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီးသန်းအောင်ထွေးကား မင်းညီမင်းသား ပုံသဏ္ဍာန်ဖြင့် မြင်းပေါ်တွင် ငေါက်တက်တက်ကြီး ထိုင်လျက်ပင် ရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးဘီးဆရာသည် သန်းအောင်ထွေး၏ လုပ်ပုံကို လုံးဝနား မလည်သည့်အသွင်ဖြင့် မကျေမချမ်း မော်ကြည့်လိုက်လေသည်။ သို့သော် . . . သူက ဘာတစ်ခွန်းမှ မပြောရသေးမီပင် လူအုပ်ထဲမှ လူကြီး တစ်ယောက်က လူအုပ်ကို တိုးဝှေ့ရင်း အော်မေးလိုက်၏။

'ဒါကဘာရောင်းတာလဲဟင် . . .'

သန်းအောင်ထွေးကား တော်တော်ပင် စိတ်ပျက်သွားသည့် ဟန်နှင့် မေးလာသူကို မဲ့တဲ့တဲ့ကြီး ရှုံ့ပြလိုက်ရာ သုံးဘီးကားတစ်စီး မိန်းကလေးနှစ်ယောက်သည် မအောင့်နိုင်ဘဲ ခစ်ကနဲရယ်လိုက်မိကြ၏။

'ဘာလဲဗျ . . . ညကြီးမင်းကြီး ရှင်လောင်းကို နတ်ပြတာလား'

သုံးဘီးကား ဆရာက အခုမှအသံထွက်လာသည်။

'နတ်ပြတာ မဟုတ်ဘူးဗျို့ မိန်းမပြတာ၊ မိန်းကလေး တစ်ယောက်ကို ပြတာ . . .'

သန်းအောင်ထွေးက စိတ်ပျက်ပျက်နှင့် ငေါ့ပြောလိုက်၏။

ထိုခဏ၌ မော်တော်ကား တစ်စင်းထိုးဆိုက်လာကာ . . . ကားပေါ်မှ ကိုသာဦးနှင့် ဦးထွန်းတင်တို့ ဆင်းလာကြလေ၏။

'တော်ပါသေးရဲ့ကွာ . . . ဒို့ကတော့ မင်းနဲ့မြင်းနဲ့ ရေထဲဘဲ ထိုးဆင်းသွားသလားလို့ စိတ်ပူလိုက်ရတာ'





ပြောပြောဆိုဆိုနှင့် ကိုသာဦးသည် မြင်း၏ဇက်ကို လာကိုင်လိုက်လေသည်။ စောစောက လူသည်မကျေနပ်သေးသဖြင့် . . .။

'ဒါက . . . ဘာရောင်းတာလဲဗျ'ဟု လက်မလျှော့နိုင်ဘဲ ထပ်၍ မေး၏။ ဒါကို ကိုသာဦးက လှည့်မကြည့်ဘဲ ကြဲဖန်ရှင်းပြလိုက် သည်။

'ဘာမှ ရောင်းတာမဟုတ်ပါဘူးဗျာ သကြံန်အတွက် ဇာတ် တိုက်ရင်းက မြင်းလွတ်သွားလို့ပါ'

စောစောက လူသည်လျှာရှည်လှသည်။

'မြင်းလဲ မျက်နှာချေ ရိုက်ပြီး ခေါင်းဖေါင်း ပေါင်းသလား ဗျ'

'ဟာ . . . လွတ်တာက ဟောဒီမြင်းဗျ၊ သူကမြင်းမှ မဟုတ်ဘဲ မြင်းပြေးရာ ပါလာရတဲ့လူ မြင်းက ခေါင်းပေါင်းပေါင်းပါ့မလားဗျ၊ ရှေ့တည့်တည့်မှာ ဘီးတဲလ်စ် ဆံပင်ပါပြီးသားဘဲဟာ'

ကိုသာဦး၏ စကားကိုကြားရသောအခါ အချို့လူများက ဝိုင်း ရယ်ကြသည်။

အပြန်တွင် သန်းအောင်ထွေးသည် ဦးထွန်းတင်၏ ကားနှင့် လိုက်၍ ကိုသာဦးကသာ သူ့မြင်းသူ စီးလာခဲ့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

(၄)



## တွေ့ဆုံပေါ်မှုဖြင့်

နောက်တစ်ရက်ခြားသည် သန်းအောင်ထွေး၏ မြင်းပေါ်ထိုင်ပြရမည့် ဒုတိယနေ့ ဖြစ်လေတော့သည်။

ခြံရှေ့က တဲကလေးထဲတွင် ဦးထွန်းတင်က ပထမအကြိမ်၏ တုံ့ပြန်မှုကို ပြန်လည်ပြောပြနေ၏။

'တူတူးက မရိပ်မိဘူးကွ'

ဤတွင် ..'. သန်းအောင်ထွေးက ဝင်ထောက်လိုက်သည်။

'နေပါအုံး ဦးလေးရဲ့ အခုကျွန်တော်တို့ဟာ ဦးလေးသမီးရဲ့





ရောဂါအကြောင်းကိုသာ ပြောသင့်တယ်ထင်တယ်'

'အေးလေ ... ငါကလဲ ဒါကိုဘဲပြောနေတာဘဲ မင်းက ဘာပြောနေတယ် မှတ်လို့လဲကွ ...'

'ဂျိုင်းမွှေးတွေ မျက်ခုန်းမွှေးတွေနဲ့ မဆိုင်သင့်ဘူး ... ထင်ပါတယ်ခင်ဗျာ'

'ဟာ ... ဝှကျလိုက်တာ၊ တူတူး မရိပ်မိဘူးဆိုတာက ဒို့အခု သုပ်တာကို မရိပ်မိဘူးလို့ ပြောတာကွ၊ မင်းကိုတကယ့်လူမှန်းမသိဘူး၊ မခင်မေကလဲ မမြင်ချင်ယောင် ဆောင်နေတာကိုး မင်းထွက်သွားတော့'

သန်းအောင်ထွေးက ... ဝင်၍ ထောက်ပေးပြန်သည်။

'မြင်း ထွက်သွားတော့ ... လို့ဆိုပါတော့ ခင်ဗျား'

'အေး ... *မြင်းထွက်သွားလို့ မင်း ပါသွားပြီးတော့ သူက* သူမြင်ရတာတွေကို *ပြန်ပြောပြတယ်လေ မင်းသားလေးတစ်ပါး* သစ်တွေ့တယ်တဲ့၊ ***ဒီမင်းသားသစ်ကလေးဟာ သူမြင်နေကျ*** ***မင်းဖြူရှင်မင်းသားထက် လှတယ်ဆိုဘဲ***'

သန်းအောင်ထွေး၏ မျက်နှာသည် ကြည်လင်သွား၏။ ထွန်းတင်က သူ့မျက်နှာကို စိုက်ကြည့်ရင်း ဆက်ပြော၏။

'ဟော့ ... စိတ်ရောဂါသည်ဆိုတာ ထင်ရာတွေပြောတာပေါ့၊ ဘာဝင်လဲ မြင့်မသွားနဲ့အုံး၊ အဲ ... မင်းသားသစ်ကို မြင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အာရုံဟာ ပိုပြီးထင်ရှားလို့ တကယ်ဘဲလားတောင် မှတ်ရတယ်တဲ့။ ဘယ်တော့လာအုံးမလဲ မသိဘူးဆိုပြီး မနေ့ကတောင် မျှော်နေသေး တယ်။ သူ့ဒါကိုပိုပြီး စိတ်ဝင်စားပုံရတယ်'

'ဘယ်ဟာကိုလဲ၊ မျှော်နေရတာကိုလား'

'မဟုတ်ပါဘူး၊ မင်းကို၊ အဲလေ . . . နောက်ထပ်တွေ့ရတဲ့ အာရုံအသစ်ကို ပိုပြီး စိတ်ဝင်စားနေပုံရတယ်။ ဒါကြောင့် ငါကဒီနေ့ မင့်ကို ထပ်ချိန်းတာ၊ ကဲ . . . ငါသွားမယ်၊ အချက်ပြမီးကို စောင့်နေ'

သန်းအောင်ထွေးသည် မြင်းကြီးကို စီး၍ စောင့်နေ၏။ ကိုသာ ဦးမှာ ဘေးမှရပ်နေသည်။

ပထမနေ့က ကဲ့သို့ပင် အချက်ပြမီးပေါ်လာပြီးသောအခါ သန်းအောင်ထွေးသည် မြင်းကြီးစီးရင်း စုတ်သတ်၍ ပြတင်းပေါက် နားသို့ ချဉ်းကပ်လာလေတော့၏။

ပြတင်းပေါက်၏ အတွင်းဖက် ကုတင်ပေါ်တွင် မြမြစန်းနှင့် ဒေါ်ခင်မေတို့သည် ခြေတွဲလောင်းချ၍ ထိုင်နေ၏။ မြမြစန်းသည် ပြတင်းပေါက်အပြင်ဖက်သို့ ငေးကြည့်နေ၏။ ဒေါ်ခင်မေသည် ဆေး ပြင်းလိပ်ကလေးကို သောက်နေသည်။

'ဟော . . . သူလာပြီ၊ သူလာပြီ . . .'

မြမြစန်း၏ မျက်နှာမှာ ရွှတ်ချည်းကြည်လင်လာ၏။ တော် တော့်ကို စိတ်ဝင်စားပုံပြသည်။ သူ့အမူအရာမှာ ကြောက်လန့်သည်





ထက် စိတ်ဝင်စားမှုဟန်က ပိုမိုပေါ်လွင်သည်။

'လာပြီလား . . . သမီး . . .၊ ဟိုညက မြင်းညိုရှင် ဟုတ်ကဲ့ လား . . .'

'အို . . . အစစ်ပေါ့ မေမေရဲ့ . . . အုပ်ပေါင်းစင်းနဲ့ မြင်းညိုရှင် အစစ်ပါ။ ခန့်ညားပြီး ကျက်သရေရှိလိုက်တာ မေမေရယ် . . .၊ ဒီခေါင်းပေါင်းကြီးက ဖျက်နေတာတစ်ခုဘဲ'

သန်းအောင်ထွေးသည် မြင်းကို ဦးဆံဖုတ်ဆွဲ၍ ရပ်မိပြီးသော အချိန်တွင်ကား . . . မြမြစန်းသည် ထိုင်ရာမှထလာ၍ ပြတင်းပေါက် သံပန်းများသို့ပင် မျက်နှာတိုကပ်ကြည့်မိသည်။ ဒီထက်တော့ သူ့ရှေ့ တိုး၍ မရနိုင်ပါချေ။

'မြင်းညိုရှင် . . . မြင်းညိုရှင်'

'ခင်ဗျာ'

'ဟင် . . . ခင်ဗျာ ဆိုပါလား'

သန်းအောင်ထွေးသည် ထိတ်ကနဲ ဖြစ်သွား၏။ မြမြစန်း၏ စကားကြောင့် ရှေး မင်းညီမင်းသားများသည် 'ခင်ဗျာ'ဟု ထူးမထူး သုံးသယဝင်လာလေတော့သည်။

'အဲ . . . အဲ နှမတော်'

'နှမတော်က. စောကလျာနွယ်မိနှောင်းလေ'

'ဟုတ်တာပေါ့၊ အဲ . . . ဟုတ်တာပ၊ မောင်တော့်ကို မမှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား . . . နှမတော်'

မြမြစန်းက မမျှော်လင့်ဘဲ စကားထပြောသဖြင့် သန်းအောင်ထွေးကလည်း အဆင်ပြေအောင် လိုမ့်နေရသည်။ ဦးထွန်းတင်နှင့် ဘာဇာတ်လမ်းမှ တိုက်ထားခြင်းမရှိသေးသဖြင့် ချွေးပြန်ချင်သလိုလို ရှိတော့၏။

'မမှတ်မိဘူး . . . မောင်တော်ရယ်၊ မောင်တော်က ဘယ်သူပါလဲ'

သန်းအောင်ထွေး ချောင်ပိတ်မိသလို ဖြစ်သွားရသည်။ အရင်ဘဝက သူ့နာမည် ဘာမှန်းကို သူမသိချေ။ စဉ်းစားလည်း မထားမိ။ ဒါရိုက်တာကြီး ဦးထွန်းတင်ကလည်း ဆင်ဝင်အောက်နားဆီမှာ ရှိသဖြင့် တော်တော်ဝေးနေ၏။

ကြံသည်၊ ဦးနှောက်တွေ ရှာလပတ်ရည် ဖြစ်အောင် ကြံသည်။ ဘာအဖြေမှ ထွက်မလာ။

'မောင်တော့် နာမည်က ဘယ်လိုအခေါ် အဝေါ်ရှိပါသလဲ . . .'

မြမြစန်းက ထပ်မေးပြန်၏။

လုပ်ပါဟာ . . . လုပ်ပါဟာ . . . ကြံသည်။ ဝစ်ယောက်ထဲ သဲသဲမဲမဲ ကြံနေရသည်။ ရာဇဝင်ထဲက နာမည်တွေ ရှောက်စဉ်းစား၏။ ဘယ်လိုမှ ပြန်ဖြေ၍ ယုံနိုင်စရာ မကောင်းပေသော ဘိုးတော်ဘုရားနှင့် ရာဇဓိရာဇ်ဟူသော အမည်များကိုသာ စဉ်းစားမိနေတော့





သည်။

'မောင်တော် . . . မဖြေချင်ဘူးလား'

'ဟာ . . . အိမ်း . . . ဖြေချင်ပါသော်ကော နှမတော်၊ မောင်တော်သည် ဘွဲ့မည်စုံလှသူဖြစ်လို့ နှမတော် မှတ်မိမည့် နာမည်ကို ပြန်လည်စဉ်းစားနေရခြင်းသာ ဖြစ်တယ် နှမတော်'

'အမိန့်သာရှိပါ . . . နှမတော် သိပါလိမ့်မည်'

'ဟဲ့ . . . အဲ . . . အိမ်း . . . ဟုတ်ပြ၊ သင့်နိုးရာ ဖြေရတော့မှာပေါ့မှာပလေ . . . ဘိုးတော်မိရာဇ်၊ အဲ . . . အိမ်း . . .'

'ဒီဘွဲ့မည်ကို နှမတော် မကြားဘူးပါဘူးလေ'

'ရွတ်တော်မူပါ'

'နှသတ္တိ၊ ကောလိယ၊ နာဂဆာဒ္ဒန်၊ ယမုန္နာ'

မြမြစန်းသည် တွေသွား၏။ ပြီးသော် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

'တစ်ခုမှ မမှတ်မိပါ မောင်တော်'

'မမှတ်မိချင်း ရွတ်ပါ့မယ်လေ . . . သံစိန်တိမ်စင်၊ ဟေမာ ဝတ၊ ရောဂဏ်၊ အာဒ္ဒာဝက၊ ကစ္စပီ၊ လိစ္ဆဝီ'

'သညာနံ့၍ မမှတ်မိပါ မောင်တော်'

'ကိစ္စမရှိဘူး နှမတော်၊ မောင်တော် လက်မလျှော့သေးပါဘူး။ ထပ်၍ ရွတ်ဦးတော့မယ်၊ နန္ဒမူ၊ ဝေဘူလ၊ အနန္တပစ္စည်း ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း၊ ဝေဒယော်ခါ၊ နန္ဒမိတ်လှ၊ ကြက်သွန်မြိတ်လှ၊ စောမွန်လှ၊ ပါရဂူ၊ ဦးသော်ရင်၊ ဝေဠုဝဏ္ဏ'

**"မောင်တော် လက်လျှော့ လိုက်ပါတော့လေ နှမတော် မမှတ်မိပါ၊ မောင်တော်နဲ့နှမတော် အဆက်ဟောင်းအဆုံ ဟောင်းဟုတ်မည်မထင်ပါ"**

'ဟုတ်လိုက်တာ သော်ကော နှမတော်ရယ် . . . ရွှေနားနှစ်ဆူ ချိုတော်မူပါအုံးလေ . . . သာကီဆွေ၊ မဟာရွှေ၊ မင်းဆွေ၊ သော်တာဆွေ၊ ရဲထွတ်၊ ရဲဒိဗ္ဗ၊ ဒိဗ္ဗစက္ခု၊ ပါလပျံ့ချီ'

'ဩော် . . . ရေးတေးတေးဖြစ်လာပြီမောင်တော်၊ မောင်တော်ဟာ ပါလပျံ့ချီကိုး'

*ပြုံးချိုချိုကလေးနှင့် မြမြစန်း၏ မျက်နှာမှာ ခြံတွင်းမှ မီးရောင် မှိန်မှိန်ဖြင့် မြင်ရသော်လည်း လှပလွန်းနေသည်။*

'ဟုတ်တာပေါ့ . . . ပါလပျံ့ချီပေဘဲ'

'ဒါဖြင့်ယင် ဝေဒိဗ္ဗကို မောင်တော် ကောင်းကောင်းမှတ်မိအုံးမှာပေါ့'

ရော . . . ဟန်ကျပြီ၊ မြမြစန်း၏ မြင်းဖြူရှင် နာမည်ကို အမှတ်မထင် သိရပေပြီ။ သူမပြောလျှင် တော်တော် ာစ်အောက် ယူရဦးမည်။ ယခုတော့ လွတ်ကနဲ ပြောလိုက်၍ ဟန်ကျပေပြီ။

'မှတ်မိပြီလား နှမတော်၊ နှမတော် ဘဝခြားတာတောင်





မှတ်မိသေးက၊ မောင်တော်က ဘဝမှ မခြားတာ သူ့ကိုမောင်တော် မကျေဘူးလေ၊ နှမတော်ရဲ့ မေတ္တာပန်းကို ယှဉ်ပြိုင်ဆွတ်ရာမှာ သူက မတရားနည်းနဲ့ ရယူတာမို့ မကျေနိုင်ဘူးလေ၊ ဟယ် . . . ဝေဒိဗ္ဗ သင်၏ အသက်ကို ဖက်နဲ့ထုပ်ထားလော့'

မြမြစန်း၏ မျက်နှာမှာ အံ့ဩသည့်အသွင် ဖြစ်သွား၏။

'မောင်တော် ငရဲကြီးပါ့မယ်လေ၊ ဝေဒိဗ္ဗအမတ်ကြီးဟာ မောင်တော်ရဲ့ ဘထွေးတော်လေ'

နဖူးမှချွေးသည် ခုန်၍ ပျံထွက်သွားသလားဟု ထင်မှတ်ရလေသည်၊ ခြေလှမ်းတော့ မှားလေပြီ။

'အို . . . ဘထွေးတော်ကို ကြိမ်းတာ မဟုတ်ပါဘူး၊ ဟို မြင်းဖြူကြီးနဲ့လေ'

'အော် . . . မောင်တော်သိလဝါလား'

'အင်း . . . ဟုတ်တာပေါ့၊ သူ့နှမတော်ကို လာလာ နှောင့် ယှက်နေသေးသလား'

'လာတယ်၊ မောင်တော် ပါလပျံ့ချီရဲ့၊ နှမတော် မလိုက်လိုတာကို အတင်းခေါ်နေတယ်'

မြမြစန်း၏ စကားကို ကြားသောအခါ သန်းအောင်ထွေးသည် တက်သီးလက်မောင်းတန်း၍ ကြုံးဝါးလိုက်လေသည်။

'ဟယ် . . . ဝိတိုရိယ၊ ထမင်းဝအောင် စားထားလော့



www.burmeseclassic.com

www.burmeseclassic.com



'သီလဝါပါ မောင်တော်'

မီးပြတိုက်ကို စိတ်စွဲသဖြင့် လွဲရမြန်ချေပြီ။ သို့သော် . . . သူ
အောင်ထွေး မလျှော့နိုင်ပါ။

'မှန်ပေတယ် နှမတော်၊ ဒါပေမယ့် မောင်တော်က သူ
မိန်းမဆန်ပုံကြောင့် ကုလားဖြူ မိန်းမနာမည် ပေးထားတာပါ။ ဒ
ခေါင်းကို ရအောင်ဖြတ်ခဲ့မယ် နှမတော်'

ပါးစပ်ကသာ ဖြေရသည်။ သိပ်တော့မသက်သာလှ။ အချိ
ကလေး နှောင်းလာသည်နှင့်အမျှ ဖြုတ်တွေ့ဖုံလာသည်။ ဟိုကကို
ဒီကကိုက်နှင့် မစားသာလှချေ။

တစ်ချီတွင် ခြေသလုံးကို ဖြုတ်ကိုက်တော့ရာ ဟန်မဆောင်နိုင်
တော့ဘဲ ခါးကုန်း၍ ကုတ်လိုက်၏။ လက်ချော်၍ မြင်း၏ဗိုက်
ကုတ်မိတော့သည်။ မြင်းကား သစ္စာရှိလှ၏။

အားရပါးရ ဟည်လိုက်လေတော့သည်။

'ဟဲ့ . . . ဗုဒ္ဓေါကြီးနဲ့ ဘုရား'

ဒေါ်ခင်မေသည် ရုတ်တရက်မို့ လန့်သွားကာ လက်ထဲမှ ဆေး
ပြင်းလိပ်တို ကလေးပင် ဖုတ်ကနဲ လွတ်ကျသွားတော့၏။

မြမြစန်းသည် ဒေါ်ခင်မေကို ချာကနဲ လှည့်ကြည့်လိုက်၏
ဦးထွန်းတင်နှင့် ဒေါ်ခင်မေတို့၏ အဆိုမှာ မြင်းညိုရှင်ကို သူတို့မမြ
ဟုဆို၏။ သို့သော် ယခုမြင်းဟည်းသံ ကြားသောအခါတွင်က





ဆေးပြင်းလိပ်တိုကလေး လွတ်ကျအောင်ပင် လန့်ဖျပ်သောကြောင့်
မြမြစန်း သက်မကင်း ဖြစ်လာပုံရလေသည်။

'ဟင် . . . မေမေကော မြင်ရသလားဟင်'

ဒေါ်ခင်မေမှာ သူ၏ လွတ်သွားချက်ကို ကြံဖန် ဟထေးရပေ
တော့မည်။

'မြင်တာပေါ့ဟဲ့၊ ဒါငါသောက်နေတဲ့ ဆေးလိပ်ဘဲဟာ . . . မြင်
လို့သောက်နေတာပေါ့'

'မဟုတ်ပါဘူးလေ . . . မေမေကြားတယ် မဟုတ်လား'

'ကြားတာပေါ့ ငါနားလေးမှ မဟုတ်တာ'

'မြင်းဟည်သံကြားတယ် မဟုတ်လားလို့ မေးတာပေါ့မေမေရဲ့
ကြားတယ်မဟုတ်လား'

'ဘယ်က မြင်းဟည်သံလဲ ငါမကြားပါဘူး'

'ဒါဖြင့် ဘာလို့လန့်သလဲ'

'မလန့်ပါလားတော်'

'လန့်လို့ဘဲ၊ ဟဲ့ ဗုဒ္ဓေါကြီးနဲ့ ဘုရားလို့ အော်ပြီး ဆေးလိပ်လွတ်
ကျတာပေါ့'

'သြော် . . . ဒါက ဒီလိုလေသမီးရဲ့၊ ဆေးလိပ်တိုကို လက်
ကြားညှပ်လိုက်တော့ မီးကိုညှပ်မိလို့ ပူတာနဲ့ အော်ပြီး လွှတ်ချတာ
ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



စကားကြောရှည်နေသည့် အတောအတွင်းတွင် ဒေါ်ခင်မေသည် လှည့်ဖြားဖာထေးစရာ စကားကို စဉ်းစားမိသွားသည်နှင့် အဆင်သင့်ပင် ပြေလည်အောင် ဖြေကြားလိုက်နိုင်လေတော့သည်။

သားအမိနှစ်ယောက် အချီအချနှင့် လေရှည်နေကြသည်ကို ဦးပေါင်းစင်နှင့် မြင်းညိုရှင် မင်းသားမှာ တော်တော်သည်းညည်းခံနေရပေ၏။ မြမြစန်း သူ့ဖက်ပြန်အလှည့်ကို စောင့်နေရလေသည်။

ထိုအခိုက် ခြင်တစ်ကောင်သည် နားနားတွင် ဝဲပျံ၍ ဝီ-ဝီ နှင့် အော်မြည်လေတော့ရာ ယောင်၍ လက်ဝဲနှစ်ဖက်နှင့် ဖတ်ကနဲ ရိုက်လိုက်မိသည်။

မြမြစန်းရော၊ ဒေါ်ခင်မေပါ ချာကနဲ လှည့်ကြည့်ကြ၏။ ချက်ချင်းပင် မြမြစန်းက ဒေါ်ခင်မေကို ပြန်ကြည့်ရာ ဤတွင်မှ ဒေါ်ခင်မေသည် မိမိအမှားကို သတိပြုမိလေသည်။

*ဦးပေါင်းစင်သည် ခြင်ကိုမဆိုထားနှင့် ဆင်ကြီးတစ်ကောင်လုံးကိုရိုက်သတ်လျှင်ပင် သူ့ကမကြားဘဲနေရမည်မဟုတ်ပါလား။*

ထို့ကြောင့်ပင် ပြတင်းပေါက်ဖက်သို့ ချာကနဲလှည့်ကြည့်လိုက်မိသောဒေါ်ခင်မေသည် လက်ျာဖက်သို့ တစ်ဖန်ဆက်၍ ချာကနဲ လှည့်ကြည့်လိုက်၏။ ချက်ချင်းလိုလိုပင် လက်ဝဲဖက်သို့ဆတ်ကနဲ လှည့်ကြည့်ရပြန်သည်။





တစ်ဖန် အပေါ်သို့ ဆတ်ကနဲ အောက်ဖက်သို့ ဆတ်ကနဲ ဆတ်ကာ ဆတ်ကာ . . . လှည့်ကြည့်ပစ်လိုက်၏။ နှုတ်မှလည်း

'အင်း . . . အသက်ကလေး ထောက်လာတော့ ဇက်ကြောဇက်ကြောတွေ တော်တော်တက်ချင် သလား'ဟု တစ်ကိုယ်တည်းညည်းညူလိုက်သည်။

မြမြစန်းသည် ပြုံးလိုက်၍ 'မေမေလဲ ဒုက္ခဘဲနော်'ဟုပြောကာမြင်းညိုရှင်ဖက် ချာကနဲ လှည့်လိုက်သည်။

သန်းအောင်ထွေးမှာ ဖြုတ်ကကိုက်၊ ခြင်ကကိုက်နှင့်တော်တော်ဒုက္ခရောက်ရသဖြင့် မျက်နှာကြီးရှုံ့မဲ့ထားမိရာ မြမြစန်းကရုတ်တရက် လှည့်ကြည့်လိုက်သဖြင့် ကမန်းကတန်းရယ်လိုက်ရသောကြောင့် အသံပင် ထွက်သွားလေ၏။

'ဟဲ . . . ဟဲ . . . ဟဲ'

မြမြစန်းကလည်း သဘောကျသလို ပြန်ရယ်၏။

'ဟင်း . . . ဟင်း . . . ဟင်း'

'ဟဲ ဟဲ'

'ဟင်း . . . ဟင်း'

'ဟား . . . ဟား . . . ဟား'

'ဟင်း . . . ဟင်း . . . ဟင်း . . . အဟိ . . . ခစ် . . . ခစ်'

'ဟား . . . အဟတ် ဟား . . . အဟွတ် . . . အဟွတ်



www.burmeseclassic.com

www.burmeseclassic.com



'ခရောက် . . . ထွီ'


ရယ်ရာမှ တကယ်ချောင်းဆိုးလာ၏။

မြမြစန်းသည် မျက်ရည်များထွက်သည်အထိ ရယ်မိသဖြင့် လက်ကိုင်ပုဝါနှင့် သုတ်ရသည်။ လက်ကိုင်ပုဝါ ပြန်ဖယ်လိုက်သော အခါတွင်ကား မြင်းညိုရှင် မရှိတော့ချေ။

*ဦးထွန်းတင်၏ အချက်ပြလိုက်မှုကြောင့် မြင်းညိုရှင် ကွယ်ခဲ့ရပေပြီတကား . . .။*

□ □ □

**'မောင်တော်က ဘဝမှ မခြားတာ သူ့ကိုမောင်တော် မကျေဘူးလေ။ နှမတော်ရဲ့ မေတ္တာပန်းကို ယှဉ်ပြိုင်ခွတ်ရာမှာ သူကမတရားနည်းနဲ့ရယူတာမို့ မကျေနိုင်ဘူးလေ၊ ဟယ် ... တေဒီမှ သင်၏ အသက်ကို ဖက်နဲ့ထုပ်ထားလော့'**



(၅)

ဖောက်ထဲမှာတစ်ဘဝ . . . အပြင်မှာတစ်ဘဝ . . .

သန်းအောင်ထွေး၏ အိမ်တွင်ဖြစ်သည်။

ဦးထွန်းတင်သည် လွန်ခဲ့သော ညဉ့်ဦးက လုပ်ဆောင်ချက် အကျိုးဆက်ကို ပြန်လည်၍ အားရပါးရ ပြောပြနေ၏။

'ဟန်ကျတယ် မောင်သန်းအောင်ထွေးရေ တူတူးက သိပ်ယုံ ...ည်နေပြီ။ မင်းနဲ့တွေ့ပြီးမှ မြင်းဖြူရှင်မလာတော့ဘူးကွ၊ သူကတော့ ...ဖြူရှင်က မင်းကိုကြောက်သွားပုံရတယ်လို့ ထင်နေတယ်'

'ဒါဖြင့် ခေါင်းပြတ်ကြီး ပြရတော့မလား'



www.burmeseclassic.com

www.burmeseclassic.com



'အို . . . နေအုံးလေ၊ တစ်ခါတော့ ထပ်တွေ့ရလိမ့်အုံးမယ်၊ အဲဒီအတွေ့မှာ မင်းကတူတူးကို ချစ်ကြောင်းပြောရမယ်၊ ပြီးတော့ မြင်းဖြူနဲ့ လူကိုတွေ့ရာ သချိုင်း စားမဆိုင်းဘဲ သတ်ခဲ့မယ်ဆိုတာတွေ ကိုပြောထား၊ အဲဒါကို . . . တူတူးက ယုံကြည်ပုံရယင် . . . နောက် တစ်ချီမှာ ခေါင်းပြတ်ကြီးကို ပြပေတော့၊ ဒို့ထင်တာထက် ခရီး ရောက်နေတယ်ကွ . . .၊ ငါ ဒါလောက် မြန်မယ်မထင်ဘူး . . .'

သန်းအောင်ထွေးသည် ခပ်ငိုင်ငိုင်ဖြစ်နေသည်။ ခေါင်းကို လေးလေးတွဲ့တွဲ့ မညိတ်ချင် . . . ညိတ်ချင်နှင့်ညိတ်လိုက်၏။

သူ၏အာရုံများမှာ ကစဉ့်ကလျား ဖြစ်ကုန်၍ ပြန်လည်သိမ်း ယူနေရဟန် ရှိလေသည်။

သန်းအောင်ထွေးက စကားဖောင်အောင် လိုက်မပြောသဖြင့် ဦးထွန်းတင်မှာလည်း ပြောစရာ မရှိတော့သောကြောင့် ထပြန်ရတော့ သည်။

'ကိုင်း . . . ဦးပြန်တော့မယ်'

***'ဟုတ်ကဲ့ . . . နောက်တစ်ခါဆိုရင် ကျွန်တော်တူတူးကို ချစ်တဲ့ အကြောင်း . . . ဖွင့်ပြောလိုက်တော့မယ်နော်'***

'အေးလေကွာ'

'ဦးထွန်းတင် ပြန်သွားလေပြီ'





သန်းအောင်ထွေးကား . . ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍ စဉ်းစားနေ၏။

စောစောက . . . ဦးထွန်းတင်၏ စကားထဲတွင် တူတူးက ဘဝဟောင်း ပါလပ်ချီ မောင်တော်သည် ဆင်းရဲသော မင်းသား ဖြစ်၍ အဝတ်အစားများ မရှိကြောင်း . . . ပြောသည်ဆို၏။ ဤသည် ကပင်လျှင် အဝတ်အစားတစ်စုံတည်းနှင့် ပြီးစီးနိုင်ကြောင်း ဖြစ်လာ ရသည်။ ကံကောင်းချင်တော့ အဝတ်အစားတွေ သိပ်မရှာရချေ။ နတ်မသည်ဟု ဆိုရပေတော့မည်။

*နတ်က ဤမျှလောက်အထိတွင်ဘဲ မပါသလား။*

သန်းအောင်ထွေးသည် ငေးမောနေရာမှ မြမြစန်း၏ မျက်နှာ ကလေးသည် အာရုံထဲတွင် ဝဲပျံ၍ ပေါ်လာလေတော့သည်။

ကပိုကရိုဆံပင်စ ကလေးများဝဲပျံနေ၏။

နေမကောင်းသဖြင့် မဆင်မပြင်နေသည့်ကြားက လှပသော မျက်နှာပိုင်ရှင်ဖြစ်ပေသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းမှစ၍ အပြစ်ဆိုစရာ မရှိ၊ ဆေးမတင်ဘဲနှင့် နီမြန်းနေသည်။ နှုတ်ခမ်းထူကလေးများမှာ ချစ်စ ဖွယ်အကောင်းဆုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်မှ စိတ်ဝင်စားလှသဖြင့် ပြတင်းဆီသို့ မတ်တတ်ထလာပြီး ကြည့်လိုက်စဉ်က သေးငယ်သော ခါးနှင့် ဖွင့်ကားသောတင်ကို သူမြင်လိုက်ရသည်။

ငယ်ရွယ်သေးသည်၊ လှပသည်၊ ဤမိန်းကလေးမှာ ဓေဒနာခံစားနေရ၏။

သူ၏ရင်ထဲတွင် နာကျင်သလို ဝေဒနာခံစားရသည်။

*မြမြစိန်း၏မျက်နှာကို သူဖျောက်ဖျက်၍မရနိုင်၊ အမှန်ပြောရလျှင် ပထမညဥ့်ကပင် သူအိပ်မပျော်မချင်း ဤမျက်နှာကလေးကို ဖျောက်ဖျက်၍ မရအောင် ဖြစ်ခဲ့သည်။*

*အိပ်ယာမှ မျက်စိနှစ်လုံး ပွင့်၍ပထမဆုံး မြင်မိသည်မှာလည်း ဤမျက်နှာကလေးပင် ဖြစ်ခဲ့သည်။*

မနေ့က သူမိခင်နှင့် အချီအချ စကားပြောနေစဉ် ကြားလိုက်ခဲ့ရသော အသံလေးမှာလည်း နားဝင်ချိုလှသည်။

'မောင်တော် . . . မောင်တော်'

*ကြား၍ပင် မဝချင်စရာ၊ ရှေးခေတ်အသုံးကို ယခုခေတ်အသုံးနှင့် ဖလှယ်၍ 'မောင် . . . မောင်'ဟု ခေါ်လေလျှင်ပို၍မကောင်းပါသလော . . .။*





*သို့ထက်သော်ကား . . . 'မောင်တော်ပါလပ်ချီ'ဟုခေါ်မည့်အစား 'မောင် . . . ကိုသန်း'ဟုခေါ်လျှင် ပို၍နားဝင်ချိုမိလေတော့မည်။*

'အို . . . စန်းလေး . . . အချစ်ရယ်'

*သူကလဲ ဒီလိုဘဲပြန်ပြီး ခေါ်ချင်ပါဘိတော့။*

*ယခုတော့ . . . နတ်က တစ်ဝက်တစ်ပျက်ထဲ မထားသည်။ ထို့ကြောင့်သူခေါ်ချင်သလို ခေါ်ခွင့်မရ၊ 'နှမတော်'နှင့်ပင် တင်းတိမ်နေရတော့သည်။*

စောစောက 'နောက်တစ်ခါဆိုရင် ကျွန်တော်တူတူးကိုချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်တော့မယ်နော်'ဟု သူပြောလိုက်ခြင်းအား . . . ဟန်လုပ်၍ ပြောခြင်းမဟုတ်၊ ဝမ်းထဲက ရှိသည့်အတိုင်းလေးလေးပင်ပင် အရသာရှိရှိ ပြောလိုက်ခြင်းဖြစ်သည်။

'ဒါကို ဦးထွန်းတင်က သမီးတောင်း၍မှ တောင်းမှန်းမသိ၊ အေးလေကွာ'ဟု ကြည်ကြည်သာသာနှင့် ပေးသွား၏။

*ခွင့်ပေးမည် ဆိုကလည်း ပေးစရာပါ၊ သူ့မှာနှစ်ဘဝရှိနေရသည်။ ဇာတ်ထဲကဘဝနှင့် အပြင်မှဘဝ. . .။*

မင်းသားဘဝနှင့် မြမြစန်းကို သူချစ်ခွင့်ရှိသည်။ သန်းအေးထွေးဘဝနှင့်ကား . . . သံသယ ရှိဖွယ်ရာဖြစ်၏။ ချစ်ခွင့်မရှိနိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက ကိုးဆယ့်ကိုးရာခိုင်နှုန်း ရှိသည်။

မင်းသားဘဝကား . . . တံလျှပ် ဘဝသာတည်း။

ခေါင်းပြတ်ကြီး ပြုပြီးလျှင် ဖာတ်သိမ်းရတော့မည်၊ မြမြစန်း ကလည်း သူ့အား 'အငြိမ့်ထဲမှာဘဲ ချစ်နိုင်မယ့် ဆရာ'ဟု ဆိုပေ လိမ့်မည်။

သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့၏။

□ □ □

*မင်းသားဘဝနှင့်မြမြစန်းကိုသူချစ်ခွင့်ရှိသည်။ သန်းအောင်ထွေး ဘဝနှင့်ကား...သံသယရှိဖွယ်ရာဖြစ်၏။ ချစ်ခွင့်မရနိုင်စရာအကြောင်းက ကိုးဆယ့်ကိုးရာခိုင်နှုန်းရှိသည်။*

(၆)



## ချိန်းတဲ့နေ့ဝယ် . . .

ဦးထွန်းတင်က ချိန်းဆိုသော နေ့သို့ရောက်လာပြန်လေ၏။

ငှက်ပျောတော မင်းသားကဲ့သို့ လှပနေသော သန်းအောင်ထွေး သည်ကိုသာဦး ပြုလုပ်သမျှကို ငြိမ်ခံနေ၏။

ကိုသာဦးသည် အဝတ်စုတ်များကို ခေါင်းပေါ်သို့တင်ပေးပြီး၊ ခေါင်းပေါင်းစွပ်ကာ ကြိုးသိုင်းပေးရင်း . . .

'ဟင် . . . မင့်မျက်နှာကြီးကလဲ သေလှချည်လား့ကွ၊ ကောင် လေးရဲ့ အချစ်ပန်း အပြိုင်လှမ်းရာမှ ရဲရဲတောက်ပုံ မထွက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကောက်ကျမယ့် ပုံကြီးပါလားကွ' ဟုပြောလိုက်လေသည်။

'ကျွန်တော်က တစ်ယောက်ထဲ ပြေးရတဲ့အပြေးပြိုင်ပွဲမှ ဘိတ်ကျရမယ့် အကောင်ပါဗျာ'

သန်းအောင်ထွေးက လှုမမာညည်းသံနှင့် ပြန်ဖြေလိုက်ရာ ကိုသာဦးသည် သူ့မျက်နှာကို သေသေချာချာ ငုံ့ကြည့်လိုက်၏။

'ဟေ့ကောင် . . . ဘာလဲ မင်း ကောင့်မလေးကို တကယ် ကြိုက်နေပြီလား မရဘူးနော်၊ သဏ္ဌာန်လုပ်တာ သရုပ်နဲ့ဘဲ တူရ မယ် အောင်မယ်လေး . . . မင်းသားရယ်၊ ဒါရိုက်တာကူမွှကြီးပိုင် ရှင်ရဲ့ . . . သမီးကိုတော့ မမှန်းပါနဲ့ အလှမ်းကွာဝေး လှပါတယ်'

ကိုသာဦးက ရယ်ရွှန်းပတ်ရွှန်းနှင့် ပြောလိုက်ရာ သန်းအော ထွေးက တစ်စုံတစ်ခု ပြန်ပြောမည်ပြုစဉ် ဦးထွန်းတင်ကြီး ဝင်လာ လေ။

'မပြီးကြသေးဘူးလားကွ၊ ပွဲထွက်ရတော့မယ်'

'ပြီးပါပြီ . . . ဦးရယ်'

သန်းအောင်ထွေးကလည်း မြင်းကြီးစီး၍ စောင့်နေစဉ် ဦးထွန်းတင်သည် အိမ်ကြီးဆီသို့ ပြန်သွားလေ၏။

မကြာမီပင် အိမ်ကြီးဆီ လက်နှိပ်ခေတ်မီးရောင်သည် တလက်လက် ထွက်ပေါ်လာ၏။





***မေတ္တာမီးရောင်ဆိုလျှင် ဘယ်လောက်ကောင်းမလဲ။***

သန်းအောင်ထွေးသည် ခပ်မှိုင်မှိုင်ပင် စုတ်သတ်ရင်း မြင်းနှင့် ရောက်လာလေ၏။ သူကြည့်ရသည်မှာ စက်ရုပ်ကို သံပတ်ပေးထား သည်နှင့် တူနေလေသည်။ ရုပ်သေးဘဝပေဘဲကိုး . . .။

မြမြစန်းသည် မျှော်နေရာမှ အားတက်သွား၏။ လျှင်မြန်စွာ ပင် ကုတင်ပေါ်မှထပြီး ပြတင်းဆီသို့ သွားရပ်၏။ အနားက ဒေါ် ခင်မေမှာ သမီးကို အကဲခတ်နေသည်။

'မျှော်လိုက်ရတာ မောင်တော်ရယ်'

သန်းအောင်ထွေးသည် ခတ်ငေးငေးကြည့်လိုက်သည်။

'ဟင် . . . မောင်တော် မျက်နှာညှိုးလှချည်လား၊ ဘာများ အလိုမကျဖြစ်ခဲ့ပါသလဲ မောင်တော်'

***ဇာတ်ကား စတင်နေပါပြီ။ ဆိုင်းသံမပါ၊ ဗုံသံဗလာနှင့် ကားလိပ်မရှိဘဲ ဇာတ်သည် စတင်နေပါပြီ။***

'နှမတော် . . . မောင်တော် ပြောရပါတော့မယ်၊ သီလဝါဟာ နှမတော်ကို နှောင့်ယှက်နေတာ မောင်တော်မကြည့်လိုတော့ဘူး'

'သူမလာတော့ပါဘူးမောင်တော်၊ မောင်တော့်ကိုကြောက် သွားပြီနဲ့ တူတယ်'

'ဒါပေမယ့် ဒီလိုယုံကြည်ထားလို့ မရပေဘူး၊ သူ့ကိုမောင်တော် မတွေ့တွေ့အောင်ရှာပြီး ဦးခေါင်းကို ဖြတ်ခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မောင်တော်မှာ အန္တရာယ်ကြီးနေပါ့မယ်လေ'

သန်းအောင်ထွေးသည် အံ့အားသင့်သွား၏။ မြမြစန်း၏ သံယောဇဉ်မှာ သူ့အပေါ် ရောက်နေသည်။ ဤအတိုင်းဆိုလျှင် သူတို့ မှချအောင်နိုင်ပါပြီ။ မြမြစန်းသည် မြင်းဖြူရှင်သေမည်ကို မကြောင့်ကျချေ။

'ကိစ္စမရှိပါဘူး၊ နှမတော် . . . နောက်တစ်ကြိမ်မောင်တော် လာရင် သူ့ခေါင်းကို ပြပါ့မယ်'

သန်းအောင်ထွေးသည် မြမြစန်းကို စူးစိုက်ကြည့်လိုက်၏။

ပါးမို့မို့လေးပေါ်တွင် နှင်းဆီရောင်သမ်း၍ လှချင်တိုင်း လှနေတော့၏။

'နှမတော် . . . မောင်တော်ဟာ ဟိုဘဝမှာထဲက နှမတော်ကို အသဲစွဲချစ်ခဲ့တယ်ဆိုတာ နှမတော် အသိဘဲနော်'

'ဘဝခြားလာရပြီမို့ ကောင်းကောင်း မမှတ်မိတော့ပါ'

မြမြစန်းသည် ခေါင်းကို ငုံ့လျက်က ပြန်ဖြေ၏။

'ကိုင်း . . . ဒါဖြင့် အရင်ဘဝကိုထားတော့ အခုလဲ မောင်တော်ဟာ နှမတော့်ကိုချစ်တယ်၊ မင်းရဲ့ရဲရဲနီနေတဲ့ နှုတ်ခမ်းလေးတွေကို ဖွင့်ပါတော့လား အချစ်ရယ် . . . ဟင် . . . မင်းကိုကိုယ် တစ်ကယ်ချစ်နေပါပြီ၊ ကိုယ့်ကို ပြန်မချစ်နိုင်တော့ဘူးလား၊ နှုတ်ခမ်းလေးတွေကို ဖွင့်ပြီး ပြောစမ်းပါအုံး'





မြမြစန်းသည် ပြန်မော့ကြည့်လိုက်၏။ သန်းအောင်ထွေး၏ မျက်စိများတွင် အရောင်တစ်ဖိတ်ဖိတ်ထွက်ကာ မျှော်လင့်ခြင်း အသွင်ကို တွေ့နေရသည်။

မြမြစန်းသည် မျက်တောင်များကို လျင်မြန်စွာခတ်လိုက်ပြန်၍ ခေါင်းကိုပြန်ငုံ့လိုက်သည်။ နှင်းဆီသွေးသည် နဖူးပြင်အထိ တက်ရောက်လာသည်။

သူသည် လက်ထဲမှလက်ကိုင်ပုဝါလေးကို ဆုပ်နယ်နေ၏။

*'ပြောစမ်းပါအုံး . . . အချစ်ရဲ့၊မင်း ကိုယ့်ကို မချစ်နိုင်ဘူးလားဟင် . . . မင်းအတွက် ကိုယ် ဘယ်လောက်ဒုက္ခရောက်ခဲ့ပြီလဲ၊ ပြောစမ်းပါအုံး တူတူး . . .'*

*သန်းအောင်ထွေးမှာ ရင်ထဲက ဒီစားချက်များဖြင့်ပြောမိသည်ဖြစ်ရကား . . . စကားသံမှာ လက်တွေ့သို့ရောက်လာလေပြီ။*

ဒေါ်ခင်မေသည် မျက်လုံးပြူးလာ၏။

သူ့နာမည် ခေါ်လိုက်သလိုဖြစ်၍ မြမြစန်းသည် အံ့အားသင့်ပြီး မော့ကြည့်လိုက်သည်။

သန်းအောင်ထွေးကား သူ့အမှားကိုသူပြန်အုပ်ရတော့သည်။

'ပြောစမ်းပါအုံး၊ တူးတူးခါးခါးများ မငြင်းလိုက်ပါနဲ့အုံးနော်'

မြမြစန်း၏ မျက်နှာတွင် သန်းအောင်ထွေး၏ မေတ္တာကိုငြင်း



www.burmeseclassic.com

www.burmeseclassic.com



ပယ်လိုဟန် မပြရုံမက လက်ခံတော့မည့် အသွင်ကို ဆောင်နေသည်ကို ဒေါ်ခင်မေ ကောင်းစွာသိ၏။

ဇာတ်လမ်းသည် ဇာတ်စင်ပေါ်မှနေ၍ တကယ့် လောကထဲသို့ ဝင်တော့မည်ကဲ့သို့ ဖြစ်နေရာ ဒေါ်ခင်မေမှာ ရှိုးတိုးရှ ဖြစ်လာရတော့သည်။ သို့ဖြစ်သောကြောင့် မြမြစန်းကတစ်ခု တစ်ခု ပြန်ပြော တော့မည်ဟုပါးစပ်ကို အဟလိုက်တွင် လောကြီး နေသောဒေါ်ခင်မေမှာ ဘာကိုမျှမစဉ်းစားနိုင် တော့ဘဲ လုပ်မိလုပ်ရာထ၍ လုပ်လိုက်လေတော့၏။

သူ လုပ်လိုက်သည်ကား မြမြစန်း၏ ပါးစပ်ကို ထ၍ ပိတ် လိုက်မိသည်ဖြစ်ပေရာ 'ဝေါင် အော် . . . အာ . . . ဝူဝူး . . . ဝါးဝါး'

ဟူသော အသံများသာ မြမြစန်း၏ ပါးစပ်မှ ထွက်ပေါ်လာ လေ၏။ မြမြစန်းသည်လည်း ဒေါ်ခင်မေ၏ လက်ကို ဖယ်ချလိုက်ပြီး အံ့ဩသလို ကြည့်လိုက်သည်။

သမီး ဘာမျှမပြောခင်ပင် ဒေါ်ခင်မေသိ၏။ မြင်းညိုရှင်၏ စကားများကို ကြားရဖို့ဝေးစွ၊ လူကိုပင် မမြင်ရချင်ယောင်ဆောင် မည်မဟုတ်ပါလား။

ထို့ကြောင့်သမီးဘာမျှမပြောခင်ပင် သူကပြောလိုက်ရသည်





'သမီး နေကောင်းရဲ့လား . . အာဝွေ့တွေ့ ပူသလားလို့ စမ်းကြည့်တာပါ ပူသလိုလိုလဲရှိတယ်၊ လာပါသမီးရယ်၊ အိပ်ရာထဲပြန်လှဲနေပါလား'

မြမြစန်း၏ မျက်နှာတွင် သံသယ ပျောက်ကာပြုံးယောင်ယောင်နှင့် ချစ်စဖွယ် အမူအရာ ပေါ်လာလေသည်။

'ကောင်းပါပြီမေမေ . . .'

မြင်းညိုရှင်ဖက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြန်၏။ မြမြစန်း၏ မျက်နှာတွင် ကရုဏာသက်ပုံပေါ်နေ၏။

ထိုခဏတွင်ပင် ဦးထွန်းတင်၏ အချက်ပေးမှုကြောင့် မြင်းညိုရှင်သည် စိတ်မချမ်းသာစွာနှင့် မြင်းကိုလှည့်ကာ ကဆုန်ပေါက်ပြေးရလေတော့သည်။

မြမြစန်းကား ငေး၍ကြည့်နေရာက အိပ်ယာဖက်သို့ပြန်လှည့်လာခဲ့လေတော့သည်။

ဒေါ်ခင်မေသည် သမီးလေးကို တစ်ချက်ကြည့်လိုက်သည်။

မြမြစန်းသည် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေ၏။ အိပ်ပျော်နေပြီကို သိမှအသာ ပြန်လှည့်ထွက်ခဲ့ရာ ဝင်လာသော ဦးထွန်းတင်နှင့် တွေ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်သည် သမီးဆီသို့သာအာရုံပြု၍ လာခဲ့ရာ ဒေါ်ခင်မေက အပြင်သို့ ပြန်ထွက်စေလိုဟန်နှင့် အတင်းဆွဲလိုက်ရာရှပ်အကျီအောက်စကြီးမှာ လုံချည်အပြင်သို့ ထွက်လာလေသည်။

'ဟဲ့ . . . ဟဲ့ဘယ့်နှယ်လုပ်တာလဲကွ'

'တိုးတိုးပြောပါ သမီးအိပ်ပျော်နေတယ် . . .၊ ရှင့်ကိုပြောစရာရှိလို့ . . .'

ဘာမသိညာမသိနှင့် အဖိုးကြီးလည်း ဧည့်ခန်းဆီသို့ ကန့်လန့်ကန့်လန့်နှင့် ပြန်ပါလာလေ၏။

'ဘာတုန်းဟ . . . မခင်မေရ . . .'

'ရှင်သတိထားမိရဲ့လား'

ထားမိပါတယ် . . .'

'ဘာကို ထားမိတာလဲ'

'သတိကိုလေ . . .'

'ဘာသတိထားမိတာလဲရှင့်'

'သမီး အိပ်နေတာပေ့ါ'

'အို . . . ဘယ်ကဟုတ်ရမှာလဲ'

'ဟင် . . . သမီးဟာအိပ်ပျော်နေတာမဟုတ်ဘူးလား၊ ဟိုက်ဒါဟာ မျောနေတာဖြစ်ရမယ် . . .'





ပြောပြောဆိုဆိုနှင့် ဦးထွန်းတင်သည် သမီးရှိရာသို့ ထပြေးတော့မည်ပြုရာ ဒေါ်ခင်မေက လှမ်းဆွဲလိုက်သဖြင့် ဆန့်ငင်ဆန့်ငင်ဖြစ်သွားရလေသည်။

'ဘာတုန်းဟ . . .'

'ရှင်ဘာတွေရှောက်ပြောနေတာလဲ၊ သမီးအိပ်ပျော်နေတာကတော့ ဟုတ်ပါတယ်၊ ကျုပ်ပြောချင်တာက ဟိုကောင် . . .'

'ဘယ်ကောင်တုန်း'

'ဟိုကောင်ပေ့ါ'

'ဟာဒုက္ခပါဘဲ၊ မြန်မာပြည်မှာ ဟိုကောင်လို့ ခေါ်နိုင်တဲ့လူတွေတော်တော်များများ ရှိနိုင်တယ်ကွ၊ သေသေချာချာများလဲ ပြောစမ်းပါ'

'သူ့နာမည်ကလဲ ခေါ်ရခက်လိုက်တာ'

'နာမည် မခေါ်တတ်ယင်လဲ ပုံပန်းသဏ္ဌာန်ပြောပြလေ ငါ့ဘာသာငါဘဲဒုက္ခခံပြီး စဉ်းစားယူပါ့မယ်'

'မြင်းညိုရှင်လေ . . .'

'ဩော် . . . မောင်သန်းအောင်ထွေးလား၊ သူက ဘာဖြစ်လို့တုန်း . . .'

'စောစောက သူက သမီးကို လူပျိုစကားပြောတယ်တော့'

ဒေါ်ခင်မေ၏ စကားကို ကြားရသောအခါ ဦးထွန်းတင်သည် အားရပါးရ ရယ်ချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . . ရှင်က တော်တော်ပျော်နေတယ်ထင်တယ်၊ ကိုယ့်သမီးလူပျိုစကားပြောခံရတာ လာဘ်ကြီး တစ်ခုများမှတ်နေသလားတော့ . . .'

'ဤတွင် ဦးထွန်းတင် အရယ်ရပ်လိုက်သည်။'

'ဟ . . . ဒါကတော့ ငါသင်ပေးထားတာလေ'

'ဘာ . . . ရှင်က ကိုယ့်သမီးကို ရည်းစားစကားပြောဖို့ သင်ပေးထားတယ် ဟုတ်လား . . .'

'ဟုတ်တယ်လေ . . .'

'ရှင်-ရူးနေသလား . . .'

'မရူးပါဘူးကွ၊ ဒါမှတူတူးရောဂါ ပျောက်မယ်မဟုတ်လား၊ သူကဘဝဟောင်းက ချစ်သူယောင် ဆောင်ရမယ်'

'အောင်မယ်ဘယ်ဟုတ်ရမှာလဲ၊ သူပြောနေပုံက ဘဝဟောင်းလေသံတွေ တစ်ခုမှမပါတော့ဘူး၊ ဘဝဟောင်းဆိုတာ ဇာတ်ထဲကလိုနေရမှာပေါ့-'

'ဟုတ်တယ်လေ၊ မင်းညီမင်းသားတွေ စတိုင်ပေါ့'

'အဲ . . . အစကတော့ ဟုတ်သား၊ နောက်ကျတော့ရှင့်ကောင်က တကယ်ဘဲ ပြောနေသလိုဘဲကိုယ်ရယ် . . . မင်းရယ် . . . အချစ်ရယ် . . .'





'မင်းမှားနေပြီ၊ ကိုယ်ရယ် မင်းရယ် ပန်းပိတောက်ရယ် ဖြစ်ရကွ၊ သီချင်းကဒီလိုဘဲရှိတယ် . . .'

'တော်စမ်းပါ သူက ကိုယ်တွေမင်းတွေ အချစ်တွေဘာတွေစ်လာတယ်၊ ကျုပ်တောင်နားရှက်မိတယ် . . .'

ဦးထွန်းတင်သည် အစတွင်မျက်လုံး ပြူးသွားရ၏၊ သို့သော်က်ချင်းလိုလိုပင် သူ့မျက်လုံးများသည် မိမွေးတိုင်း ဖမွေးတိုင်းပြန်စ်လာသည်။

'သမီးရဲ့ တုံ့ပြန်မှုက ဘယ်လိုနေသလဲ'

'သမီးက ဘာကိုမှ မတုံ့ပြန်နိုင်ခင် ကျုပ်ကပါးစပ် ပိတ်လိုက်ာကိုးရှင့်'

'မဟုတ်ပါဘူးလေ သူကလူပျိုစကားပြောတော့ သမီးရဲ့စိတ်ခြေအနေကို ဘယ်လိုအကဲခပ်မိသလဲလို့ မေးတာပါ'

'သမီးကလဲ တစ်မျိုး ဖြစ်သွားပုံရတယ်၊ ဒါပေမယ့်-စိတ်ဆိုးတော့ မပြဘူးနော်၊ ရင်းရင်းနှီးနှီး ပြန်ပြောမယ် ထင်လို့ကျုပ်ကးစပ်ပိတ် လိုက်ရတာဘဲလေ'

ဦးထွန်းတင်သည် ခဏတော့ . . . တွေတွေကလေး ဖြစ်သွားည်။ ဒေါ်ခင်မေသည်လည်း သူ့ခင်ပွန်းသည်က ဘာဆက်ပြောဦးည်လဲဟု စောင့်မျှော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်သည် ခေါင်းကို လက်ဝဲဖက် ယိမ်းလိုက်၏။

ခဏလေးဘဲ ကြာသည်၊ တစ်ဖန် လက်ျာဖက် ယိမ်းလိုက်ပြန်၏။

တစ်ဖန်အပေါ် မော့ကြည့်၏။ နောက်တစ်ဖန်အောက်သို့ ကြည့် ပြန်၏။

'ဘာလဲတော့ . . . ရှင်က စည်းချနေတာလား၊ ကျုပ်ကစောင့်နေတာ'

'ဘာ စောင့်နေတာလဲ'

'ရှင် ဘာပြောမလဲလို့ စောင့်နေတာပေါ့'

'သိပါဘူး . . . ငါက ဇက်ညောင်းလို့ ငါက ဘာပြောရမှာလဲ'

'သူမီးကိစ္စလေ . . . တစ်ခုခုတော့ ပြောပေါ့'

'ဟာ . . . သူတို့ကျေနပ်ယင် ပေးစားလိုက်ရုံပေါ့'

'ဟောတော့'

□ □ □

***သန်းအောင်ထွေးမှာရင်ထဲက ခံစားချက်များဖြင့် ပြောမိသည့်ဖြစ်ရကား . . . စကားသံမှာ ဟက်ကျေ့သို့ရောက်လာလေပြီ။***

(၇)



## မြင်းသိုရှင်အစွမ်း

'ဟော့ကောင် ဒီနေ့ဟာအရေးကြီးတယ်နော်'

သန်းအောင်ထွေးသည် . . . ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီးလျှင် ဦးထွန်းတင် လှမ်းပေးလိုက်သော ဦးခေါင်းပြတ်ကြီးကို မြင်းပေါ် မှပင် ကုန်းယူလိုက်၏။

သစ်သားဖြင့် ထုလုပ်ထားသော ဦးခေါင်းကြီးဖြစ်သည်။ ဆံပင်များကမူ တကယ့်ဆံပင်ဟုဆို၏။ လည်ပင်းပြတ်နေရာတွင် ဆေးသုတ်ထားခြင်း မဟုတ်ဘဲ ပန်းဆီများ (သို့မဟုတ်) ရွှေရည်များကို

www.burmeseclassic.com



လိမ်းတို့ထားသည် ဖြစ်သောကြောင့် ပြောင်လက်ကာ တကယ့်သွေးများနှင့် တူနေလေသည်။

ဦးထွန်းတင်လည်း အိမ်အခြေအနေကြည့်ရန် ထွက်သွားလေ၏။

သန်းအောင်ထွေးမှာ ဦးထွန်းတင်၏ အချက်ပြမီးရောင်ကို စောင့်ရင်းက တွေးနေမိ၏။

*ယနေ့သည်. . . နောက်ဆုံးနေ့ဖြစ်ကောင်း. . ဖြစ်ပေ တော့မည်။ ကောင်မလေးကမသိဘဲ မြင်းဖြူရှင်ကို ထပ်ထပ်မြင်နေလျှင်တော်သေး၏။ သံသရာရှည်ချင်လျှင်ရှည်ပါစေ၊ သူသည် ဤကဲ့သို့ပင်မြင်းကြီးနှင့် လာလာရပ်ပြနေဦးမည်သာဖြစ်၏။*

မြမြစန်းက . . . ယုံကြည်သွား၍ ရောဂါပျောက်သွားလျှင် သူသည် မြမြစန်းနှင့် ဖြန်လည် ဆုံတွေ့ဖို့ရန်အကြောင်းမရှိတော့ချေ။

*စင်စစ်တွင်ကား . . . သူသည်မြမြစန်း၏ ချစ်သူအစစ်မဟုတ်ချေ။ ကြေးစားချစ်သူသာ ဖြစ်ပေသည်။*

*မြမြစန်းကိုမခွဲနိုင်မခွဲလိုသည်ဖြစ်၍ဆုတောင်း ရအောင်ကလည်း ကောင်မလေး၏ ရောဂါတာရှည်အောင် ဆုတောင်းရမည်ကဲ့သို့ ဖြစ်သောကြောင့် သူမတောင်းရက်ခဲ့ပါ။ ချက်ချင်းဆုတောင်းလျှင် . . . ယခုချက်ချင်း ပြည့်မည်ဖြစ်သော ဆုတောင်းပြည့် ကိုယ်တော်ကြီးတစ်ဆူယခု ကြွလာလျှင်လည်း*





*မြမြစန်း၏ ရောဂါမပျောက်အောင်တော့ သူဆုမတောင်းရက်ပါ။ ရုတ်တရက်သက်ပြင်း ချလိုက်မိ၏။*

မြင်းနားတွင် မြင်းဇက်ကို ကိုင်၍ရပ်နေသော ကိုသာဦးမှာ သက်ပြင်းချသံ ကြားသဖြင့် သန်းအောင်ထွေးကို ပျာပျာသလဲ မော့ကြည့်လိုက်၏။

'ဟော့ . . . ဖိုးသံ . . . ဖိုးသန်း . . . ဖိုးသန်းအောင်ထွေး ဘာဖြစ် လို့သက်ပြင်းချတာလဲကွ'

'ကျွန်တော့်အလုပ် ပြီးဆုံးတော့မှာမို့ပါ'

'ပြီးဆုံးတော့ ဘာဖြစ်သလဲကွ'

'ငွေရတော့မှာပေါ့' —

*'ဩော်. . . ငွေရတော့မှာမို့မင်းက စိတ်မချမ်းသာဖြစ်တယ်လို့ဆိုချင်တာပေါ့လေ၊ ငွေကို မင်းမလိုချင်ရင်လဲငါ့ကိုပေးလိုက်ပါကွာ၊ ငါကတော့ငွေရဖို့အတွက် စိတ်မညစ်တတ်ပါဘူးလေ"*

သန်းအောင်ထွေးသည် ကိုသာဦးကို ဘာမှ ပြန်မပြောတော့ချေ။ အိမ်ကြီးဆီသို့သာ ရီဝေသော မျက်စိများနှင့် ကြည့်နေမိသည်။

လှပသော မျက်နှာလေးကို . . . နောက်ဆုံးအကြိမ်အဖြစ် ဆက်ဆက်ခြင်းဖြင့် ရှုမြင်ရပေတော့မည်။ လှပသလောက်လည်း နူးညံ့သောအသားလေးကို ထိခွင့်ကိုင်ခွင့်ပင်မရခဲ့ဘဲ ခွဲခွာရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



*မြင်ရုံသာမြင်ရသည်ကပင် . . . မလွတ်လပ်ချေ။ ကြားက သံပန်းများသည် မြမြစန်း၏ ရုပါရုံရှေ့တွင်မနာလိုဝန်တိုစွာ နှင့် ပိတ်ကွယ်တတ်ကြ၏။ သံပန်းခက်များသည် သူတို့ဘာသာ သူတို့ဆို လျှင် လှပကောင်း လှပ ချေမည်။ မြမြစန်း၏ အလှနှင့် ယှဉ်ပြိုင်၍ တော့ . . . ဘယ်တော့မှ နိုင်မည်မဟုတ်။*

သန်းအောင်ထွေးသည် သံပန်းခက်များကို ဆွဲဖျက်ချပစ် လိုက်ချင်သည်၊ သို့သော်ဟာကြူလီနှင့်ဘယ်လိုမှ ဆွေမျိုးစပ်၍ မရသော ကြောင့် ဤစိတ်ကူးကိုချက်ချင်း စွန့်ပစ်လိုက်ရ၏။

'ဟေ့ကောင် . . . ဟေ့ကောင်၊ ဟိုမှာ မီးပြနေပြီကွ၊ သွားလေ ကွာ'

ကိုသာဦးက သတိပေးလိုက်မှ သူသည်မီးရောင်ကို မြင်မိ တော့သည်။

စိတ်ထဲတွင် ခိုးလိုးခုလု ဝေဒနာတစ်မျိုး ပေါ်လာ၏။

*ဦးထွန်းတင် ခေါ်တွင်သော . . . ဤလူကြီးသည် အချက် ပေး နေမည့်အစား၊ သမီးပေးလိုက်လျှင် ပို၍မကောင်းပါလား။*

မိမိကလည်း ငွေတစ်ထောင်မယူဘဲ သမီးကိုဘဲ ယူပါမည်။

'ဩော် . . . သွားပါဆိုမှ ရှင်လောင်းကလဲ ဈေးကိုင်နေလိုက် တာ'





ကိုသာဦးက ထပ်၍ပြောတော့မှ သန်းအောင်ထွေးသည် မြင်းကို နှလာခဲ့လေတော့သည်။ ဤသို့ဖြင့် မြမြစန်း၏ ရှေ့တော် မှောက်သို့စုတ်သပ်ယင်းရောက်ခဲ့ရပြန်ပါတော့သည်။

မြမြစန်းသည် . . . မျှော်နေသည့်ပုံမျိုးနှင့် ကုတင်မှ ထလာ၍ပြတင်းပေါက် သံပန်းများကို ကိုင်၍ ကြည့်လိုက်သည်၊ နှုတ်မှလည်း '*ဟော . . . သူလာပြီ၊ ဒီနေ့သူလာတယ်မေမေ*' ဟုပြောလိုက်၏။

ဒေါ်ခင်မေကလည်း သန်းအောင်ထွေးကို မမြင်ဟန်ပြုကာ သမီးနှင့်စုတူ ထလိုက်ပြီး 'ဘယ်သူလဲ၊ မြင်းဖြူကြီးနဲ့ဟာလား' ဟုမေးလိုက်သည်။

'ဘယ်က ဟုတ်ရမှာလဲ မေမေရဲ့၊ သူလေ မြင်းညိုကြီးနဲ့ သူလေ'

*သန်းအောင်ထွေးသည်ရပ်၍စဉ်းစားနေ၏။ ဆင်ဝင်အောက် ခေတ်ကို ဖြစ်ချက်လှမ်းကြည့်လိုက်ရာ ဦးထွန်းတင်က 'ခေါင်းပြတ် ကြီးကိုပြတော့လေ'ဟူသောအချက်ပြလက္ခဏာ ဖြစ်သည့် လက် သီးဆုပ်ဆန့်တန်းငွေ့ရမ်းပြခြင်းကိုပြုပြီး၊ အထဲသို့ဝင်သွားလေ၏။*

သို့တိုင် သန်းအောင်ထွေးမှာ ငိုင်နေသေးသည်။

ဦးထွန်းတင်လည်း သမီးနှင့်ဇနီးနားသို့ ရောက်လာပြီးနောက် နားမှနေ၍ သန်းအောင်ထွေးကိုကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သန်းအောင်ထွေးကား စဉ်းစားနေဆဲပင်ဖြစ်သည်။

မြမြစန်းသည် မြင်းဖြူရှင်နှင့် ရင်းနှီးလာသည်မှာ ကြာပေါ့
ယခုကဲ့သို့ ခေါင်းပြတ်ကြီးကို တွေ့ရမ်းပြသော် မယုံလျှင်တော်၏
မြင်းဖြူကြီးနဲ့ ငနဲသားမှာ သေရှာလေပြီဟု . . . ယုံကြည်သွားလျှ
ကား ရင်ထဲတွင်ထိခိုက်ပြီး အော်ဟစ်ငိုကြွေး . . . ငိုကြွေးပေလိ
မည်။ မြမြစန်း ငိုသည်ကို မကြည့်ရက်သော မိမိသည် ဟန်ဆောင်
လွှတ်၍ ပြေးဆင်းလာကာ ခြေသလုံးဖက်၍ ချော့မိသော်၊

"ဒုက္ခတွေ . . . ဒုက္ခတွေ . . . ကို တွေ့ရတော့မည်။"

သူသည် ခေါင်းပြတ်ကြီးကို လှူမိ . . . မဖြစ်ချင်သလို
ဖြစ်လာမိတော့၏။

အတွင်းဖက်မှ စောင့်စားကြည့်ရှုနေသော ဦးထွန်းတင်သ
စိတ်မရှည်သလိုနှင့် အားမလိုအားမရဖြစ်ကာ သန်းအောင်ထွေး
တိုက်တွန်းသည့်သဘောဖြင့်လက်သီးဆုပ်ကို ဝှေ့ရမ်းပြရန် လက်သ
ဆုပ်ကြီးကို ဇတ်ကနဲဆန့်တန်းလိုက်ရာ အရှေ့မှ ဒေါ်ခင်မေ
ဂျိုစောင်းကို ပစ်ထိုးလိုက်သလို ဖြစ်သွားလေ၏။

'အို . . . သေပါပြီတော် . . . နာလိုက်တာ၊ ထကထဲမှ
ဒါက ဘာဖြစ်ရတာတုန်း'

ဒေါ်ခင်မေက မျက်စောင်းထိုး၍ ဦးထွန်းတင်ကို ဆော
အောင့် ပြောဆိုရင်းဂျိုစောင်းကို လက်နှင့်ပွတ်နေ၏လေသည်
မြမြစန်းကလည်း လှည့်ကြည့်မိ၏။





ဦးထွန်းတင်သည် ချက်ချင်းပင် မျက်နှာကို စပ်ဖြည်းဖြည်း
လုပ်ကာ 'ငါက မင်းတို့ ဘာကြည့်နေသလဲဆိုတာ လာကြည့်တာပါ၊
သံတိုင်လှမ်းတိုင်တာ မင်းခေါင်းကို တိုက်မိတာပါကွ၊ မင်းတို့
ဘာကြည့်နေတာလဲ၊ ဟိုကောင်ကလဲဗျွေ . . . အဲ . . . ဗွေ . . .
ဗွေဗွေနဲ့ အော်သံတွေလဲ မကြားဘူးနော် . . . 'ဟုပြောလိုက်၏။

'ရှင်က ဘယ်ကောင်ကို ပြောတာလဲ'

'ဩော် . . . တစ်ခါတစ်ခါ ကြားတတ်တဲ့ ဘုတ်ကောင်လား
အဲဒီဝုတ်အော်သံကို ပြောတာပါ'

ဤတွင် မြမြစန်းသည် 'အဟိ'ဟုရယ်ယင်း သန်းအောင်ထွေး
ဘက်မြန်လှည့်လိုက်၏။

'သမီး . . . ဘာရယ်သလဲ၊ ဘာတွေ တွေ့ရလို့လဲ'

'ဩော် . . . မေမေရယ် . . . မောင်တော်ပါ၊ မောင်တော်ကလဲ
ကြက်နှာကြီးရှိုက်ထားသလို မျက်ခွက်ကြီးနဲ့ လာရပ်နေတာ
ကိုး'

ဤတွင်မှ သန်းအောင်ထွေးထံမှ စကားသံ ထွက်ပေါ်လာ၏။

'နှမတော် . . . စိတ်ခိုင်ခိုင်ထားနော် . . . မောင်တော်
တော့နှမတော်ကို ချစ်တဲ့ဇောနဲ့တကယ်ပါ၊ တကယ်ချစ်လွန်းလို့
ချစ်တဲ့ဇောနဲ့'



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



'အဟမ်း-အဟမ်း'

ဦးထွန်းတင်က ချောင်းဟန့်လိုက်၏။ မြမြစန်းက တစ်ချက်လှည့်ကြည့်လိုက်သဖြင့်ဟန့်သောချောင်းမှာ ဆိုးသောချောင်းအဖြစ်သို့ ကူးပြောင်းသွားရလေတော့သည်။

'အဟမ်း . . . အဟမ်း . . . အဟွတ် . . . ဟွတ် . . . ဟွတ်ဝှဲ'

'နှမတော်ကို ချစ်တဲ့ဇောနဲ့ သီဝလာ သီဝလာရဲ့'

*'သီလဝါပါ မောင်တော်၊ သီဝလာ မဟုတ်ပါဘူး'*

*'အဲ . . . အဲလေ-သီလဝါရဲ့ ဦးခေါင်းကို ဖြတ်ခဲ့ပြီ'*

*ပြောပြောဆိုဆိုနှင့် သန်းအောင်ထွေးသည် စိတ်ကိုတင်း၍နောက်ကွယ်တွင်ဖွက်ထားသော လက်ကိုဆွဲဆန့်မြှောက်ပြ လိုက်ရာ ဦးခေါင်းပြတ်ကြီးမှာ တွဲလောင်းကြီး ပါလာလေ၏။*

သို့သော် ဝှေ့ရမ်းမပြသဖြင့် ဦးထွန်းတင်မှာ မချင့်မရဲဖြစ်ကာ လက်သီးဆုပ်ကြီးကို မြှောက်၍ ဝှေ့ရမ်းလိုက်ရာ ဒေါ်ခင်မေ၏ ခေါင်းပေါ်မှ ဆံပင်များသည် ဖွာရရာ ကျဲ၍မြေပြင်နှင့်ကျလာလေ၏။

ဤတစ်ကြိမ်တွင်ကား ဒေါ်ခင်မေသည် ဘာမှမပြောတော့ဘဲ ဦးထွန်းတင်၏ ပေါင်တွင်းကြောကို ဆွဲလိမ်လိုက်ရာ ဦးထွန်းတင်မှာ ဆတ်ကနဲ တွန့်သွားပြီးလျှင် 'အူး'ဟု မြည်တမ်း၍ သူ့ပေါင် သူပြန်ပွတ်နေတော့သည်။





သန်းအောင်ထွေးသည် ဦးထွန်းတင် ပြောလိုရင်း နားလည်သွားပြီး ဖြစ်သောကြောင့် 'လက်ထဲမှ ဆံပင်ကိုလက်ဖြင့် ပတ်လျှိုကိုင်ထားသည့် ခေါင်းပြတ်ကြီးကို အငြိမ်မနေအောင် ဝှေ့ရမ်းပြလိုက်ရ၏။

မြမြစန်း အော်ငိုတော့မည်လား၊ တက်ချက်သွားမည်လားဟု တထိတ်ထိတ်နှင့် ကြည့်လိုက်ရာ မြမြစန်းမှာ လက်ခုပ်လက်ဝါးတီး၍ ရယ်လိုက်လေ၏။

'ဟန်ကျလိုက်လေ . . . မောင်တော်ရာ . . . သူဟာ နှမတော်ကို သက်သက်လာနှောက်ယှက်နေတာဘဲ၊ သေမှကောင်းတယ်၊ ဒါပေမယ့် မောင်တော့်လက်ထဲက ခေါင်းပြတ်ကြီးဟာ အသက်မဝင်သလိုဘဲ'

'အော် . . . သေပါပြီဆိုမှ အသက်ဝင်ပါအုံးမလား နှမတော်ရဲ့၊ အသက်ထွက်တာ . . . အသက်ထွက်တော်မူသွားတာပါ'

မြမြစန်းသည် တစ်ချက် ရယ်လိုက်ပြန်၏။

'မဟုတ်ဘူးလေ . . . တူတူးပြောချင်တာက အဲလေ . . . နှမတော်ပြောချင်တာက အကို့လက်ထဲ အဲ . . . မောင်တော်လက်ထဲက ခေါင်းပြတ်ကြီးဟာ အရုပ်ကြီးနဲ့တူသလိုလို'

'ဟာ . . . နှမတော်၊ မသေခင်က ခေါင်းဖြတ်လိုက်ရတော့ ဖြတ်ပြီးမှသေရင် ဒီလိုချည်းဘဲ၊ ကဲ . . . စိတ်အေးအေးနေတော့



www.burmeseclassic.com

www.burmeseclassic.com



နှမတော် . . . မောင်တော်တာဝန်ပြီးဆုံးပြီ၊ မောင်တော်သွားရတော့မယ်၊ နှမတော်ကို လွမ်းလျက်နဲ့ မောင်တော်သွားရတော့မယ် နှမတော်၊ ကံကြမ္မာဟာ မောင်တော့်ကို မျက်နှာသာမပေးပါဘူး နှမတော်'

သန်းအောင်ထွေးသည် မြင်းကိုလှည့်၍ ကဆုန်ပေါက်ထွက်သွားလေတော့၏။

'ဟန်ကျတာပဲ မေမေ၊ မောင်တော်ပါလပ်ျချီဟာ သီလဝါ ခေါင်းကို ဖြတ်ခဲ့ပြီ၊ သီလဝါ လာတော့မှာ မဟုတ်တော့ဘူး၊ သမီး စိတ်အေးရပြီလေ'

'ဩော် . . . ဟုတ်လား၊ ကောင်းတာပေါ့သမီးရယ်၊ မေမေ ကမမြင်ရတော့ ရမ်းသမ်းပူနေရတာပေါ့၊ အခုလိုပါလပ်ျချီဟာ သီလဝါရဲ့ ခေါင်းကိုဖြတ်လိုက်ပြီဆိုတော့ ဝမ်းသာရမှာပေါ့'

'အို . . . မင်းကလဲ ဘာတွေလျှောက်ပြောနေတာလဲကွ၊ သမီး အိပ်ပါစေတော့'

ဦးထွန်းတင်က ပြောပြောဆိုဆိုနှင့် အခန်းအပြင်သို့ထွက်သွားလေ၏။

□ □ □

(၈)



၁၀ သက်တိုင်း(သို့)သူတောင်း

*သစ်ပင်ဝန်းပင်တို့သည် လန်းဆန်း၍ စိမ်းစိုနေကြသည်။*

*သို့သော် သန်းအောင်ထွေးအဖို့ကား . . . စိမ်းစိုသည်ဟု မမြင်၊ စိမ်းကားသည်ဟုချည်း မြင်နေသည်။*

မွေးလာသည်မှ တက္ကသိုလ်ကျောင်းမှ ထွက်သည့်အချိန်အထိ သူသည်လောကကြီးကို မြင်ဘူးခဲ့သည်။ အိပ်သောအချိန်မှလွဲ၍ မကြာခဏပင် မြင်ဘူးခဲ့သည်။

သို့သော်၊ယခုမြင်နေရသော ကာလမျိုး တစ်ခါမျှမမြင်ဘူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခု သူမြင်နေရသည်ကား ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် လွမ်းစရာအတိပင် ဖြစ်နေသည်။

*လောကကို ဖန်ဆင်းသော ပုဂ္ဂိုလ်သည်ရှိက်ကြီးတငင်နှင့်ပင် ဖန်ဆင်းလိုက်ပါသလော။*

သန်းအောင်ထွေးသည် ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း ငေးမောနေမိသည်။

ပျင်းသည်ဆိုလျှင် ဝါသနာပါရာ တစ်ခုခု လုပ်နေလျှင်အပျင်းပြေ၏။ သို့သော် အလွမ်းပြေအောင် လုပ်နိုင်သည့် ဝါသနာကို သူစဉ်းစား၍မရချေ။

ဟို ပြက္ခဒိန် မျက်နှာဖုံးက ပြုံးနေသောရုပ်ရှင် မင်းသမီးလေးသည် . . .

(၁) မြမြစန်းဖြစ်-ထို့နောက် . . .

(၂) အသက်ဝင်လာ . . . ထို့နောက် . . .

(၃) သန်းအောင်ထွေးအနားကို လာ၍ 'မောင်'ဟု တစ်ခွန်းသာဟလိုက်။

*ထိုသည်၏အခြားမဲ့တွင် သူသေသွားပါစေတော့၊ သေရကျိုးနပ်ပါပြီ၊* ခုတော့မြမြစန်းသည်လည်း ပြက္ခဒိန်မျက်နှာဖုံးက ရုပ်ရှင်မင်းသမီးအဖြစ်၊ သူ့ဘာသာသူ အသက်တော့ရှိနေသည်။ သို့သော် သူနားလာ၍ 'မောင်'ဟု တစ်ခွန်းမျှ မခေါ်၊ သူလည်းမသေ။





*မသေရကျိုးမနပ်ပါတကား. . .။*

ကားသည် ရပ်ခါနီးတွင် ဘီးများညင်သာစွာလိမ့်နေသေး၏။ ကားပေါ်မှ ဦးထွန်းတင်သည် ဝမ်းသာအားရ ဆင်းလာသည်။ ထိုသို့ ဝမ်းသာအားရ ဆင်းလာသော ဦးထွန်းတင်ကို သန်းအောင်ထွေးက ညှိုးငယ်စွာနှင့် ကြိုဆိုသည်။

'ဈေးဖွင့်တင်လိုက်တာကွာ၊ မြမြစန်းတော့ ပြေလည်သွားပြီ'

'ဩော် . . . ဟုတ်ကဲ့၊ စိတ်ပြေလက်ပျောက် ကောင်းပါတယ်၊ ပြည်ဖက်လှည့်ပြီးယင် မင်းဘူးဖက် တက်အုံးမလား'

'ဘာလဲကွယ့် . . . မင်းဟာ သန်းအောင်ထွေးပါဘဲနော်'

'ဟုတ်ပါတယ် ဦး . . .'

'ဘာမှ ပျံမချီတော့ပါဘူး'

'ဒါဖြင့် စကားကောင်းကောင်း ပြောကွာ၊ တူတူးရဲ့ပြဿနာပြေလည်သွားတာ ပြောတာကွ၊ ဘယ်ကမင်းဘူးတွေ၊ ငါ်ဘူးတွေ လျှောက်ပြောနေရတာလဲ'

သန်းအောင်ထွေးသည် ပြုံးရုံပြုံးလိုက်မိသည်။

စိတ်ဓာတ်ခံက ပျော်ရွှင်နေသည် မဟုတ်၍ ဟက်ဟက်ပက်ပက်တော့ မရယ်လို ပါ . . .။

'မင်းရဲ့ ကျေးဇူးတော့ ဘယ်တော့မှမမေ့ပါဘူးကွာ'

'အင်း . . . ကျေးဇူးကိုတော့ဖြင့် သူတို့မိသားစုက မမေ့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ လူကိုတော့ဖြင့် ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ ထင်မည် မဟုတ်ချေ။'

'ကိုင်း ...တူတူးရဲ့ ရောဂါပျောက်တဲ့အတွက် မင့်ကိုကျေးဇူး ဆပ်ပါတယ်ကွာ၊ ရော့ . . . ကျန်တဲ့ငွေရှစ်ရာ'

ဦးထွန်းတင်သည် ငွေများကို အထပ်လိုက်စားပွဲပေါ်တင် လိုက်သည်။

'ကျွန်တော် . . . မယူပါရစေနဲ့ ဦးရယ်၊ မြမြစန်းရဲ့ရောဂါ ပျောက်ပြီဆိုယင် ကျေနပ်ပါပြီ၊ မယူပါရစေနဲ့'

'မလုပ်ပါနဲ့ကွာ . . . ဦးတို့စိတ်ချမ်းသာအောင် ယူပါကွယ့်'

'ကဲ ရေကြည့်စမ်းပါအုံးလေ'

သန်းအောင်ထွေးသည် ငွေစက္ကူ အထပ်ကိုကြည့်ရင်းက ဖြည်းညှင်းစွာနှင့် ခေါင်းကိုခါရမ်းလိုက်သည်။

ဦးထွန်းတင် ထပြန်သွားသည်အထိ ငေးငိုင်နေတုန်းဖြစ် သည်။ **ငွေသည်ဘာကိုမဆိုဝယ်၍ရ၏၊ မေတ္တာကိုတော့ ဝယ်၍ မရပါ ဝယ်၍သာမရခြင်းဖြစ်သည် မေတ္တာကိုချေဖျက်၍ တော့ရ၏၊ ယခုပင်ကြည့်တော့၊ သူ၏မေတ္တာကိုငွေဖြင့် ချေဖျက်လိုက် သည်၊ သူကမေတ္တာကိုလှမ်းပေးသည်၊ သူတို့ကငွေကိုပြန်ပေး သည်၊ သူ့ထံတွင်ငွေရောက်နေသည်၊ မြမြစန်းဆီကိုတော့ သူ၏မေတ္တာသည် မရောက်ချေတကား . . .။**





သန်းအောင်ထွေးသည် ဇတ်ကနဲမတ်တတ်ထလိုက်၏၊ ထို့နောက် ခပ်သုတ်သုတ်ပင် လွယ်အိတ်အလွတ်တစ်လုံးကို ယူလိုက် သည်။ ယင်းလွယ်အိတ်ထဲသို့ ငွေစက္ကူများကို ထိုးသွတ်ထည့်လိုက် ၍ အိမ်ကိုသော့ခတ်၍ ထွက်လာခဲ့လေ၏။

မကြာမြင့်မီသော ကာလတွင် သန်းအောင်ထွေး၏ ရှေ့တွင် ရွှေတိဂုံစေတီတော်ကြီးသည် ဝင်းဝါခန့်ညားစွာ ရပ်တည်တော်မူနေ လသည်။

ရင်ပြင်ပေါ်တွင် ဆောင့်ကြောင့် ကလေးထိုင်လိုက်၍ဘုရားကို သုံးကြိမ် ချလိုက်သည်။ ထို့နောက် တတ်သိသရွေ့၊ မှတ်မိသရွေ့ ဘုရားရှိခိုးများကို နှုတ်မှရွတ်၍ ရွတ်၏။

ရုတ်တရက် မြမြစန်း၏ ရယ်သံကလေး ကြားလိုက်ရသဖြင့် ုတ်မှ ရွတ်ဆိုခြင်းရပ်ကာ ချာကနဲလှည့်ကြည့်လိုက်၏။

မိန်းကလေးသည် အားရပါးရ ရယ်၍ . . . သူနှင့်အတူပါလာ သာယောကျ်ား၏ လက်မောင်းကို တွန်းပစ်လိုက်သည်။ တူတူယှဉ် ျှောက်လာသော ထိုအမျိုးသားမှာ ဘေးသို့ပင် ယိုင်ထွက်သွား ည်။

အသံသာတူသည်။ မိန်းကလေး၏ ရုပ်မှာမြမြစန်းနှင့် ဆိုလျှင် ိနှင့်ရေပင်တည်း . . .။

www.burmeseclassic.com



'ပုရိသ ဒမသာရထိသတ္ထာဒေဝ ဆိနင့်ရေဗုဒ္ဓေါ ရှပ်ချင်း တော့မတူ . . . ဟာ . . . ဟုတ်ပေါင်'

သန်းအောင်ထွေးသည် ဘုရားကိုယ်တော်မြတ်ကြီးကို ရှက်သလိုလို ဖြစ်လာသဖြင့် ဆက်မဆိုတော့ဘဲ ဦးချကာ ထွက်လာခဲ့လေသည်။

ထို့နောက်တွင်တား အလှူခံသောသေတ္တာ မှန်လျှင် သူချဉ်းကပ်တော့၏။ သေတ္တာထစ်ခုနားရောက်လိုက်၊ လွတ်အိတ်ထဲ လက်နှိုက်၍ပါလာသမျှ ငွေစက္ကူများ ထည့်လိုက်နှင့်လုပ်သည်။ အလှူခံသေတ္တာစောင့် လူကြီးကား များပြားသော ငွေစက္ကူများကို မြင်သဖြင့် ဝမ်းသာလှပေရာသူ့ရှေ့က ကြေးစည်ကလေးမှာ တစ်ဒေါင်ဒေါင်နှင့် အနှက်ခံရပြီး သွက်လက်စွာခုန်ပေါက်အော် မြည်လေတော့သည်။

သန်းအောင်ထွေးကား စိတ်ထဲမှဆုတောင်းသွား၏။

'မြမြစန်းကလေးသည် ဘဝဆက်တိုင်း စကီဇိုဖရီးနီးယားရောဂါသာမက အခြားသော နိုင်ငံခြားဖြစ် ရောဂါဘာ့ရောဂါမဆို မကပ်ငြိပါစေနဲ့၊ ငါသည်လဲ ဘယ်တော့မှဟန်ဆောင်ချစ်သူ မဖြစ်ပါရစေနဲ့၊ မြမြစန်းနှင့် ပေါင်းရသော ချစ်သူသာဖြစ်ရပါစေ . . .'

ဤကား သူ့ဝမ်းထဲက ဆုတောင်းသံဖြစ်ပေ၏။





နံပါတ်(၁၀)ကားသည် ခပ်သွက်သွက်ပင် မောင်းနှင်လာခဲ့သည်။ သူ့လမ်းစဉ်အတိုင်း ကန်တော်ကြီးကို ပတ်၍သွား၏။ တင်ဆောင်ထားသော ဝန်မှာမများသဖြင့် ကားမှာပေါ့ပါးနေပုံရသည်။ သို့မဟုတ် . . . ဝန်တွေအားလုံးကို သန်းအောင်ထွေး၏ ရင်ထဲတွင် ထည့်ခဲ့ပုံရ၏။ ကားပေါ့သလောက် သန်းအောင်ထွေး၏ရင်မှာ လေးနေသည်။

ဗိုလ်ချုပ်ကြေးရုပ်ရှေ့က ဖြတ်သောအခါတွင်ကား သန်းအောင်ထွေးသည် မျက်စိများကို ပိတ်ထားလိုက်လေ၏။

□ □ □

*ငွေသည် ဘာကိုမဆိုဝယ်၍ရ၏။ မေတ္တာကိုတော့ဝယ်၍မရပါ။*

*ဝယ်၍သာမရခြင်းဖြစ်သည်၊ မေတ္တာကိုရောင်းလိုက်၍တော့ရ၏။*

www.burmeseclassic.com

www.burmeseclassic.com

(၉)



## ခွဲတော့ဘူးသက်လယ်ရယ် (သို့) ဦးပေါင်းစင်းနှင့်မြင်းသိုရှင်

သန်းအောင်ထွေးသည် ခါတိုင်းကဲ့သို့ ပတ်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

သို့သော်သူ၏စိတ်မှာ ခါတိုင်းနှင့်မတူပါ။

ခါတိုင်းဆိုလျှင် ဦးထွန်းတင်၏ အလာကိုစောင့်နေခြင်းသာဖြစ်၏။ ဤသို့စောင့်မျှော်နေခိုက်တွင် ညနေစောင်း၌ မြင်ရတော့မည့် ရွှေလမင်းပပဝင်း မြမြစန်း၏ မျက်နှာလေးကို မြင်ရဦးတော့မည်ဟု





ဖရဏာပီတိမီးထိသကဲ့သို့ ဝုန်းကနဲ ဖုန်းကနဲအချစ်စိတ်များ ပေါက်ကွဲခဲ့ရသည်။

ယခုတော့ ဤသို့မဟုတ်တော့ချေ။

*ဘယ်တော့မှ မြင်ရတော့မည် မဟုတ်သည့် မျက်နှာကလေးကို မှတ်ဉာဏ်ထဲမှ မေးမှိန်ပျောက်ပြယ် သွားမည်ကို ကြောက်ဘိသည့်အလား၊ အလွတ်ကျက်နေသော ကျောင်းသားကဲ့သို့ အထပ်ထပ်တွေးနေမိသည်။ တွေးတိုင်းတွေးတိုင်းလည်း ရင်ထဲတွင် ဟာကနဲဟာကနဲ ခြောက်ထပ်တိုက် ခေါင်မိုးပေါ်မှ ခုန်ချရဘိသကဲ့သို့ ခံစားနေရသည်။*

ကားကြီးသည် ခါတိုင်းကဲ့သို့ ထိုးဆိုက်လာ၏။

သန်းအောင်ထွေးသည် ထိတ်ကနဲ ဖြစ်သွားသည်။

ကားပေါ်မှ ဦးထွန်းတင်ကြီး ဆင်းလာ၏။

သန်းအောင်ထွေးသည် ပို၍ထိတ်ကနဲ ဖြစ်သွားပြန်သည်။

တစ်နေ့က ပိုက်ဆံများကို သူသည်ရေတွက် မကြည့်မိခဲ့။ အကယ်၍ ပိုက်ဆံများ ပိုသွား၍ ဦးထွန်းတင်သည် လာပြန်တောင်းသည်ဟု ဆိုလျှင် ဒုက္ခ၊ စေတနာ ထက်သန်စွာနှင့် ဘုရားတွင် လှူပစ်ခဲ့ပြီဖြစ်ရာ စိုက်၍လျော်ရတော့မည့်ပုံ ပေါက်နေသည်။

အဖိုးကြီးသည် သူ့အနီးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးအပေါ်အင်္ကျီအိတ်ထဲမှ ဆေးပြင်းလိပ်ကို ထုတ်၍ပါးစပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တပ်ကာ မီးညှိလိုက်လေ၏။

သန်းအောင်ထွေးမှာ လိပ်ပြာမလုံသဖြင့် ဦးစွာပင်လွှတ်ကနဲ မေးလိုက်သည်။

'ပိုသလား . . . ဦး'

ဦးထွန်းတင်သည် ဆတ်ကနဲ မော့ကြည့်ကာ . . .။

'ဟင် . . . ဒီတစ်လိပ်ထဲပါတယ်' မပိုဘူး၊ မင်းကကော ဆေးပြင်းလိပ် သောက်သလား'

'ဟာ . . . ဆေးပြင်းလိပ်ပိုသလား မေးတာ မဟုတ်ဘူးခင်ဗျ ဟိုဟာပါ၊ ဟိုဟာတွေပြောတာပါ'

'ဘယ်ဟာတွေက ပိုနေလို့တုန်းကွ . . .'

'ဩော် . . . ဦးကို ပြောတာပါ'

'ဘာကွ၊ ငါကဘာဖြစ်လို့ ပိုရမှာလဲ၊ ငါ့ကိုလူပိုသက်သက်လို့ မြင်နေလို့လား'

'အို . . . မဟုတ်ပါဘူးလေ၊ ပိုတယ်ဆိုတာက ဘာမှမဆိုင်ပါ ဘူး၊ ကျွန်တော်မှားပြောတာပါ၊ ဒါထက် အခုဦးကိစ္စရှိလို့ လာတာလား'

'ဟေ . . . မင်းဆီကို ကိစ္စရှိမှလာရမလား'

'အို . . . မဟုတ်ပါဘူးလေ၊ လာရပါတယ်'

'အေး . . . ဒါပေမယ့် ငါ့မှာကိစ္စရှိတယ် . . .'





တော်တော်ဂွကျသော ပုဂ္ဂိုလ်အရှင့်အမာကြီး ပါတကား . . .။

'ကိစ္စရှိသလားဆိုတော့လည်း ကိစ္စရှိမှလာရမှာလားတဲ့၊ မဟုတ် ပါ ကိစ္စမရှိလဲ လာရပြန်တယ်ဟု ဆိုပြန်တော့၊ ကိစ္စရှိပါသည်တဲ့'

ဒီသမီး လေးသာမရှိရင်ဘယ်လိုမှ ပေါင်း၍သင်း၍ ကောင်း မည့် ပုဂ္ဂိုလ်ကြီးမဟုတ်လိုက်လေခြင်း။

'ဩော် . . . ဟုတ်ကဲ့၊ ကိစ္စရှိရင်လဲ ကျွန်တော်သိပါရစေ'

'သိရပါတယ်လေ . . .၊ အစခက်နေလို့ပါ၊ ဒါကြောင့်ဘဲ စဉ်းစားနေတာ၊ အစခက်နေလို့ . . .'

'ဗျာ . . .'

'အစရခက်နေလို့ . . .'

'ဟင် . . . ဦးက ဘယ်ကောင်မလေးကို ကြံနေလို့လဲ'

ဦးထွန်းတင်မှာ ဖင်ကိုမီးစနှင့် ထိုးလိုက်ခြင်းခံရသကဲ့သို့ တွန့် တနဲဖြစ်သွားကာ လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

'ဟာ . . . ကြံကြံဖန်ဖန်ကွာ၊ ငါလာရင်းကိစ္စကို ဘယ်ကစ ပြောရမလဲလို့ စဉ်းစားတာပြောတာကွ၊ ကဲ . . . စဉ်းစားမယ်'

'ဟုတ်ကဲ . . .၊ စဉ်းစားပါခင်ဗျာ၊ ကျေနပ်အောင် အချိန်ယူ ပြီး စဉ်းစားပါ . . .'

'ဩော် . . . စဉ်းစားပါ့မယ်လို့ ဆိုနေ . . .'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ . . . ၊ ကျွန်တော်ကလဲ စဉ်းစားဖို့တိုက်တွန်းနေတာပါဘဲ၊ ကန့်ကွက်တာမဟုတ်ပါဘူး၊ ကိုယ့်အိမ်လိုသဘောထားပြီး စဉ်းစားပါ'

'ဟာ-တယ် . . . ငါစဉ်းစားပါ့မယ် ဆိုမှမင်းကတော်တော်လျှာရှည်၊ မင်းဒီလို စကားတွေများနေတော့ စဉ်းစားလို့ရပါ့မလား'

'ဟုတ်ကဲ့'

ဘယ်နှယ့် . . . စဉ်းစားလို့ ရတယ်လို့မင်းကဆိုချင်တာပေါ့ ဟုတ်လား . . .'

'မဟုတ်ပါဘူး'

'နို့ စောစောက ဟုတ်ကဲ့ဆို'

'ဟုတ်ကဲ့'

'တော်ကွာတိတ်တော့၊ ငါလဲမစဉ်းစားတော့ဘူး၊ ပါးစပ်ထဲရှိတာတွေ ပြောချတော့မယ်၊ တူတူးက မင်းကိုလွမ်းလို့တဲ့'

'ခင်ဗျာ'

ဦးထွန်းတင်သည် ဆေးပြင်းလိပ်ကြီးကို ပြာခွေ နေရာကသူ့စကားမှာ အဓိပ္ပါယ်ကောက် လွဲမှားနိုင်သည်ကို စဉ်းစားမိသဖြင့် ပျာပျာသလဲ ထပ်ပြောလိုက်လေသည်။

'ဟာ . . . မဟုတ်သေးဘူးလေ၊ တူတူးက မင်းကိုလွမ်းတာမဟုတ်ဘူး'





'သြော် . . . မင်းကိုမလွမ်းခင် မိဖုရားကိုလွမ်းတာ ဖြစ်မှာပေါ့'

ဘယ်က ဟုတ်ရမှာလဲ မြမြစန်းသည် သန်းအောင်မြွေးကိုလွမ်းသည်မဟုတ်၊ စောကလျာနွယ်မိနှောင်းသည် ပါလယ်ချိုကိုလွမ်းတာကွ'

'စောကလျာနွယ် မိနှောင်းဆိုတာက ဘယ်ကနတ်ကုတော်လဲ'

'တူတူးရဲ့ နာမည်ဘဲ လေကွာ'

'ဟာ . . . ဦးသမီးက နာမည်တွေ များလှချည်လား'

'အရင်ဘဝက နာမည်ဆိုဘဲ၊ ငါလဲမသိပါဘူးကွာ၊ မိဘမသိတဲ့နာမည်ပေါ့ကွာ၊ ရှင်းရှင်းပြောရယင် ငါ့သမီးရောဂါပြန်ထပြန်ပြီကွ၊ မြင်းဖြူရှင်သေတော့ မနေ့ညနေက မြင်းညိုရှင်ကို မျှော်နေပြီကွ၊ သူလဲမလာဘူး၊ သူလဲမလာဘူးနဲ့ ဖြစ်နေတယ် . . .'

'သြော် . . . ဒါကြောင့်ဦးက ကျွန်တော်ဆီ လာတာကိုး'

'အေး . . . ဟုတ်တယ်'

'ဒီတစ်ခါဆိုရင် ကျွန်တော့်ခေါင်းကို ကျွန်တော်ပြန်ဖြတ်ပြရမယ်ဆိုပါတော့ . . .'

'ဟာမဟုတ်သေးပါဘူးလေ၊ နောက်ကို ဘာဆက်လုပ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ နောက်မှစဉ်းစားသေးတာပေါ့၊ ဒီညနေတော့ မင်းလာခဲ့ပါဖုံးကွာ . . .၊ ငါ . . . မောင်သာဦးကိုလဲ မှာထားခဲ့ပါပြီ . . .'

***ဤသို့ဖြင့် သန်းအောင်ထွေးမှာ ဦးထွန်းတင်၏ ခြံဝရှိတဲကလေးတွင်ဦးပေါင်းစင်းနှင့် မေးသိုင်းနှင့်တောင်ရှည်ပုဆိုးနှင့် မြင်းညိုနှင့်ဖြစ်ရပြန်လေပြီ။***

မကြာမီအချက်ပြမီး ထွက်ပေါ်လာပြီးသောအခါ သန်းအောင်ထွေးသည် မြင်းကို စုတ်သတ်ရင်း ရောက်လာလေတော့၏။

***ပါလယ်ချီခမ္ဘာ ဤတစ်ကြိမ်တွင် မျက်နှာညှိုးငယ်လှသည်။***

'ဟော . . . မောင်တော်လာပြီ'

မြမြစန်းက ဝမ်းသာအားရ ပြော၍ ပြတင်းပေါက်နားသို့ အပြေးကလေး ရောက်လာသည်။ ဒေါ်ခင်မေလည်း ကပ်ပါလာ၏။

သန်းအောင်ထွေးသည် ရှုတ်တရက် ရွံ့မဲ့၍ ခေါင်းတဆတ်ဆတ်ခါမိလေ၏။

'အို . . . မောင်တော်ဘာဖြစ်သလဲ ဟင် . . .'

'ပုရွက်ဆိတ် ကိုက်တယ်'

ပြောလည်းပြောစရာပါ၊ ကိုသာဦးခေါင်းပေါ်တွင် ခုပေးလိုက်သော အဝတ်စုတ်များထဲမှ ပုရွက်ဆိတ်များသည် တရွရွနှင့်သူ၏





ဦးခေါင်းကို ဆော်ကြလေတော့သည်။

'ရှင် . . . ပုရွက်ဆိတ်ကိုက်ဖွယ် ဟုတ်လား မောင်တော်'

'ဟုတ်မေ၏ နှမတော်၊ မသက်မသာ နာကျင်လှတယ်'

'ကြုံကြုံဖန်ဖန် မောင်တော်ရယ်၊ ဒါဖြင့်ဒီအထဲကို ကြွခဲ့ပါ၊ နှမတော် ကြည့်စမ်းပါမယ်'

မြမြစန်း၏ စကားကြားရသောအခါ ဒေါ်ခင်မေမှာ မျက်လုံးပြူးသွားလေ၏။ ဟိုငနဲကစွတ်ရွတ်ပြီး ကွေ့ဝင်လာခဲ့သော် ဒုက္ခဟုတွေးမိ၏။ ထို့ကြောင့်ပင်သန်းအောင်ထွေးဘာမှ မပြောနိုင်မီ ဒေါ်ခင်မေက မဝင်လာစေလိုသည့် သဘောဖြင့်ခေါင်းကို လျှင်မြန်စွာခါပြလိုက်၏။

အနားက နေ၍လှုပ်လှုပ်ရွရွ ဖြစ်သွားသဖြင့် မြမြစန်းက ချာကနဲ လှည့်ကြည့်လိုက်၏။ ဒေါ်ခင်မေမှာလည်း ဇက်ညောင်းသလိုဆက်၍ မော့ချည်ငုံ့ချည်နှင့် ဟန်ဆောင်ရလေသည်။

***ဤနေ့အဖို့ သန်းအောင်ထွေးကံခေလှသည်။***

မြမြစန်းနှင့် တွေ့ရလျှင် 'ဇာတ်'ထဲတွင်ဖြစ်သဖြင့် ရသမျှသော အခွင့်အရေး ယူကာ အလွမ်းသယ်တော့မည်ဟုခဲထားလေရာ ခေါင်းပေါ်မှ ပုရွက်ဆိတ် အချို့သည် ဘယ်နည်းဘယ်ပုံနှင့် တင်ပါးအထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကုန်သည်မသိ။ မြီးညှောင့်ရိုးဆီမှ ဆစ်ကနဲကိုက်လိုက် လေရာ ခါးကော့သွားမိတော့၏။ ဘယ်လိုမှမအောင့်နိုင်သဖြင့် လက်နှင့်လှမ်း ပွတ်ရသည်။

သူ့မြီးညှောင့်ရိုးနားကို သူပွတ်လေရာ လက်သည် မြင်း၏ အမြီးရင်းနားကို ကုတ်လိုက်သလို ဖြစ်သွားလေ၏။

ကိုသာဦးကား . . . မြင်းကို သင်ကြားပုံအလွန်တော်သည်။

အမြီးရင်းနားသို့ ကုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဖတ်ကနဲ ပါတတ်ရပ်လိုက်တော့ရာ . . . သတိလုံးဝမထားမိသော သန်းအောင် ထွေးမှာ မြင်းပေါ်မှ ဖုတ်ကနဲ ပြုတ်ကျလေတော့၏။

'အို . . . သေပါပြီတော် . . .'

ဒေါ်ခင်မေမှာ သတိလွတ်၍ လွတ်ကနဲအော်ပြီး ပြေးထွက် လာ၏။ ဆင်ဝင်အောက်မှ ဦးထွန်းတင်လည်း စိတ်ပူစွာနှင့် ပြေး လာလေ၏။

အစောင့်အကြပ်များ လွတ်သွားသည်နှင့် တစ်ပြိုင်နက် မြမြစန်းသည်လည်း ပြေးထွက်လာကာ မိဘများကို အတင်းထိုး ဖော့၍မြေကြီးပေါ်တွင်ခွေနေသော သန်းအောင်ထွေးကို ဒူးထောက် ၍ပွေ့ယူလိုက်လေသည်။





သတိရ၍ မျက်စိဖွင့်လိုက်သော သန်းအောင်ထွေးမှာ မို့မောက်သော ရင်အုံကို ဦးစွာတွေ့ရ၏။

**ရင်အုံနှစ်ခုကြားမှ လှပသော မြမြ စန်း၏ မျက်နှာလေး ကို တောင်ကြားမှသာသည့်လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်းပပ မြင်ရလေတော့သည်။**

'ဟာ . . . တစ်သက်လုံးဖုံးသမျှ ပေါ်ကုန်ပဟေ့ . . . တူတူး သူ့ကို လူအစစ်မှန်း သိသွားပြီဟေ့ . . .'

ဦးထွန်းတင်က အလန့်တကြားပြော၏။ မြမြစန်းသည် ပြုံး ရွှင်စွာမော့ကြည့်ရင်း ပြောသည်။

'တူတူး အစကတည်းက သူလူမှန်းသိပါတယ်၊ တူတူးပြော ပြပါတော့မယ်၊ နယ်မှာတုန်းက တူတူးဖတ်သမျှဝတ္ထုတွေထဲမှာရော ရုပ်ရှင်တွေထဲမှာရော၊ စိတ္တဇရောဂါကို ဖတ်ရမြင်ရတယ်၊ သမီး သိပ်ဖြစ်ချင်လာတာပေါ့၊ ရောဂါကလဲ မဖြစ်၊ ဒီရောဂါမဖြစ်တော့ ခေတ်မမှီတော့ဘူးထင်တာနဲ့ သမီးလဲ အားကျပြီးအတင်းဖြစ်ယူ တာပါ။ နောက် ဖေဖေတို့လုပ်လို့ ဒီအကိုဒုက္ခလာလာခံရတာတွေ့ တော့ သနားလာတယ်လေ၊ အခုကြည့်ပါအုံး၊ သမီးကြောင့် သူ့ဒုက္ခ ရောက်ရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်သည် သူ၏နဖူးပြင်ပေါ်ကို သူ့ဘာသာ ပစ်ထုမိတော့သည်။

'သေလိုက်ပါတော့ကွာ၊ အားကျလို့များ ရောဂါဖြစ်ကြည့်ရတယ်လို့ . . .'

ဤကဲ့သို့ လူပျို-အပျိုရင်းနှီးသွားမှုတွင် မိဘများက မကန့်ကွက်ကြသော် အကျိုးဆက်ကား . . . ထိမ်းမြား မင်္ဂလာပွဲတွင် ဖြစ်ကြောင်းအားလုံးသိရှိကြပြီး ဖြစ်ပေလိမ့်မည်။

□ □ □

ပြီးပါပြီ။

ကြယ်ကလေး




www.burmeseclassic.com

www.burmeseclassic.com


ချစ်သူချင်းပြောသောဘာသာ စကားမှာ ကမ္ဘာအရပ်ရပ်ခေတ် အဆက်ဆက် တစ်မျိုးတည်းသာ ရှိသည်။ အသံထွက်ပြောရန်လည်း မလိုအပ်ပါချေ။





ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာဖက်၍ ထားရင်းကျွန်ရစ်ခဲ့ကြလေ၏။ တစ်ယောက်မျက်နှာကို တစ်ယောက်မဝတမ်း ကြည့်နေကြလေ၏။ အပြုံးချင်းကို လဲလှယ်၏။ အသည်းချင်းကို အပေးအယူပြုကြသည်။ ဘဝ၏ အသာယာဆုံးသောအချိန် ကလေးပင် ဖြစ်တော့၏။

(၁)



ကျွန်ုပ်၏ခွန်စားခြင်း ...!

တံခါးဘောင်၏နံဘေးရှိသော လူခေါ်ဘဲလ်အတွက် ခလုတ်ကို နှိပ်လိုက်ပြီး၍ လက်ကိုချလိုက်မှ စိတ်ကူးတစ်မျိုးပေါ်ပေါက်လာသည်။

လာမိသည်မှာ မှားများ မှားသွားလေပြီလား ...။

အသက်ဘေးအန္တရာယ်များ ဖြစ်နိုင်လေမည်လား။

အို ... မှားလေပြီလား။

တည်ကြည်ခန့်သည် ယခုမှ စိတ်တွေထွေပြား၍ ရင်ခုန်ချင်သလိုလို ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ရှိ အဆောက်အဦးကြီးသည် ခိုင်မာသည်နှင့်အမျှ လုံခြုံ
လည်း လုံခြုံလှ၏။ မျက်နှာရှေ့ရှိ တံခါးကြီးကပင် ဟိန်းနေတော့ သည်။
အပေါက်ဟူ၍ လုံးဝမရှိသော သံမဏိ အပြင်ကြီးသာဖြစ်၏။
ပြောင်လက်လိုက်သည်မှာလည်း တဖိတ်ဖိတ်တောက်နေ၏။ သူ၏
အရိပ်သည်ပင် ကြေးမုံပြင်မှန်သားအလား ထင်ရှားနေသည်။

တည်ကြည်ခန့်သည် မှန်ကြည့်သလို သူ့အရိပ်ကို သူပြန်ကြည့်
မိ၏။ ရယ်ချင်သလိုလိုပင် ဖြစ်လာသည်။ ဆံပင်လေးပွယောင်း
ယောင်း၊ ဘောင်းဘီရှည်ကျပ်ကျပ်၊ အကျီနီညိုရောင်လက်တို
ခြေထောက်တွင်ကား ... ညှပ်ဖိနပ်။ ဤမျှတင့်တောင်းတင့်တယ်
ဖြစ်နေသော သူ့ကိုယ်သူကို ပြုံးရယ်ပြုချင်လာသည်။

ထို့ကြောင့်ပင် တည်ကြည်ခန့်သည် ခပ်တည်တည်ပင် ကိုယ့်
အရိပ်ကို ကိုယ့်ဘာသာကိုယ် လျှာထုတ်ပြလိုက်၏။

***စိတ်ဟူသည် အလွန်လျှင်မြန်လှလေသည်။*** လူခေါ်ဘဲလ်
ကိုနှိပ်၍ လက်ကိုပြန်ချလိုက်သည်မှာ ဘာမျှမကြာသေးသော်လည်း
သူ့စိတ်သည် အကန့်အမျိုးမျိုးကို ဖြတ်ကျော်သွားလေသည်။ ပထမ
ရင်ဖိုသည်။ နောက်တော့ ... ရယ်ချင်လာသည်။ ယခုသော့ကား
ပြီးခဲ့သော အာရုံတစ်ခုသို့ ရောက်နေသည်။

သူငယ်ချင်းဖြစ်သူ ကိုစိုးတင်က ... "ခင်ဗျား စွန့်စားချင်
တယ်ဆို ..."ဟု မေးလာစဉ်က မိမိက အလွယ်တကူပင် "အို





စွန့်စားရတဲ့အလုပ်ဆိုရင် သိပ်ဝါသနာပါတာပေါ့ဗျာ။ ကိုယ့်ထမင်း
ကိုယ်စားပြီးသေမင်းကို နားရွက်တံတွေးဆွတ်တဲ့ အလုပ်ကို သိပ်ကြိုက်
တာ"ဟု ခပ်ကြွားကြွားပြောခဲ့၏။ ယခုအချိန်တွင် ကိုစိုးတင်၏
လိပ်စာပေးစေလွှတ်မှုကြောင့် အတွင်းဘက်တွင် လူသူလေးပါးနှင့်
အဆက်ဖြတ်ကာ စမ်းသပ်မှုများ ပြုလုပ်နေသည်ဆိုသော သိပ္ပံပညာရှင်
ကြီး ဒေါက်တာဦးထွန်းဇံ၏ ရဲတိုက်ကြီးရှေ့သို့ ရောက်နေရခြင်း
ဖြစ်ပါ၏။

ရဲတိုက်ကြီးဟုပင် ခေါ်ရတော့မည်။ ပတ်ပတ်လည်တွင်
အပေါက်ဟူ၍ မမြင်ရ။ သံမဏိပြားများပေါ်တွင် ဖြစ်ပေါ်နေသော
ပတ်ကြားအက် မျဉ်းဖြောင့်ကြီးများသည် အချို့နေရာများတွင် ရှိနေ
သည်။ သက်ရှိသတ္တဝါဟူ၍ကား ခြံကြီးထဲဝင်လာကတည်းမှစ၍
ယခုအထိ မတွေ့ရသေး။

တည်ကြည်ခန့်သည် သူ့မျက်စိရှေ့မှ တံခါးဘောင်အတွင်းတွင်
အနည်းငယ်ချိုင့်ဝင်နေသော သံမဏိပြားကြီး၏ အလည်တည့်တည့်
မှဒေါင်လိုက်မျဉ်းဖြောင့် ဖြစ်နေသည့် ပတ်ကြားအက်ကျဉ်းကျဉ်း
လေးကို ကြည့်လိုက်၏။

"တူ ... တူ ... တူ ... တူ ..."

သူ့ခေါင်းထက်နားဆီမှ အီလက်ထရောနစ် ပစ္စည်းများမှ
ထွက်ပေါ်တတ်သည့် အသံမျိုးကိုကြားရသဖြင့် မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံရံသားထဲတွင် မြှုပ်ထားသော မှန်ထူထူ၊ ခပ်ဖုဖု ဝိုင်းဝိုင်းမှာ ယခုအခါအလင်းရောင်ဖြင့် ရဲရဲနီနေသည်။ သူနှိပ်လျှင် တူ. . . တန် ဆွဲ၍မြည်ပြီး သူပြန်မှိတ်လျှင် အသံလည်းတိတ်သွား၏။ ဤသို့ဖြင့် မီးနီကလေးသည် မှိတ်ချည်လင်းချည် ဖြစ်ပြီးသော်. . . သတ္တုချင်း ကြိတ်၍ ပွတ်သံနှင့်တကွကြီးမားသောစက်ကြီး တစ်ခုနိုးလာသံများကို ကြားရသည်။

သူ့ရှေ့မှ ပတ်ကြားအက်ကြီးသည် ဟ၍ကျယ်၍လာတော့ သည်။

ဤကား တံခါးရွက်သည် တဖြည်းဖြည်းဘေးသို့ ပွင့်ရွေ့သွား ပြီး လူတစ်ယောက်စာ ဝင်သာရုံလောက်နေရာတွင် ရပ်သွား၏။

တည်ကြည်ခန့်သည် အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

အတွင်းတွင် မီးရောင်ဟူ၍ မရှိရသည့်အထဲ သူ့နောက်မှ တံခါးမှာလည်း အလိုလိုပင် စက်သံများမြည်ကာ ပိတ်သွားခဲ့လေပြီ။

ရင်သည် တစ်ကြိမ်ထပ်၍ ခုန်လာပြန်၏။

*ဒီကိုလာမိသည်မှာ မှားများမှားလေပြီလား၊*

***သို့သော်. . . ယောကျ်ားတို့၏စိတ်ဖြင့် ရှေ့သို့တက်ရပေ တော့မည်။ နောက်သို့ ဆုတ်နစ်၍မရသော နေရာတွင် ရှေ့သို့ တက်ပေတော့အံ့။***





ထိုခဏတွင် မည်သည့်နေရာတွင် တပ်ထားသည်တူ၍ မသိရ သော အသံချဲ့စက်တစ်ခုဆီမှ အသံထွက်ပေါ်လာသည်ကို ကြားရ၏။

"မောင်တည်ကြည်ခန့်. . . မကြောက်ပါနဲ့၊ အခု စကားပြော နေတာ ဦးထွန်းဖဲပဲလေ၊ မီးတွေနောက်ကိုသာ လိုက်ခဲ့"

အသံသည် ပြန်လည်၍တိတ်သွား၏။ ပတ်ဝန်းကျင်လည်း ပြန် ၍မဲမှောင်သွားလေသည်။ ထိုကြောင့်တည်ကြည်ခန့်က အော်ဟစ် လိုက်သည်။

"ဘယ်မီးတွေနောက် လိုက်ရမှာလည်းခင်ဗျ. . . ကျွန်တော် လဲဆေးလိပ်သောက်မနေပါဘူး။ တကယ်လို့ ဆေးလိပ်သောက်နေ တယ်ဆိုရင်လဲ ဆေးလိပ်မီးနောက်လိုက်ရရင် ကျွန်တော့်ဆီကျွန်တော် ပြန်ရောက်နေမှာပေါ့ခင်ဗျ"

သူ့အသံသည် သံမဏိသေတ္တာထဲတွင် အော်ရသကဲ့သို့ ဟိန်း ၍ ခန့်ညားနေသည်။ တစ်နေရာက အသံချဲ့စက်ဆီမှရယ်သံလား ညည်းသံလား မသဲကွဲသည့် အသံတစ်ခုထွက်ပေါ်လာ၏။

ထို့နောက် မကြာမီ သူ၏ခေါင်းပေါ် မျက်နှာကျက်ဆီမှ ထမင်း အားပန်ကန်လောက် ဝါကျင့်ကျင့် အလင်းရောင် ဝိုင်းတစ်ခုဖျတ်ကနဲ ထင်းလာ၏။ ဤမှေးမှိန်နေသော အလင်းရောင်ဖြင့် သူ့ရှေ့ကို မြင်သင့်သလောက် မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် လူနှစ်ယောက်ခွဲစာလောက် ကျယ်သည့်စင်္ကြံ လမ်း ရှည်ရှည်ကြီး ရှိသည်။ တစ်ဖက်တစ်ချက်တွင်ကား သံမဏိပြားတွေ သာရှိတော့သည်။ အချို့နေရာများတွင်မူ ဘောင်တွေ၊ ဘုတွေ၊ ချိုင့်တွေ ရှိ၏။ အချို့နေရာများတွင်ကား ထုံးစံအတိုင်းပက်ကြားအက် ကြောင်း ကြီးတွေပင်တည်း။

သူ့ရှေ့နားရှိ မျက်နှာကျက်ပေါ်က ဝါကျင့်ကျင့် မီးဝိုင်းပြားတစ်ခု လင်းလာပြန်၏။ စောစောကမီးနှင့် နှစ်တောင်လောက်ကွာသည်။ ဒုတိယမီးရောင် ပွင့်လာပြီး၍ ဆယ်စက္ကန့်လောက် အကြာတွင် ပထမ မီးမှာ မှိတ်သွားလေ၏။

တည်ကြည်ခန့်လည်း ရှေ့သို့ လှမ်းလိုက်၏။ ဤသို့ဖြင့် မျက်နှာကျက်မှ မီးဝိုင်းပြားတို့သည် တစ်ခုပြီးတစ်ခု လင်းလာလိုက်၊ အရင် လင်းပြီးသော မီးများ မှိတ်သွားလိုက် ဖြစ်လာ၏။ တည်ကြည်ခန့် သည်လည်း မီးတွေနောက်သို့ လျှောက်လိုက်ရပ်လိုက်နှင့် ဆက် တောက် ဆက်တောက်သွားလေရာ တစ်နေရာသို့ ချိုးကွေ့ပြီးသော အခါ လေးဒေါင့်ဘောင်နှင့် တစ်ကွသော သံမဏိပြားကြီးကို ရင်ဆိုင်ရတော့သည်။ အလည်တည့်တည့်တွင် ထုံးစံအတိုင်း ပက်ကြား အက် မတ်တတ်စင်းကြီးရှိ၏။ ဤဟာကား ... တံခါးပေါက်ပင် တည်း။ သို့သော် ပိတ်ထား၏။





ဦးခေါင်းပေါ်မှ နောက်ဆုံး လင်းနေသော ဝါကျင့်ကျင့် မီးဝိုင်း ပြားသည် ငြိမ်းသွားလေပြီ။ အမှောင်ထုထဲဝယ် တည်ကြည်ခန့်သည် ဆယ်စက္ကန့်လောက် ရပ်လိုက်ရ၏။

တံခါးပေါက် အပေါ်ဘောင်၏ အလည်နားမှ မီးနီကလေး ကြာကြာလေး လင်းလိုက် ခဏငြိမ်းလိုက်နှင့် လေးကြိမ်လေးခါမျှ ဖြစ်သည်။

"တူ . . . တူ . . . တူ . . . . တူ . . ."

ပက်ကြားအက် မတ်တတ်စင်းသည် စက်သံများနှင့်အတူဟ၍ ကျယ်၍ သွားလေတော့သည်။ အတွင်းမှ အလင်းရောင်သည် အပြင် သို့လျှံ၍ အတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် နောက်က တံခါး ပြန်ပိတ်သွား၏။

"ပူ . . . ပွတ် . . . ဖျစ် . . ."

ဒေါက်တာ ဦးထွန်းဖိုင် သိပ္ပံအဆောက်အဦးကြီး၏ မည်သည့် အစိတ်အပိုင်းကမှ ထွက်လာသည့်အသံတွေ မဟုတ်ချေ။တည်ကြည် ခန့်က 'လေ'ကို မထိန်းချုပ်နိုင်ခြင်းသာ ဖြစ်ပေ၏။ သူ၏ လေလည် သံသည် သံမဏိတွေကာ၍ ကျယ်ဝန်းလှသော အခန်းကြီးထဲတွင် ဟိန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက လူများသည် ချာကနဲသူ့ကို လှည့်ကြည့်လိုက်၏။

ဤအခန်းတွင်ကား လူတွေ ရှစ်ယောက်ကိုးယောက်လောက် ရှိ၏။ တစ်နေရာထဲတွင်တော့ မဟုတ်၊ ပြီးတော့ အားလုံးမှာ အလုပ်ကိုယ်စီနှင့် ဖြစ်ကြ၏။ တစ်ချို့မှာ ထိုင်နေကြ၏။ တစ်ချို့မှာ မတ်တပ်ရပ်နေကြ၏။ တစ်ချို့မှာ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာနေကြ၏။ အားလုံးမှာအနောက်တိုင်းက ဆေးစပ်ဆရာများကဲ့သို့ အကျီအဖြူရှည်ကြီးများကို အပေါ်ကဝတ်ထားကြ၏။ အောက်ကမှ ဘောင်းဘီရှည် အောက်ပိုင်းများကို မြင်ရသည်။ ဖိနပ်များကိုကား အထူးစီမံထားပုံရ၏။ ခြေသံမကြားရချေ။

သူတို့ရှေ့တွင် စက်ကိရိယာများ၏ အစိတ်အပိုင်းများ ဖြစ်ကြဟန်တူသော အိမ်မြှောင်ငယ်ကလေးတွေရှိသည်။ ဒိုင်ခွက်များ၊ မီးလုံးအနီ၊ အစိမ်းကလေးများ မှိတ်တုတ်မှိတ်တုတ် ဖြစ်ယင်း 'တူ . . . တူ . . .' နှင့် မြည်နေသော မီးလုံးကလေးများ စသည်တို့ရှိကြ၏။ အမည်မဖော်နိုင်သော နေရာမှ စက်လည်သံလိုလို အသံများမှာလည်း တိုးလိုက်ကျယ်လိုက် ညည်းတွားလိုက် ဖြစ်နေသည်။

တည်ကြည်ခန့်က ရပ်၍ ဤမျှသာ အကဲခတ်ရသေးသည်။ စားပွဲခုံတစ်ခုံနားတွင် ရပ်ပြီး တစ်စုံတစ်ခုပြောနေသော လူကြီးတစ်ဦးသည် သူ့ဆီသို့ ကွေ့၍လျှောက်လာခဲ့တော့၏။





"လာ . . . မောင်တည်ကြည်ခန့်၊ ဦးနဲ့ဆွေးနွေးရအောင် တစ်နေရာကို သွားကြစို့"

ဦးထွန်းဇံက တည်ကြည်ခန့်၏ လက်ကို ကိုင်လိုက်ပြီး အခန်းတစ်နေရာသို့ ခေါ်သွား၏။ လူလေးယောက်စာမျှ ရပ်သာရုံ အခန်းကလေးတစ်ခုထဲသို့ ရောက်သွား၏။ သူတို့ဝင်လာသော တံခါးမှာ ထုံးစံအတိုင်း အလိုလိုပြန်ပိတ်သွား၏။ ထိုခဏတွင်ပင် အခန်းကလေးသည် သိမ့်ကနဲ ဖြစ်သွား၏။ တည်ကြည်ခန့်မှာ ရုတ်တရက်မို့ လန့်အော်မိတော့သည်။

"အောင်မယ်လေး ဗျ"

"ဘာဖြစ်တာလဲ . . . မောင်တည်ကြည်ခန့်ရဲ့"

"ကျွန်တော်တို့ကို မြေမျိုနေပြီ"

"ဟာ . . . ဘယ်က ဟုတ်ရမှာလဲ၊ ဓါတ်လှေကားနဲ့ ဆင်းတာကွ . . ."

"ဟာ . . . ကျွန်တော်တို့ စောစောက ရပ်နေတာမြေကြီးအထပ်မှာဘဲ ဥစ္စာ"

"ဟို . . . မြေတိုက်ခန်းတွေက အောက်မှာ လေးထပ်လောက်ရှိသေးတာ"

ဓါတ်လှေကားလည်း ရပ်သွား၏။ တံခါးလည်း ပွင့်သွား၏။ အခန်းတစ်ခုထဲသို့ ဝင်မိကြတော့သည်။

"အောင်မယ် . . . ဒီအခန်းကလဲ မီးတွေလင်းလို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"လင်းနေတာပေါ့ကွ . . . ဒို့ကပွေးတွေမှ မဟုတ်တာ၊ လူတွေဘဲဟာ . . . မှောင်ထဲနေကြပါ့မလား"

"မဟုတ်ပါဘူးခင်ဗျာ . . . ကျွန်တော်ဝင်လာတုန်းက စကြံလမ်းဟာ မှောင်ပိန်းနေလို့ပါ"

"ဒါကတော့ လုံခြုံမှုအတွက်မှောင်ချထားတာကိုး"

တည်ကြည်ခန့်သည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက် ၏။

"ဟုတ်ကဲ့ . . . ယောကျ်ားလေးတွေ အတွက်တော့ ဟုတ်မှာပါလေ . . . မိန်းကလေးတွေ အတွက်ဆိုယင်တော့ မှောင်ပိန်းနေတာဟာ ပိုပြီးမလုံခြုံဘူးထင်တယ် . . ."

"မိန်းမစကားမပြောနဲ့ကွာ၊ ငါဟာမိန်းမကို မတွေ့တာ်အနှစ်နှစ်ဆယ်ကျော်ပြီ၊ ခုနေမှာ မြင်ရယင်မေ့လဲသွားမှာဘဲ . . ."

"မိန်းမကလား . . . မေ့လဲမှာ"

"ငါကကွ . . . ငါက မေ့လဲမှာ"

ကုလားထိုင်များတွင် အသီးသီးထိုင်လိုက်မိကြ၏။ တည်ကြည်ခန့်သည် ဘေးပတ်ဝန်းကျင်သို့ မျက်စိကစားလိုက်သည်။

စာအုပ်ဘီဒိုတွေ မြောက်များစွာရှိ၏။ အချို့မှာ ခါးတစ်ဝက်လောက် မြင့်ပြီး ဘေးသို့ ရှည်လျားလှသည်။ တစ်ချို့မှာ မတ်တတ်ဘီဒိုများ ဖြစ်ကြ၏။ စာအုပ်စင်ကြီး စင်ကလေးပေါင်းလည်း များစွာရှိသည်။ စာအုပ်တွေ အပြည့်နှင့်ချည်းဖြစ်၏။

နံရံပေါ်တွင် လေးဒေါင့်မှန်ချပ်များကို ဘောင်ခတ်ထား၍





ထားသည်မှာ နေရာတော်တော် များများတွင်ရှိ၏။ မှန်သားမှာ နောက်ကျိုကျို အဖြူရောင် ဖြစ်သည်။

"ကဲ . . . မောင်တည်ကြည်ခန့်၊ ဦးဆီမှာ နိုင်ငံခြားအရက်မျိုးစုံရှိတယ်။ မန္တလေးဘီယာလဲရှိတယ်။ တောက အရက်လဲရှိတယ်။ ဘာသောက်မလဲ . . . ပြော"

တည်ကြည်ခန့်သည် မဆိုင်းမတွပင် ဖြေကြားလိုက်သည်။

"လက်ဖက်ရည်ကြမ်း သောက်မယ်ခင်ဗျ"

"အေး . . . ကောင်းတယ်၊ ငါလဲရေမုန့်တွေ လုပ်ခိုင်းထားတာနဲ့တော့ အတော်ဘဲ"

ဦးထွန်းဇံသည် နေရာမှထသွားသော နံရံရှိ ဘောင်ခတ်ထားသည့် မှန်ချပ်ငယ်တစ်ခုရှေ့တွင်ရပ်လိုက်၏။ ထို့နောက် မှန်ချပ်အောက်ဘောင်ပေါ်မှ ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။

မှန်သားသည် လင်းလာ၍ စဖိုမှူးဟု ထင်ရသူတစ်ဦး၏သဏ္ဍာန်ပေါ်လာသည်။

"မောင်ရွှေစိုးရေ . . . ရေမုန့်နဲ့ လက်ဖက်ရည်ကြမ်း ယူလာခဲ့တော့ကွယ် . . ."

"ဘယ်ကိုယူခဲ့ရမှာလဲ . . . ဆရာကြီး"

"အောက် . . . သုံး၊ အမှတ်စဉ် လေး ဒသမ ဝသုံးလုံးငါးနှစ်ပိုင်း တစ်ပိုင်းကွင်းဒေသကို ယူခဲ့လေ . . . ဒါဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဇံသည် ခလုတ်ကို ပြန်ပိတ်လိုက်၏။ ရုပ်မှုလည်း ပျောက်သွား၏။ ထို့နောက် တစ်နေရာက မှန်ချပ်တစ်ခုရွေ့၍ သွားရုပ် ပြန်ကာ ခလုတ်နှိပ်လိုက်ပြန်သည်။

မှန်ချပ်လင်းသွား၍ ဦးထွန်းဇံ၏ လက်ထောက်တစ်ယောက် ပေါ်လာသည်။

"လုပ်သား . . . ဝလေးလုံးခြောက်ရေ။ မင်းနဲ့အတူ အခြား လုပ်သားသုံးယောက်ကိုခေါ်ပြီး ငါ့ဆီကိုလာခဲ့။ ဒီမှာ အစမ်းခံလူ ရောက်နေပြီ . . ."

ဘယ်ဒေသကို လာခဲ့ရမလဲ . . . ဆရာကြီး"

"အောက်-သုံး၊ အမှတ်လေး ဒဿမ ဝသုံးလုံး ငါးနှစ်ပိုင်း တစ်ပိုင်းဒေသလေကွာ . . ."

"ဟုတ်ကဲ့ . . . ဆရာကြီး"

"ဒါဘဲ . . ."

ဦးထွန်းဇံသည် နေရာတွင် လာပြန်ထိုင်လိုက်သည်။

"ဒီမှာ . . . မောင်တည်ကြည်ခန့်၊ မောင်စိုးတင့်က အကျိုး အကြောင်းတွေ ပြောပြထားပြီ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဆရာကြီးရဲ့ စမ်းသပ်မှုတစ်ခုမှာ ပါဝင် စမ်းသပ်ခံဘို့ ကျွန်တော် သဘောတူလို့ လာခဲ့တာပါ"





"ကျုပ်ဟာ . . . ထင်ရှားတဲ့သိပ္ပံပညာရှင်ကြီးမှန်းတော့ သိပြီ ပလား"

"ဟုတ်ကဲ့ . . . သိပါတယ်"

"ဒါဖြင့်ယင် . . . ကျုပ်ကို ရှိသေဘို့တော့ ကောင်းတာပေါ့"

"ရှိသေပါတယ် . . . ခင်ဗျာ"

"ရှိသေတယ်ဆိုယင် . . . ဘာဖြစ်လို့ ပြောင်ရတာလဲ"

"ဗျာ . . ."

တည်ကြည်ခန့်သည် လွန်စွာမှ အံ့အားသင့်သွားရသည်။ ဤဆရာကြီးဟု ခေါ်ဝေါ်သမုတ်အပ်သော ပုဂ္ဂိုလ်ကြီးနှင့် မျက်နှာ ချင်းဆိုင်မိသည့်အချိန်မှစ၍ တစ်ကြိမ်တစ်ခါမျှ မျက်စိတစ်ဖက် မှိတ် ပြခြင်း၊ ပါးစပ်ရွဲ့ပြခြင်းများကို သူမလုပ်ခဲ့သေးသည်မှာ အမှန်ပင် ဖြစ်သည်။

"မင်း . . . ကျုပ်ကိုပြောင်ပြတယ်လို့ ပြောတာ"

"ပြောင်ပြတယ်ဆိုတာ . . . တောထဲက ခြေလေးဘက် တိရိစ္ဆာန်ကြီးတစ်ကောင်ကို ပြတယ်လို့ အဓိပ္ပါယ်သက်ရောက်နိုင် ပါသလား ခင်ဗျာ . . ."

"ဘယ်က ဟုတ်ရမှာလဲ၊ မင်းရှာထုတ်ပြတယ်"

"ဟောဗျ . . . အခုဆရာကြီး စကားစမပြောခင်က ကျွန် တော်ပါးစပ်ဟာ တင်းတင်းကျပ်ကျပ်ဘဲ စေ့နေပါတယ်။ သိပ္ပံပညာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ထွန်းကားထွန်းကား ပါးစပ်ပိတ်ထားယင် လျှာဟာ မေးစေ့အောက်ကတော့ ထွက်မလာနိုင်ပါဘူးခင်ဗျာ"

"မဟုတ်ပါဘူး၊ မင်းဘာတွေရှောက်ပြောနေတာလဲကွ၊ စောစောက ကျုပ်အိမ်ဝင်ပေါက်ဝမှာတုန်းက လျှာထုတ်ပြတယ်"

ဤတွင်မှ တည်ကြည်ခန့်သည် တစ်ယောက်တည်း လျှာထုတ်ပြခဲ့သည့်အဖြစ်ကို ပြန်လည်သတိရကာ အားရပါးရ ရယ်လိုက်မိတော့သည်။ သူရယ်သည်နှင့်အမျှ ဦးထွန်းဇံ၏ မျက်လုံးများလည်း ပြူးကျယ်ကြကုန်၏။

"မင်း လျှာထုတ်ပြတာကို ကျုပ်က ပြန်ပြောတာဟာ အလွန်ကြီးကျယ်တဲ့ ရယ်ရွှင်ဘွယ်စကားတော့ မဖြစ်သင့်ဘူး ထင်တယ်ကွ"

"မဖြစ်သင့်ပါဘူးလေ . . . ကျွန်တော်က ကျွန်တော်တစ်ယောက်တည်း အမှတ်နဲ့ လျှာထုတ်ပြခဲ့တာပါ"

"ဟော့ . . . ဘယ်လိုလဲကွ၊ မင်းဟာ တစ်ယောက်တည်း နေရင် ဒီလိုဘဲ လျှာကို ခဏခဏထုတ်ပြတတ်တဲ့ အကျင့်ရှိသလား။ ဒီလိုဆိုရင် မင်းကို စမ်းသပ်လို့ မရဘူးထင်တယ်"

ဤတစ်ချီတွင်ကား တည်ကြည်ခန့်က မျက်လုံးပြူးရသည့် အလှည့်ဖြစ်ပါသည်။

"မဟုတ်ပါဘူးခင်ဗျာ . . . သံမဏိပြားပေါ်မှာ အရိပ်ပြန်ထင်နေတဲ့ ကျွန်တော့်ပုံကို မြင်ပြီး လျှာထုတ်ပြမိတာပါ"





"ဒီလိုဆိုရင် တော်သေးတာပေါ့၊ မင်းက လူခေါ်ဘဲလ်ကို နှိပ်လိုက်လို့ ကျုပ်ကို ရုပ်မြင်သံကြားနဲ့ အကြည့်လိုက်မှာ မင်းက လျှာထုတ်လိုက်တာကိုး။ ကျုပ်က ကျုပ်ကိုပြောင်ပြတယ်လို့ ထင်သွားတာပေါ့"

"ဪ . . . ကျွန်တော်မသိလို့ပါဗျာ . . ."

"ဒါက ရှိပါစေတော့လေ၊ ဒါပေမယ့် . . . အပေါ်ထပ်က ကျုပ်အလုပ်ခန်းထဲကို ရောက်ရောက်ချင်းလဲ မင်းကျိတ်ပြီး ရယ်သေးတယ်"

"ဟာ . . . မရယ်ရပါလားခင်ဗျာ"

"ရယ်ပါတယ်ကွ၊ မင်းရယ်သံတောင် ငါမှတ်မိသေးတယ်၊ ဘာတဲ့၊ အူ . . . အဟွတ် . . . ခစ် . . . ဆိုလားဘဲ"

"ဟာ . . . အဲဒါ . . . ရယ်တာမဟုတ်ဖူးခင်ဗျာ၊ လေလည်တာပါ" စောစောက ဒီကိုမလာခင် ကျွန်တော် ပဲကြီးလှော် ငါးဆယ်သားလောက် စားလာမိတာကိုး"

ဦးထွန်းဇံသည် သူ့ခေါင်းကို ကုတ်မိတော့၏။ ဦးထွန်းဇံကား သိပ္ပံပညာကျော်ရုပ် အပြည့်ရှိ၏။ နဖူးကြီးကကျယ်လှသည်။ ကျယ်သည်မှာ တော်တော့်ကိုကျယ်၏။ သူ၏နဖူးသည် နောက်စေ့နားတွင်သွား၍ အဆုံးသတ်နေသည်။ ဆိုလိုသည်ကား ဆံပင်များက ခေါင်းကိုပတ်ချာလည် ပေါက်နေသည့် ထိပ်ပြောင်ကြီးဟု ဆိုလိုခြင်းဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရေမုန့်နှင့် လက်ဖက်ရည်ကြမ်းများရောက်လာ၍ စားသောက်ကြ၏။ ဦးထွန်းဖံ၏ လက်ထောက်လေးယောက်လည်း ရောက်လာကြပေပြီ။ ထိုအခါတွင် ဦးထွန်းဖံသည် အလုပ်ကိစ္စကို စတင်၍ ပြောလေ တော့၏။

တည်ကြည်ခန့်ကား ဦးထွန်းဖံ စကားစလိုက်ကတည်းက စူးစိုက်စွာ နားကိုစွင့်ထားသည်။

"ဒီမှာ. . . တည်ကြည်ခန့်ရဲ့၊ ကျုပ်ဟာ. . . သိပ္ပံပညာကို တကယ်တမ်း ထွန်းထွန်းပေါက်ပေါက် လိုက်စားလာတော့ ဘာကိုတွေ့ရသလဲ. . . သိလား"

"ဟုတ်ကဲ့. . . အမိန့်ရှိပါဆရာကြီး"

*"အချိန်ဆိုတာ ကစားစရာဘဲကွ"*

"အော်. . . ဟုတ်ကဲ့. . . ကျွန်တော်လဲ ငယ်ငယ်က ကစားဘူးပါတယ်. . ."

ဦးထွန်းဖံသည် ဆက်ကနဲ တွန့်သွားလေ၏။ လှုပ်လှုပ်ရွရွလည်း ဖြစ်သွားသည်။

"ဘယ့်နှယ်ကွ. . . မင်းကသိပ္ပံပညာမှာ ဘယ်လောက်ပေါက်ရောက်လို့ အချိန်ကို ကစားဘူးရတာလဲ"

"ငယ်ငယ်ကပေါ့ခင်ဗျာ. . . မေမေပေးတဲ့ သံဖြူဆိုင်က နှိုးစက်ဘူး ဖင်ပိတ်တွေကို လုပ်ထားတဲ့ချိန်ခွင်လေးတွေလေ၊ ဒါကိုကစားဘို့ တောင်မှ ကောင်မလေးတွေနဲ့ ပေါင်းဆော့မှုဖြစ်တာပါ"





"ဟာ. . . မင်းဟာ တလွဲတချော်တွေကို တော်တော်လဲ ရှည်ရှည်ဝေးဝေး ပြောနိုင်တဲ့ ကောင်ဘဲကိုး။ ငါပြောချင်တာ အချိန်ကာလဆိုတာ တကယ်တော့ လုပ်ချင်တိုင်းလုပ်လို့ရတာပဲ။ ကြည့်လေ ကျုပ်အခု အနာဂတ်ကို လှေလာနေပြီ. . ."

"ဩော်. . . ဟုတ်ကဲ့. . . ဖယောင်းချက်လုပ်ငန်းလား. . . ဆေးပလာစတာ လုပ်ငန်းလား"

"ဘာလဲကွ"

"ဟာ. . . မင်းတော့ ခက်နေပါပြီ။ မောင်စိုးတင်ကလဲကွာ၊ ဘယ်လိုလူရှာလာပါလိမ့်။ ငါဆိုလိုတာ. . . အနာဂတ်ကာလကွ၊ ၂၁၃၀ ခုကို ကျုပ်ရဲ့ကိုယ်စားလှယ် ဝသုံးလုံးတစ်တို လွှတ်ထားတယ်။ အချိန်ထဲမှာဘဲ. . . အတိတ်ကာလကို စမ်းသပ်ချင်လို့မင်းကို ခေါ်တာ။ အချိန်ကာလဆိုတာ ပျောက်ပျက်သွားတာ မဟုတ်ဘူး။ အလွှာလိုက် အမြဲတည်ရှိနေတယ်။ အတိတ်တွေဟာ ကာလပရိစ္ဆေဒဆိုတဲ့. . . အကန့်အောက်ကို လျှိုဝင်သွားသလို. . . အနာဂတ်ဆိုတာလဲ ကာလပရိစ္ဆေဒ အကန့်ကို လျှို့ထွက်လာပြီး ပစ္စုပ္ပန်ရယ်လို့ ဖြစ်ရ တယ်။ အကန့်ခြားလို့သာ။ တကယ်ဆိုတော့ အလွှာသုံးခုဟာ အမြဲ ရှိနေတယ်ကွ"

"ဟုတ်ကဲ့. . . အဲဒါတွေ မပြောတော့ဘဲနဲ့. . . ကျွန်တော့်ကိုသာ စမ်းသပ်ပါတော့ခင်ဗျာ"



www.burmeseclassic.com

"ကောင်းပြီလေ . . . မင်းကို အတိတ်ကာလ ယန္တရားစက်ခန်းကို သွင်းပြီးစမ်းသပ်ရမှာပါ။ လာ . . . လိုက်ခဲ့"

တည်ကြည်ခန့်သည် ဦးထွန်းဇံနောက်သို့ ထလိုက်သွား၏။ ဦးထွန်းဇံ၏ လက်ထောက်များလည်း ပါလာကြသည်။ မကြာမီသူတို့သည် အခန်းကြီးတစ်ခုထဲသို့ ရောက်လာကြ၏။ အခန်း၏အလည်တွင် အလုံပိတ်ထားသော လေးထောင့်ဆန်ဆန် သံမဏိသေတ္တာရှည်ကြီးလိုလို အရာဝတ္ထုတစ်ခုကိုတွေ့ရ၏။ ပတ်ပတ်လည်တွင်လည်း စက်ခလုတ်ခုံများနှင့် လူအချို့ရှိကြသည်။

"မင်း . . . ဒီအခန်းထဲ ဝင်ရမယ်။ တို့က အပြင်က လုပ်စရာရှိတာတွေ လုပ်လိုက်ရင် ချက်ချင်းလိုလိုဘဲ မင်းဟာ ပုဂံခေတ်ညောင်ဦး စောရဟန်းလို့ တွင်တဲ့ တောင်သူကြီးမင်းလက်ထက် အစပိုင်းကို ရောက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ . . . အဲဒီတော့ . . . ကျွန်တော်က ဘာလုပ်ရမလဲ"

"မင်းက ဘာလုပ်ရမလဲဆိုတော့၊ ဟိုက အခြေအနေတွေကို ပြန်ပြီးအစီရင်ခံရမယ်။ မင်းကို တို့က နာမည်မခေါ်ဘူး။ မင်းဟာ ကိုယ်စားလှယ်၊ ဇနှစ်လုံးတစ်လို့ မှတ်ထားရမယ်"

"ဗျာ . . . ဝနှစ်လုံးတစ်တဲ့လား"

"ဟုတ်တယ်။ သုညနှစ်လုံးတစ်ပေါ့ကွာ၊ သုညတွေကို တို့က (ဝ)လို့လဲ ခေါ်တာကိုး"





ဦးထွန်းဇံသည် ဤသို့ပြောပြီးသော် . . . လက်ထောက်တစ်ယောက်က ကမ်းလှမ်းပေးသည့် အရာလေးကို ပြ၏။

"ဒါကို မင်းရဲ့လည်ပင်းမှာ ပတ်ထားရမယ်"

တည်ကြည်ခန့်က ထိုအရာကို ကြည့်လိုက်၏။ လက်နှစ်လုံးခန့်ကျယ်သည့် သားရေ ခါးပတ်လေးဖြစ်သည်။ ရှေ့နားတွင် လက်ပတ်နာရီကဲ့သို့ သတ္တုအဝိုင်းပြားလေးရှိ၏။ နောက်ဖက်တွင် ပျော့ပြောင်းကွေးညွှတ်နေသော သတ္တုချောင်းနှစ်ချောင်းလိုလို ပါရှိ၏။ လည်ပင်းတွင် ပတ်ရမည်ဆို၏။ သိပ္ပံနည်းကျသော ခွေးဆန်ဆန်လူများဖြစ်သွားလေမည်လား။

ဦးထွန်းဇံက သူ့လည်ပင်းတွင် ပတ်ပေးလိုက်၏။ သတ္တုဝိုင်းပြားလေးမှာ လည်ချောင်းတွင် ကပ်နေသည်။ နောက်ဖက်က သတ္တုများကို ကွေးယူ၍ နားရွက်ထဲထည့်ပေး၏။

"ဒါဟာ . . . ဌာနချုပ်နဲ့ဆက်သွယ်ဖို့ အတွက်ပဲ၊ မင်းပါးစပ်က ဆက်သမျှတွေဟာ ဒီသတ္တု အသံဖမ်းပြားကနေ တစ်ဆင့်တို့ဆီက ကြားရမယ်။ ကဲ . . . မှတ်ထားနော်၊ မင်းဟာတစ်စုံတစ်ခု ဘေးအန္တရာယ်ကြုံရင် ဌာနချုပ်ကိုသာ လှမ်းပြီးအကူအညီတောင်းလိုက်။ မင်းရှေ့ကို လက်နက်ကျလာအောင် တို့ဆီကလုပ်ပေးလိုက်မယ်။ ကဲ . . . သွားတော့"

www.burmeseclassic.com




တည်ကြည်ခန့်လည်း လက်ထောက်တစ်ယောက်က လိုက်ပို့သည်တွင် အခန်းထဲသို့ဝင်လိုက်၏။ လက်ထောက်က "ရှေ့ဒါကို တော့လိုလိုမယ်မယ်ယူသွား"ဟုဆိုကာ သတ္တုဗူးပြားကလေး တစ်ခုကိုပေး၏။ တည်ကြည်ခန့်လည်း ယင်းဗူးကလေးကို ကြည့်မနေနိုင်တော့ဘဲ ဘောင်းဘီအိတ်ထဲသို့ အသာပင် ထည့်လိုက်သည်။

တံခါးပြန်ပိတ်ပြီးသည့်နောက်တွင်ကား တည်ကြည်ခန့်သည် တစ်ယောက်တည်း မှောင်ထဲတွင် ကျန်ရစ်ခဲ့လေတော့သည်။ ထိုခဏ၌ တဝီဝီနှင့် စက်ညည်းသံများ ကြားလာရ၏။ တဖြည်းဖြည်း ထိုအသံများသည် ကျယ်လောင်လာသည်နှင့် အမျှ အမှောင်ထုသည်လည်း ပို၍ပို၍ နက်ရှိုင်းလာသရယောင်ယောင် ထင်ရတော့သည်။

◆◆◆

**သိပ္ပံနည်းကျသော ခွေးဆန်ဆန်လူများ ဖြစ်သွားလေမည်လား ...!**



(၂)

## ပုဂံခေတ်နှင့် တွေ့ဆုံခြင်း

တောင်သူကြီးမင်းသည် ခဏတော့ တွေတွေကလေး ဖြစ်သွားသေး၏။ ထို့နောက်အမတ်ကြီးကို သံသယနှင့် မေးလိုက်သည်။ *(သူတို့ပြောသော စကားများမှာ ပုဂံခေတ် စကားများဖြစ်သော်လည်း စာရှုသူတို့ နားလည်ရလွယ်ကူစေရန် ခေတ်ပေါ်စကားဖြင့် ရေးသားလိုက်ရပေသည်။ ။(စာရေးသူ)*

"ဖြစ်ပါ့မလား ... အမတ်ကြီးရဲ့"

"ဖြစ်ပါတယ်။ ပလ္လင်ပေါ်ရောက်ပြီဆိုယင် တော်ရှုလူ အာမခံရဲဘူး၊ ဒီတော့ စောစောက ကျွန်တော်မျိုးပြောထားတဲ့ အတိုင်းသာ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



တောင်သူကြီးလည်း စိတ်ကိုတင်း၍ ပလ္လင်၏နောက်ဖက် လှေကားထစ်များကို တက်လိုက်လေ၏။ အပေါ်ဆုံးအထပ်တို့ ခလုတ်တိုက်မိပြီးမှ ပလ္လင်ပေါ်ရောက်၏။

ညီလာခံသည် တိတ်ဆိတ်သွားသည်။

တောင်သူကြီးသည်လည်း တံတွေးကို တစ်ချက်မျိုလိုက်ကာ ပြောလိုက်သည်။

***"အသင်တို့၏ သိန်းခိုမင်းကို ငါသည် လုပ်ကြံလိုက်ပြီးပြီ။ ထိုကြောင့် ယခုမှစ၍ ငါကား သင်တို့၏မင်းပင် ဖြစ်တော့သည်"***

ညီလာခံသည် တုတ်တုတ်မျှ မလှုပ်ချေ။

"မကျေနပ်တဲ့လူရှိရင် ခုချက်ချင်း မတ်တပ်ရပ်ပြလတဲ့ . . ."

တစ်ယောက်မျှ မလှုပ်။ ဘယ်သူမျှ ရှိရင်းစွဲ အရိုက်အရာကို ဆက်လက်၍ ခံစားကြစေ . . . ငါ၏သစ္စာကိုလည်း မယွင်းမပျက် ဦးထိပ်ထက်ရွက်ကြစေ . . ."

"ဗျာဒိတ်တော်မြတ် အတိုင်းပါ . . . ဘုရား"

ဤအချိန်တွင်တော့ တညီတညွတ်တည်း တစ်သံတည်း ထွက်လာကြသည်။ ရာထူးဌာနများ မြဲမြဲမှန်းသိရ၍လည်း ညီလာခံသည် ရွှင်ပျသွား၏။

"ငါ့ကို မကျေနပ်၍ ရန်ပြုသလိုသေး . . . ယောက်ျားပီပီ ရဲရဲဝံ့ဝံ့ ရပ်ပြရမည်"





တောင်သူကြီးက ထပ်၍စိန်ခေါ်လိုက်ပြန်သည်။

ထိုခဏ၌ တစ်စုံတစ်ခု ဖြစ်ပျက်သွားသည်။ လေထဲ တစ်နေရာမှ တည်ကြည်ခန့်သည့် ရှတ်တရက်ပေါ်လာကာ ညီလာခံမင်းရင်ပြင်တွင်ဖတ်ကနဲ မတ်တပ်ရပ်လျက်သား ကျလာလေ၏။

"ဟယ်"

- ညီလာခံတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားတော့သည်။

တောင်သူကြီး၏မျက်နှာမှာ ကွမ်းသွေးနှင့် အပက်ခံရသကဲ့သို့ ရဲရဲတောက်သွားတော့သည်။

"သယ် . . . ဒင်းကများ ငါ့ကိုအာခံမယ်ကြံသကိုး။ ဟဲ့ . . . စစ်သည်တော်တွေ ဘာရပ်ကြည့်နေတာလဲ။ ရာဇဝတ်ကောင်ကို ထောင်သွင်း အကျဉ်းထားစေ"

ကျီးတီးကြောင်တောင် ဖြစ်နေသော တည်ကြည်ခန့်ခများ ရှတ်တရက်ကပ်လာသော စစ်သားများကြောင့် ဘာကိုမှ မရှုစားနိုင်တော့ဘဲ နောက်နားကဝပ်၍ ခစားနေကြသော လူပျိုတော်တန်းကို တစ်ယောက်ပြီးတစ်ယောက် လွှားကနဲ လွှားကနဲ ခုန်ကျော်၍ ပြေးလေ၏။

ဓားလွတ်ကိုင်စွဲထားသော စစ်သည်တော်တို့မှာလည်း သူ၏နည်းတူပင် နောက်မှ လွှားကနဲ လွှားကနဲ ခုန်ကျော်၍ လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း လန့်ဖျတ်လျက်ရှိသည့် အချို့သော လူပျိုတော်သားများ ဗျပ်ဝပ်နေရာမှ ခါးဆန့်၍ထိုင်လိုက်ကြသည် ဖြစ်ရကား . . . ခုန်လွှားလိုက်သော စစ်သည်တော်၏ ခြေနှစ်ချောင်းကြားတွင် သူတို့၏ ဦးခေါင်းတို့သည် ကန့်လန့်ကန့်လန့် ဝင်လုပ်ကြတော့၏။

"ဖုတ် . . . ဖုတ် . . . ဖုတ် . . . ဖုတ် . . ."

ဤသို့ဖြင့် စစ်သည်တော် ဓော်တော်များများသည် ခြေထောက်တွေ မျက်စိရှုပ်ပြီး ကြမ်းပေါ်သို့ တလိမ့်ခေါက်ကွေးကျ ကုန်ကြတော့၏။

တည်ကြည်ခန့်သည် မင်းရင်ဖြင့် လက်ရမ်းကိုလွှားကနဲကျော်၍ ဥယျာဉ်ထဲသို့ ဖြတ်ပြေးလေ၏။

ဗိုး . . . ဗိုး . . .။

တည်ကြည်ခန့်သည် ပြေးရင်းကဇက်ကို ပုလိုက်ရ၏။ မြှားတံတို့သည် သူ့ကိုကျော်ဖြတ်၍ ငှက်ပျောပင်သို့ တစ်ချောင်း၊ သရက်ပင်ပင်ငယ်သို့ တစ်ချောင်း ပြေးကာ စိုက်နေလေသည်။

အပြောင့်ပြေးနေ၍ မဖြစ်နိုင်တော့ရကား သစ်ပင်များကို ကွေ့ပတ်ပြေးရာက လမ်းဘေး ပန်းချုံတန်းကလေးကို လွှားကနဲ ခုန်ကျော်လိုက်ပြန်လေသည်။

တစ်ဖက်တွင်ကား မြေညီကွက်လပ်ဖြစ်၍ လုလင်ပျို အချို့





သည် ကြက်တိုက်နေကြ၏။ တည်ကြည်ခန့်ကား ကြက်ဝိုင်းထဲသို့ ဖြတ်ပြေးလေရာ 'ဟယ် . . . ဟာ . . . အို . . . တော့ . . . ကော့ . . . ကော့ . . . ကော့ . . . ဂစ် . . .' ဟူသော အသံများစုံသွား၏။ နောက်ဆုံး အသံမှာမူ တည်ကြည်ခန့်က ကြက်တစ်ကောင်၏ လည်ပင်းကို ပြေးရင်း တက်နင်းမိသွားသည့် အသံဖြစ်၏။

လုလင်ပျိုတစ်ဦးသည် သူ့ရင်ကို သူသပ်၍ လွှတ်ကနဲပြောလိုက်သည်။

"အလိုလေ . . . ဥပါ ကိုစ်ထင် ရောင်သတေဟ်"

ထိုပုဂံစကားကို ခေတ်ပေါ်စကားဖြင့် ဖလှယ်ရသော် . . .။

"အလိုလေး ဘီလူးကိုယ်ထင်ပြသကိုး" နှင့် နီးစပ်ပေသည်။ သို့သော် လုလင်ပျိုတို့ကြာကြာ မအံ့ဩနိုင်ကြချေ။ နောက်မှ လိုက်လာကြသော မြင်းစစ်သည်တော်တို့ကလည်း တည်ကြည်ခန့်ကဲ့သို့ပင် ပန်းချုံတန်းကို မြင်းများနှင့်လွှတ်ကနဲ လွှတ်ကနဲခုန်ကျော်လာကြ၏။ ထိုကြောင့်လုလင်ပျိုတို့၏ ဦးထိပ်ပေါ်သို့ မြင်းခြေထောက်ကြီး ကျလာသည်လည်းရှိ၏။ မြင်းမြီးကြီးက မျက်နှာကိုဖြတ်၍ ရိုက်သွားသည်လည်းရှိ၏။ စစ်သည်တော်တို့၏ ဟသ်ာခြေနင်းဦးကော့က လုလင်ပျို၏ယောင်ကို ငြိသွားသည်လည်းရှိ၏။

"အလိုလေ . . . ပုထိုရှင် . . . အာ . . . ကော့ကော့ ကော့ကော့ . . . ဂစ် . . . ဂစ် . . . ဟယ် . . . သေသ တေဟ်"



www.burmeseclassic.com

အသံထွက်စုံလင်စွာ ဆူညံကျန်ရစ်ခဲ့သည်။ 'ဂစ် . . . ဂစ်'ဟူသည်မှာ ကြက်ကို နင်းမိသံဖြစ်၏။ ပုဂံခေတ်က ကြက်စကားနှင့်ယခုခေတ် ကြက်စကားတို့မှာမူ ခြားနားခြင်းမရှိချေ။

တည်ကြည်ခန့်သည် ဤသို့ဖြင့်စစ်သည်တော်တို့ကို မျက်ခြည်ပြတ်ခဲ့၏။ သို့သော်တစ်ခုသော ထွက်ပေါက်ဝတွင်ကား ဆီပေါက်စောင့်လှံကိုင်စစ်သည်တော်တစ်ဦးက သူ့ရင်ဘတ်ကို စည်း၍တား၏။

"လုလင် အဘယ်မည်သစ်ဒေသ နိုက်အာသွာအံ့ ဟူလော"

တည်ကြည်ခန့် ဦးနှောက်ခြောက်သွား၏။ ဦးနှောက်ခြောက်ရာက ချောင်လာသည်။ ပုဂံခေတ်စကားတွေကား တော်တော်တတ်နိုင်ကြပေ၏။

ထိုခဏတွင် သူ၏နားထဲတွင် အသံတွေဝင်လာ၏

"ဌာနချုပ်က ခေါ်နေတယ် : . . ဝနှစ်လုံးတစ် . . . ဌာနချုပ်ကိုဘာဖြစ်လို့ ခုထက်ထိ မဆက်သွယ်သေးရတာလဲ၊ အခြေအနေဘယ်လိုလဲ"

"အခြေအနေကတော့ ချွေးပြေး ဝက်ပြေးဘဲ ခင်ဗျာ"

တည်ကြည်ခန့်ကတော့ ညည်းသံတစ်ဝက်နှင့် ပြောလိုက်သည်။ သူ့အရှေ့ အစောင့်စစ်သည်တော်သည် သူ့ရင်ကို ဆွဲလှုပ်၏။

"အမောင် . . . အဘယ်မျိုးနွယ်ဟူလော"





လုပ်သား ဝလေးလုံး ငါးသည် ဆရာကြီးထံသို့ ထပြေးခဲ့၏။

"ဆရာကြီး . . . ကိုယ်စားလှယ် ဝနှစ်လုံးတစ်ဟာ ပြေးလွှားနေတယ်လို့ သိရပါတယ်။ သူ့အသံကလဲ သိပ်မောနေပုံ ပြနေပါတယ်။

"သူ့ကိုဘာလုပ်ရမလဲ"

ဦးထွန်းဇံသည် လက်ထဲက ခတ်ခွက်ကိုကိုင်ရင်း ပြောလိုက်သည်။

"အရက်ပြန်နဲ့ လောင်စာကို လောင်းချလိုက်"

"ဟာ . . . ဒီလိုဆို သူခတ်ငွေ့ ဖြစ်မှာပေါ့"

"ဘာလဲကွ . . . မင်းကိုပြောတာ မဟုတ်ဘူး၊ အင်္ဂါဂြိုလ်ကိုရောက်နေတဲ့ ကိုယ်စားလှယ် ဝတစ်လုံးကိုးကို ပြောလိုက်တာ၊ ဒါထက်ဝနှစ်လုံးတစ်ဟာ မောနေသလား၊ ဖျော်ရည်ပုလင်း ထည့် ပေးလိုက်"

လုပ်သား ဝလေးလုံးငါးသည် ပြန်ကွေ့လာ၍ ပင်မှည့်တစ်လုံးကိုယူလိုက်၏။ တည်ကြည်ခန့်ဝင်သွားသော အခန်းကြီး၏ နံရံအပေါ်နားရှိ တံခါးငယ်ကို ဖွင့်လိုက်၏။ ပင်မှည့်ပုလင်းကို ထည့်လိုက်ကာတံခါးကိုပြန်ပိတ်ပြီး ခလုတ်ဖွင့်၍ စက်ဝိုင်းလေးတစ်ခုကို လှည့်လိုက်၏။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

(၃)




"သယ် ... ဥပါနွယ်ဖွာ ... သင်မှချ သေလတံ"

အစောင့်စစ်သည်တော်သည် လှံကိုမြှောက်၍ စကားပြန်မပြောသော တည်ကြည်ခန့်၏ ရင်ဝကို ထိုးရန်ရွယ်လိုက်၏။ ထိုအခိုက် တွင် အပေါ်လေထဲမှ ပင်မှည့် ပုလင်းကလေးသည် ရှုတ်တရက် ပေါ်လာကာ ဖြုတ်ကနဲ ကျလာ၏။

တိုက်ဆိုင်လှပါပေသည်။

စစ်သည်တော်၏ ထိပ်တည့်တည့်ကို မှန်လေရာ သူ့ခမျာမှာ ပုဂံအာမေဋိတ်တစ်ခန်းကိုသော်မျှလည်း မရေရွတ်နိုင်တော့ဘဲ ခွေကျသွားလေတော့သည်။ ပုလင်းကလေးသည် ထက်ဝက်ကျိုးသွားလေသတည်း။





တည်ကြည်ခန့်သည် သူ့ကိုကျော်၍ ပြေးရပြန်လေ၏။

"ဌာနချုပ်က ပြောနေတယ် ... ဝန္စစ်လုံးတစ် ... သတင်းပို့ ... ဒါဘဲ ..."

"သတင်းပို့ရရင်တော့ ... ဓမ္မကောင်းတုန်းပဲရှိပါသေးတယ်၊ ဌာနချုပ် ဒါပါဘဲ"

"ဖျော်ရည်သောက်ရသလား ဝန္စစ်လုံးတစ်"

"ကောင်းပြီ ... ပြေးရင်းက အပေါ်မော့ကြည့်၊ ပုလင်းကျလာရင်ဖမ်း"

မကြာမီပင် ပင်မှည့်တစ်ပုလင်း ကျလာပြန်၏။ တည်ကြည်ခန့်က လိမ်မွှော်ရည်ပုလင်းကို ဖမ်းယူလိုက်ပြီး တောစပ်ကလေးထစ်ခုရှိ သစ်ပင်ရင်းတွင်ထိုင်၍ မော့နေ၏။ နောက်မှမြင်းခွာသံများမကြားရ၍ စိတ်လည်း အနည်းငယ်အေးလာသည်။

ပုလင်းကိုမော့နေရာမှ ခေါင်းကိုပြန်ထောင် လက်မှပုလင်းကိုချလိုက်သောအခါ သူ့ရှေ့တွင် လက်အုပ်ချီ၍ ထိုင်နေသော မိန်းမကြီးတစ်ယောက်ကို တွေ့ရ၏။ စောစောက ပုလင်းကို မော့သောက်နေ၍ မမြင်ခြင်းဖြစ်သည်။

"ဇော်ဂီရှင် ... အမအစ ... ပယ်လော"

သူကတော့ ဘာမှနားမလည်၊ ယခု ခေတ်ပေါ်စကားနှင့် "အရှင်ဇော်ဂျီ ... ကျွန်မကို ကူညီမစပါ"ဟု ဖြစ်စေ၊ "အမအစကို



www.burmeseclassic.com

www.burmeseclassic.com



ပေးလော့"ဟု ဖြစ်စေ ပြောလိုက်လျှင် သူနားလည်မည်။ ယခုတော့ သူကလည်း ဘာမှမသိ၊ တောင်းဗီကျပ် ဝတ်ထားသဖြင့် သူ့ကို ဖော်ဂျီ မှတ်မှန်းလည်း မသိ။ သို့ဖြင့် ပြူးကြောင်ကြောင်နှင့် ပြန်ကြည့် လိုက်၏။ အဒေါ်ကြီးကား အထပ်ထပ် ဦးချပြန်လေ၏။

\+ + +

"ဟော့ . . . သူပြေးနေရတယ်ဆိုယင် ရုပ်ဖျက်ဖို့လိုတယ်။ အဲဒီခေတ်က အဝတ်အစားတွေဝတ်ပြီး ပြေးရင်လွတ်မယ်။ ဒီတော့ အဝတ်အစား နမူနာကြည့်ရအောင် ရုပ်မြင်သံကြား၊ ခလုတ်ကို ဖွင့်ခိုင်းလိုက်"

"ကောင်းပါပြီး ဆရာကြီး"

\+ + +

"ဝနှစ်လုံးတစ် . . . လည်ပင်းက သတ္တုပြားမှာ ခလုတ်ရှိတယ်။ အဲဒါကိုလက်ဝဲဘက် ခပ်စောင်းစောင်းဖိလိုက်ပြီး ညာဘက်ပြန် ဆွဲချလိုက် . . . ဒါဘဲ"

တည်ကြည်ခန့်လည်း ခိုင်းသည့်အတိုင်းလုပ်လိုက်၏။ 'ချောက်'ကနဲ မြည်သွား၍ အဒေါ်ကြီးက မော့ကြည့်၏။





"ဖော်ဂီရှင် . . . မိန်မူလော" (အရှင်ဖော်ဂျီ . . . မိန့်တော်မူပါ)

ဘာပြန်ပြောရမှန်းမသိသဖြင့် ငေးကြည့်နေစဉ် ထိုင်မသိမ်း အကျီနှင့် ဗလာထမီတို့သည် လေထဲမှနေ၍ အဒေါ်ကြီးအပေါ်သို့ ရုတ်တရက်ကျလာရာ အဒေါ်ကြီးမှာ ဝူးဝါးဝူးဝါးနှင့် ရုန်းကန်နေ၏။ ထိုသို့ ရုန်းကန်နေရာမှ လွတ်လွတ်ချင်း ထွက်ပြေးလေတော့သည်။ နောက်သို့ပင် ပြန်မကြည့်လေတကား။

"ဝနှစ်လုံးတစ် . . . အဲဒါတွေဝတ်ပြီး ရုပ်ဖျက်၊ ကြားလား"

"ဟုတ်ကဲ့ . . . ဌာနချုပ်"

တည်ကြည်ခန့်သည် အဝတ်များကို ကောက်ယူလိုက်၏။ တော်တော်လှမ်းလှမ်းအရပ်မှ မြင်းခွာသံများနှင့် ညာသံများကို ကြားရ၏။

တည်ကြည်ခန့်သည် အဝတ်များပွေ့ပိုက်၍ ထပြေးပြန်သည်။ တစ်နေရာတွင် ခြံစည်းရိုးတစ်ခုတွေ့၍ ခြံစည်းရိုးကိုဖြကာ တိုးဝင် လိုက်ပြီး အဝတ်ကြီးများကို ထပ်၍ဝတ်လိုက်၏။ ပုဂံခေတ်မိန်းမရှာ ကြီးလားဟု မှတ်စရာရှိလောက်ပေသည်။

သူရောက်ရှိနေသည်ကား အရှည်းကြီးတို့၏ ကျောင်းဝင်း ဖြစ်ရာ မကြာမီအရှည်းကြီးတို့သည် သူ့ကိုအဝေးမှမြင်ကြလေ၏။ (သူတို့အချင်းချင်းပြောသောစကားများကို ခေတ်ပေါ်စကားနှင့် ရေး ပြပါမည်။)



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်ကြီးရေ . . . ဟိုမှာကြည့်စမ်း၊ ပန်းဦးပန်ပွဲက ဒီတစ်ခါဆိုင်းမပါ ဗုံမပါပါဘဲကလား"

"မှန်းစမ်း . . . ဘယ်မှာလဲ။ ဟာ . . . မယ်သီလရှင် လူထွက်နဲ့ တူတယ်။ ဆံတိုလေးနဲ့ပါလား"

"ကဲပါလေ . . . အနားသွားကြည့်ရအောင်"

တည်ကြည်ခန့်ကား သူမျက်နှာမူရာအရပ်မှ အရည်းကြီးတစ်အုပ် ခပ်သုတ်သုတ်လာနေသည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် တစ်ဖက်သို့ ကွေ့၍ပြေးလေရာ ဗလာထမိကြီး ကျွတ်ကျန်ခဲ့ပြီး ဘောင်းဘီနှင့် ပြန်ဖြစ်နေလေ၏။

"လိုက်ကြဟေ့ . . . ရန်သူ . . . ရန်သူ . . . ပုဆိုးမပါဘူး . . . အတွင်းခံဘောင်းဘီရှည်ပဲ ပါတယ်"

အနောက်ဖက်တွင် ဆူညံသွား၏။ မြင်းခွာသံများလည်း ပြန်ပေါ်လာကာ သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာပြန်တော့သည်။

"ပြေးလေဦးပေါ့ . . . တည်ကြည်ခန့်ရေ . . . ။"

"ဝနှစ်လုံးတစ် . . . ရှပ်မြင်ရသမျှ တရိပ်ရိပ်ဖြစ်လှချည်လား။ အခြေအနေ သတင်းပို့ . . . ဒါပဲ"

"သေလုမျောပါး ပြေးနေရသဗျို့ . . . ဒါဘဲ"





တည်ကြည်ခန့်သည် ပြေးရင်းကြားက သတင်းပို့လိုက်၏။

ဤအတိုင်းကား ကြာကြာပြေးနေ၍ ဖြစ်မည်မဟုတ်ချေ။ ထို့ကြောင့် ဟိုဟိုဒီဒီကြည့်လိုက်၏။ အိမ်တစ်ဆောင်၏ နောက်ဖက် အဖီကလေးကို မြင်သည်။ အောက်ခြေက ဝါးထရံမှာ ဆွေး၍တွက်ကွက်ကလေး ပေါက်ပြနေ၏။ တည်ကြည်ခန့်သည် ဘာမှစဉ်းစား မနေနိုင်တော့ဘဲ ထရံပျက်ကိုတိုး၍ အတင်းဝင်လိုက်လေ၏။

"အလိုလေး . . . ပုရှားသခင် ပူဇော်ပါတေဟ်"

သာယာသော အသံလေးကြောင့် ဇတ်ကနဲ မော့ကြည့်လိုက်သည်။

ဆယ့်ကိုးနှစ်ရွယ်၊ နတ်မိမယ်။

ထမိကို ခါးချပ်ဝတ်ထားသည်။ ရေမှုတ်ကို လက်တကိုင်ထားရာမှ လွှတ်ချလိုက်ပြီးလျှင် ထမိဖြင့် ရင်ကိုပြန်လွှမ်းလိုက်၏။

မြို့ဝန်၏ သမီးရေချိုးခန်းသို့ တည်ကြည်ခန့် ဝင်ခဲ့မိချေ၏။

"ဒီမှာ . . . စိတ်မရှိပါနဲ့ဗျာ၊ မင်းဟာ တော်တော်လှပါကလား၊ နာမည်က ဘာတဲ့တုန်း"

မိန်းမပျိုသည် ငေးကြောင်ကြည့်နေ၏။

"နာမည်ခေါ်စရာမလိုဘူး၊ ဆက်သွယ်ချင်ယင် လုစ်သားဝလုံးလေးငါးကို ခေါ်ပါ။ လှတယ်ပတယ်နဲ့ ဘာဖြစ်လို့ ဌာနချုပ်ကို မြှောက်ပင့်နေရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . ဌာနချုပ်က ခဏမရှုပ်စမ်းပါနဲ့အုံး၊ ဒီမှာကြည့်၊ ကျုပ် ဘာကိုတွေ့နေရသလဲဆိုတာ"

တည်ကြည်ခန့်သည် လည်ပင်းက သတ္တုပြားနှင့် မိန်းကလေးကိုတည့်နေအောင် အနေအထား ချိန်ပြလိုက်၏။

"အလယ်လယ် . . . ပုဂံသူတွေ လှ လှချည်ကလား"

"မှန်ပါတယ် ဌာနချုပ်"

ထိုခဏ၌ မြို့ဝန်အိမ်သည် ဆူဆူညံညံ ဖြစ်လာလေတော့သည်။ ရေချိုးခန်းအပြင်မှ အသံတွေကြားရ၏။ (ခေတ်ပေါ်စကားနှင့် ရေးပြပါမည်။)

"ဟဲ့ . . . သမီး၊ တံခါးဖွင့်စမ်း၊ ရန်သူဟာ ဒို့အိမ်ထဲ ဝင်လာသတဲ့"

မိန်းမပျိုသည် တည်ကြည်ခန့်ကို သနားသလိုလို၊ ကြင်နာသလိုလိုနှင့် အကဲခတ်ရမလွယ်သည့် မျက်နှာနှင့် ကြည့်လိုက်လေသည်။

"မြန်မြန်ဖွင့်စမ်း . . . စောမိသင်"

စောမိသင်၏ မျက်လုံးကလေးများ ဝိုင်းသွား၏။ ဘေးနားက စဥ့်အိုးအလွတ်တစ်ခုကို လက်ညှိုးထိုးပြသည်။ တည်ကြည်ခန့်လည်း အခြေအနေကို ရိပ်စားမိသည်နှင့်စဥ့်အိုးထဲ ဝင်ထိုင်လိုက်၏။ စောမိသင်သည် အပေါ်ကအဖုံးဖြင့် ဖုံးအုပ်လိုက်သည်။





ထို့နောက် တံခါးကိုဖွင့်လိုက်၏။ မြို့ဝန်နှင့် စစ်သည်[illegible] အချို့ဝင်လာကြသည်။

"စောမိသင် . . . ဒီထဲကို ဘယ်သူမှမလာဘူးလား"

"မလာပါ ဖခင်၊ စောမိသင် တစ်ယောက်တည်း ရေသုံးနေပါတယ်"

စစ်ဗိုလ်မှူးသည် မကျေနပ်သလိုတော့ရှိ၏။ သို့သော်ဘာမှ မတတ်နိုင်ဘဲ ပြန်ကွေ့တော့မည်ပြုစဥ် တည်ကြည်ခန့်၏ ဝမ်းထဲမှ ပဲကြီးလှော်တို့သည် တာဝန်ကျေကြ၏။ အခြေအနေကို လုံးဝမထည့်မစဥ်းစားခြင်း မပြုကြပေ။

အလုံပိတ်ထားသော စဥ့်အိုးထဲမှာ လေလည်သံသည် အသံ၏ စက်နှင့်မခြား ရှိတော့သည်။

"ဗုံ . . . ဗလုံ . . . ဗွမ်း . . . "(ပုဂံခေတ်တွင်လည်း ဤသို့ပင်မြည်သည်။)

ဗိုလ်မှူးသည် မျက်လုံးပြူးသွား၍ အဖုံးကို ဇတ်ကနဲဆွဲမလိုက်သည်။ အတွင်းမှ ဓာတ်ငွေ့သည် နှာခေါင်းကို ဟပ်လိုက်သဖြင့် တွန့်ကနဲဆုတ်၍ မျက်နှာကြီး ရှုံ့သွားတော့၏။

"အရပ်ရပ်နေပြည်တော် ကျော်လိုက်မဲ့ အီးပါဘဲကရို"

ဗိုလ်မှူးက ဤသို့ရေရွတ်သော်လည်း တည်ကြည်ခန့်မှာ မပြုံးနိုင်တော့ပါ။ ပုဂံစကားတွေ နားယဉ်လာ၍ အဓိပ္ပာယ်များကို ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



မိ၏။ သို့သော် သူသည်ပုဂံသို့လာရသည်မှာ ချစ်ကြည်ရေးမစ်ရှင် မဖြစ်ဘဲ ပုဂံပြည်ကြီး၏ ပြည်ပ ပယောဂဖြစ်သွားရလေတော့ရာ မကြာမီပင် ဘုရင်၏ရှေ့တော်မှောက်၌ ကြိုးတုတ်လျက် ရောက်နေရတော့သည်။

ပို၍အသည်းနာမိသည်ကား စောမိသင်လေးခမျာမှာ လည်းသူနှင့်အတူအချုပ်နှောင်ခံလျှက် ဘုရင့်ရှေ့တွင် ဒူးထောက်လျှက် ရှိရခြင်းပင်တည်း။

"ဝနှစ်လုံးတစ် အစီရင်ခံချက် ကြားဝေးသည်။ ပြေးပြေန်ပြီ လားရှပ်မြင်ခွင်မှာပေါ်နေတဲ့ လူဝဝကြီးဟာ ဘယ်ကြော်ငြာထဲက ပုဂ္ဂိုလ်လဲဒါသဲ"

"ဌာနချုပ် . . . ဌာနချုပ် . . . ကျွန်တော်အချုပ်ခံနေရပါတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ ရှင်ဘုရင်ပဲလေ . . . ဒါပဲ"

"ဟင် . . . အချုပ်ခံနေရသလား၊ လက်နက်ချပေးမယ်"

"ဟာ . . . နေအုံး၊ ကျွန်တော် ကြိုးတုတ်ခံနေရတယ်၊ လွတ်တော့ အကြောင်းကြားပါ့မယ်"

ထိုစဉ် ဘုရင်ကြီးကမေး၏။

"နာမည် ဘယ်လိုခေါ်သလဲ"

"တည်ကြည်ခန့်ပါ"

"ဟင် . . . စိန့်ပြည်က ဂျင်ဂစ်ခန်နဲ့ ဘာတော်သလဲ"





"သမီးယောက်ဖ တစ်ဝမ်းကွဲပါ"

တည်ကြည်ခန့်က ဖြေချင်ရာတွေကို ပုဂံစကားရော၍ ရမ်းဖြေလိုက်၏။

ထိုခဏ၌ ပုဏ္ဏားတော်ကြီးသည် တည်ကြည်ခန့်၏ လည်ပင်းမှ လည်ပတ်ကိုလာ၍ ဖြုတ်လိုက်၏။

"အရှင်မင်းကြီး . . . ဒါဟာ လက်ဖွဲ့ဖြစ်ရပါ့မယ်"

"ဒါဖြင့် ပုဏ္ဏားတော်ကြီးသည် သူလည်ပင်း၌ တည်ကြည်ခန့်လုပ်သကဲ့သို့ ပတ်၍ကြည့်လိုက်၏။

"ဟာ . . . နတ်ပြည်က အသံတွေကြားတယ်"

ဘုရင်ကြီးနှင့်တကွ ပရိတ်သတ်များ မျက်လုံးပြူးသွားကြလေ၏။

"ဟင်း . . . ဟုတ်လား၊ ဘာတဲ့တုန်း"

"မှန်းစမ်း၊ ဟာ . . . သိပါပြီ၊ ကျွန်တော်မျိုး ဗေဒင်ပညာနဲ့ကြည့်တာ နောင်လာလတ့်သော ကာလတွင် မွေးဖွားလာမည့် ပင်္ဂုကွယား အမည်ရှိသော မင်းသားသည် ဝါးနှစ်လုံးအကြား၌ ဦးခေါင်းတစ်၍ သေဆုံးလတ့်ဟူသည်ကို နတ်တို့ ကြွေးကြော်ခြင်းဖြစ်ပါသည်ဖုရား"

"ဟယ် . . . သူဖာသာသေတာ ငါနဲ့ဘာဆိုင်မှာတုန်း၊ ငါနဲ့ဆိုင်တာသာ ပြောပါလဟယ်"

www.burmeseclassic.com



"ကျန်တာတွေကတော့ နတ်တို့၏ဘာသာ ကျွန်တော်မျိုးကြီး ဉာဏ်မမှီပါဘူး ဖုရား"

"ဆရာကြီး . . . အဆက်၊ အယ် . . . ပြတ်သွားပြီ။ ဘာတွေ ပြောကုန်မှန်း မသိဘူး။ အဆက်အသွယ်ကရိယာဟာ ရန်သူ့ရဲ့ လက်ထဲရောက်သွားပါပြီ"

"ဒါဖြင့် . . . ခဏစောင့်လိုက်၊ ညှိကိုက်ထားတဲ့ အချိန်လဲ စေ့တော့မှာဘဲလေ။ စောင့်ကြသေးတာပေါ့"

◆◆◆

ပို၍အသည်းနာမိသည်ကား . . . စောမိသင်လေးခမျာ
မှာလည်း သူနှင့်အတူ အချုပ်နှောင်ခံလျှက်
ဘုရင့်ရှေ့တွင်ဒူးထောက်လျှက် ရှိရခြင်းပင်တည်း။



(၄)

## လွတ်မြောက်ရန်ကြံဆောင်ခြင်း

တည်ကြည်ခန့်သည် ဘုရင်ကြီးနှင့် ပုဏ္ဏားတော်ကြီးတို့ အချီအချ ပြောနေစဉ်ကပင် ဘောင်းဘီအိတ်ထဲ လက်လျှို၍ ဗူးပြားလေးကို ထုတ်ကြည့်လိုက်၏။ ကြိုးနှင့် တုတ်နှောင်ထားခြင်းခံရသော်လည်း ဤမျှလောက်တော့ လှုပ်၍ရပါသေးသည်။ ဗူးလေးပေါ်က စာကို ငုံ့ဖတ်လိုက်၏။

ငရဲမီး (ဒီဂရီ ၁၀၀၄၃ နှစ်ပိုင်းတစ်ပိုင်း)

ဖွင့်လိုက်လျှင် ခလုတ်လေးကိုနှိပ်၍ မြှော့ကြောင်းအတိုင်း ဆွဲပါ။ မြှော့ကြောင်းဆုံးလျှင် ဗူးထိပ်မှ ငရဲမီးပန်း၍ ထွက်လိမ့်မည်။

www.burmeseclassic.com



တည်ကြည်ခန့်သည် မဆိုင်းမတွပင်ခလုတ်ကိုဖိ၍မြောင်းကြောင်းအတိုင်းဆွဲလိုက်သည်။ မြောင်းကြောင်းမှာ ခရုပတ်သုံးရစ်ရှိ၏။ ခဏအကြာတွင် 'ရှူး'ဟုမြည်ကာ ဗူးထိပ်မှ ငရုမီးအရည် များ ပန်းထွက်လာ၏။ စောစောကပင် ဗူးထိပ်နှင့်ကြိုးများကို တွေ့ထားသည်ဖြစ်ရာ ကြိုးမှာ ငရုမီးနှင့် တွေ့သည်နှင့်တစ်ပြိုင်နက် ထောင်းကနဲ ပြတ်သွားလေ၏။

တည်ကြည်ခန့်လည်း အချိန်မဖြုန်းဘဲ စောမိသင်၏ ကြိုးကိုလည်း ငရုမီးနှင့် စားလိုက်၏။ ကြိုးလည်းပြေ၊ ငရုမီးလည်း ကုန်ပြီဖြစ်ရာ ဗူးကလေးကို လွှင့်ပစ်လိုက်၏။

ပရိသတ်သည် မှင်သက်မိနေ၏။

တည်ကြည်ခန့် တစ်ယောက်သာလျှင် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် အရှုပ်လုပ်လျှက်ရှိ၏။

ပုဏ္ဏားတော်ကြီး၏ နှာနုကို လက်သီးနှင့် တစ်ချက်ပိတ်ထိုးပြီး လည်ပတ်ကို ဖြုတ်ယူလိုက်သည်။ နောက်တော့ သူ့လည်ပင်းတွင် ကပျာကယာ ပတ်လိုက်ရတော့သည်။

"ဌာနချုပ် . . . ဌာနချုပ် . . . ဝနှစ်လုံးတစ် သတင်းပို့တယ် . . . အကျဉ်းအကြပ် သိပ်ဖြစ်နေတယ် . . . ။ လက်နက်တွေ ချပေးပါဘဲ"





"ဝနှစ်လုံးတစ် . . . ဌာနချုပ်ကပြန်ပြောတယ်။ အဆက်အသွယ်ပြန်ရတာ ဝမ်းသာတယ်။ ညှိကိုက်ထားတဲ့ အချိန်လည်း စေ့တော့မယ်။ မပူနဲ့- လက်နက်တွေ ချပေးလိုက်မယ်။ ဆယ့်ငါးမိနစ်လောက်ဆိုရင် အချိန်စေ့တော့မှာ-ဒါဘဲ"

မှင်သက်မိနေသော ပရိသတ်သည် ရုတ်တရက်အသက်ဝင်လာသလိုဖြစ်၏။ ရှင်ဘုရင်ကြီးလည်း အလန့်တကြား အော်လိုက်မိ၏။

"ဟဲ့ . . . ရန်သူတွေကို သုတ်သင်ပါတော့လား"

စစ်သည်တော်တို့သည် လေးဘက်လေးတန်မှ ဝိုင်း၍ တစ်လှမ်းချင်း ချဉ်းကပ်လာကြလေ၏။ သူတို့လက်ထဲဝယ် ဓားလွယ်များ၊ လှံများ၊ အဲမောင်းများသည် တပြောင်ပြောင် တလက်လက်နှင့် သွေးတောင်းလျက် ရှိကြလေသည်။

စောမိသင် ဝိုင်းနေသော မျက်စိများထဲဝယ် မျက်ရည်များ ပြည့်လျှံလာလေသည်။ အတင်းထမြေးပြီးလျှင် တည်ကြည်ခန့်၏ ရင်ခွင်ထဲသို့ ဝင်လိုက်၏။ တည်ကြည်ခန့်ကလည်း အသင့်ပင် ဆီး၍ ဖက်ကာ စောမိသင်၏ ဦးခေါင်းကို သူ၏ပါးဖြင့် ကပ်ထားမိသည်။

သူကလေးကား . . . မိမိအပေါ် ရှုတ်ခြည်း ဖြစ်ပေါ်လာသော ခင်တွယ်မှု သံယောဇဉ်ကြောင့် အသက်သေရ ချေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံသူလေးသည် တည်ကြည်ခန့်ကို မော့၍ကြည့်၏။ ***ဟန်ပြင်မှုကင်းသော သူကလေး၏ မျက်လုံးထဲဝယ် ချစ်ရည်များ လျှမ်းနေသည်။ တည်ကြည်ခန့်၏ အသည်းထဲမှာလည်း စိမ့်ကနဲ စိမ့်ကနဲ ချစ်ရည်များ ယိုဖိတ်လာသည်။***

***"မင်းကို . . . ကိုယ်ချစ်တယ်"***

ခေတ်ပေါ် စကားနဲ့ဘဲ ပြောလိုက်သည်။ တကယ်ဆိုလျှင် သူ၏ဖခင်မှာ မြန်မာစာဌာန ပါမောက္ခဖြစ်ခဲ့သူ တစ်ယောက်မို့ ပုဂံစကားကို နားမရိုင်းပါ။ စောစောက ဘုရင်ကြီးကို ပြန်ဖြေသကဲ့သို့ပင် ကြံဖန်၍ ပြန်ပြောလျှင် ရကောင်းပါမည်။

စောမိသင်သည် သူ့စကားကို နားလည်ပုံမရ။ သို့သော် သူ့မျက်နှာကို ကောင်းစွာ နားလည်ပါသည်။

***ချစ်သူချင်းပြောသော ဘာသာစကားမှာ ကမ္ဘာအရပ်ရပ် ခေတ်အဆက်ဆက် တစ်မျိုးတည်းသာ ရှိသည်။ အသံထွက် ပြောရန်လည်း မလိုအပ်ပါချေ။***

ထို့ကြောင့် . . . စောမိသင်သည် နှစ်ခြိုက်စွာ ပြုံးလိုက် သည်။ ***ချစ်ရည်ဆမ်းလိုက်သည်မို့ ပီတိလျှမ်းကာ စောမိသင်တစ်ယောက် တော့ ချစ်သူ၏ ရင်ခွင်တွင်းမှနေ၍ သေမင်းကို စိမ်ခေါ်နေပါပြီ။***



တည်ကြည်ခန့်သည် စောမိသင်၏ နဖူးလေးကို အသာအယာကလေး နှာခေါင်းတင်၍ဖြည်းညှင်းစွာ ရှိုက်သွင်းလိုက်သည်။

"ဖုန်း . . . ထိုင်း . . . ဒုတ် . . . ဂေါက် . . . ဂျလောင်း"

ဆူဆူညံညံတွေ ဖြစ်ကုန်သည်။ စစ်သည်တော်များလည်း ရှိသွားဘိ၏။ မရှိလည်း ခံနိုင်ရိုးလား။ စက်သေနတ် အကြီးစားများ၊ အသေးစားများ၊ ခြောက်လုံးပြူးများသည် သူတို့၏ အပေါ်သို့ မြှန်းဒိုင်းနှင့် ကျလာလေ၏။

တည်ကြည်ခန့်သည် လျင်မြန်စွာပင် အနီးဆုံး ခြောက်လုံးပြူးကို ကောက်ယူ၍ ချိန်လိုက်၏။

ရှေ့တည့်တည့်မှ ဗိုလ်မှူးသည် အားရပါးရ ရယ်လိုက်သည်။

"သင်က ကြောက်လို့ ကျွန်ုပ်သည် ဘယ်တော့မှ သင်ပေးသော ဆေးတံကို သောက်လိမ့်မည်မဟုတ်။ ကျွန်ုပ်ကား ပျူသွေးပါသည် မှန်သော်လည်း ဆေးတံမသောက်တတ်ပါ"

ထိုခဏတွင်ပင် တည်ကြည်ခန့်သည် သေနတ်မောင်း ဆင့်ကာ ဆင့်ကာ ဆွဲချလိုက်လေတော့၏။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

ဗိုလ်မှူးလည်း ရင်ပတ်ကိုနှိပ်ကာ ခွေကျသွားလေ၏။ မသေခင်တော့ ထွင်မှတ်သွားရှာလိမ့်မည်။ ဆေးတံထဲမှာ ဗျောက်အိုးတွေ ပါ၏ . . . ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားက စစ်သည်တော်သုံးယောက်မှာလည်း ခွေယိုင်ကျသွားလေရာ လူအုပ်ကြီးသည် ခြေဦးတည့်ရာကို ပြေးကြလေတော့သည်။

**ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာဖက်၍ ထားရင်းကျန်ရစ်ခဲ့ကြလေ၏။ တစ်ယောက်မျက်နှာကို တစ်ယောက်မဝတမ်း ကြည့်နေကြလေ၏၊ အပြုံးချင်းကို လဲလှယ်၏၊ အသည်းချင်းကို အပေးအယူပြုကြသည်၊ ဘဝ၏ အသာယာဆုံးသောအချိန် ကလေးပင် ဖြစ်တော့၏၊**

"ဝနှစ်လုံးတစ် . . . အချိန်စေ့ပြီ . . . အသင့်ပြင်-ဒါဘဲ"


တည်ကြည်ခန့်သည် စောမိသင်ကို 'အကျွန် . . . ပလန် . . . ပလန်လားရအံ့'ဟု ပုဂံစကားကို မှန်း၍ပြောလိုက်၏။

"အို . . . အနှိပ်အစက် မမှုသော . . . မလားရစ့် . . . မလားရစ့်"

စောမိသင်သည် 'မသွားရ . . . 'ဆိုကာ အတင်းဖက်ထား၏။ တည်ကြည်ခန့်ကလည်း မသွားချင်သလိုပင် အတင်းပြန်ဖက်ထားလိုက်သည်။

**စောမိသင်နှင့်ဆိုလျှင် အတိတ်မှာဘဲနေပါရစေ၊ ပစ္စုပ္ပန်ကို ပြန်မလာလိုတော့ပါ။**

◆ ◆ ◆




## အတိတ်မှပစ္စုပ္ပန်သို့ . . . (သို့) အချိန်ဆိုတာကစားစရာ

အတိတ်ကာလ ယန္တရားအခန်းငယ် အပြင်ဘက် နံရံလေးဘက်ထိပ်တွင် မီးနီလေး လေးလုံးသည် ဖြိုင်တူပင် မှိတ်တုတ်မှိတ်တုတ် ဖြစ်လာလေသည်။

"တူ . . . တူ . . . တူ . . . တူ"

လုပ်သား ဝလေးလုံးခြောက်နှင့် ဝလေးလုံးငါးတို့သည် ရုပ်မြင်ဒိုင်ခွက်ကိုကြည့်ရင်း အပြန်အလှန် ပြောနေကြ၏။

"အချစ်ဆိုတာ ခေတ်မရွေးဘူးနော် . . . ပစ္စုပ္ပန်တာလကကိုယ်စားလှယ် ဝနှစ်လုံးတစ်ဟာ ပုဂံသူကလေးကို ဖက်ထားလိုက်ဟာ ကြည့်ပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဘဲချစ်ချစ်လေ . . . အချိန်ကခွဲလိုက် ရင်ကွဲရရော မဟုတ်လား၊ ကြည့်လေ . . . သူတို့ ကွဲကြရတော့မယ်၊ ဝနှစ်လုံးတစ်ဟာပစ္စုပ္ပန်ကိုပြန်လာ၊ ပုဂံသူဟာ အတိတ်မှာဘဲ ပြန်ကျန်ရစ်ရတော့မှာပေါ့"

"ဒါပေါ့ . . . အချစ်ဟာ ကာလပရိစ္ဆေဒကို မကျော်လွှားနိုင်ပါဘူးလေ . . ."

"သနားဖို့တော့ ကောင်းသား၊ ဖက်ထားလိုက်ကြတာ၊ သူတို့မကွဲကြတော့ဘူး မှတ်နေကြတယ်"

ထိုခဏ၌ ဦးထွန်းဇံသည် အနားသို့ရောက်လာ၏။

"အချိန်စေ့တဲ့အချက် လာနေပြီကော . . . ဝလေးလုံး သုံးနဲ့ ဝလေးလုံးလေးတို့ အဆင်သင့်ပြင်၊ ကိုယ်စားလှယ်ဟာ ပစ္စုပ္ပန်ပြန်ရောက်တော့မယ်"

ပြောပြောဆိုဆိုနှင့် ဦးထွန်းဇံသည် ရုပ်မြင်သံကြား ဒိုင်ခွက်သို့ လှမ်းကြည့်လိုက်သည်။ ရုပ်သဏ္ဌာန်မှန်သမျှသည် ပြား၍ မှေးမှိန်ကွယ်ပျောက်စ ပြုလေပြီ။ မိုးသားတိမ်ခိုးများ လွင့်စင်၏။ သို့နှယ် ဒိုင်ခွက်သည်လည်း ဖြူယော်ယော်အရောင်သို့ ပြောင်းလာလေ၏။

တာဝန်ကျလုပ်သားတို့၏ ချုပ်စက်ခလုတ် ခုံပေါ်တွင်ကား မီးနီ မီးစိမ်းကလေးများ လင်းလာကြ၏။ စီကနဲ စီကနဲ အသံများ လည်း





ထွက်ပေါ်လာလေသည်။ ဒိုင်ခွက်ငယ်အဝိုင်းလေးများ လေးဒေါင့်လေးများထဲရှိ အိမ်မြှောင်လေးများ လှုပ်ရှားလာကြ၏။

သဘောကား . . . ကိုယ်စားလှယ်သည် ယန္တရား စက်ခန်းထဲသို့ ပြန်ရောက်လာပြီဖြစ်ကြောင်းကို ပြခြင်းတည်း။

ထိုခဏတွင်ပင် လုပ်သား ဝလေးလုံး သုံးသည် အလန့်တကြား အော်ဟစ်လိုက်၏။

"ဆရာကြီး . . . အိမ်မြှောင်တောင် ကပ်နေတယ်"

"ဘယ်က အိမ်မြှောင်ကို မင်းပြောနေတာလဲ၊ ဒိုင်ခွက်ထဲကို ကြည့်ပါကွ။ နံရံပေါ် ရှောက်ကြည့်မနေပါနဲ့"

"ဒိုင်ခွက်ထဲကပါဘဲ . . . ဆရာကြီးရဲ့။ စက်ခန်းတွင်း ပမာဏ ဒိုင်ခွက်ထဲက အိမ်မြှောင်ဟာ နောက်ဆုံးဂဏန်း ၁၀ :ဒသမ သုညလေးလုံးငါးကိုကျော်ပြီး ဘောင်မှာ သွားကပ်နေဝါတယ်" ဦးထွန်းဇံသည် နဖူးကြီးများတွန့်သွားလေ၏။

"မဖြစ်နိုင်ဘူးကွ။ အတိတ်ကာလက တစ်ခေါက်ပြန်လာရုံနဲ့ လူတစ်ယောက်ဟာ ဝဖြိုးလာတယ်ဆိုတာ ဆောက်လုပ်ရေး သိပ္ပံပညာအရကော၊ ဇီဝသိပ္ပံအရကော၊ ကာလသိပ္ပံအရကော၊ ခန္ဓာ ဗေဒသိပ္ပံအရကော၊ အနုမြူသိပ္ပံအရကော၊ ကလာပအံ့သာ သိပ္ပံအရကော၊ နတ္တက္ကဗေဒ အရရော . . . လုံးဝကို မဖြစ်နိုင်ဘူး။ စက်ချွတ်ယွင်းပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် စက်ခန်းဝကို မျှော်ကြည့်လိုက်ကြသည်။

မီးနီများ ရပ်၍ စက်သံငြိမ်သွား၏။ လုပ်သား ဝလေးလုံးငါးက ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

တံခါးသည် ညင်သာစွာ ပွင့်လာလေ၏။ အားလုံးသော မျက်လုံးတို့သည် အပေါက်ကို စူးစိုက်ကြည့်နေသည်။

အထဲမှ တည်ကြည်ခန့် ထွက်လာ၏။ ဝဖြိုးမလာပါ။ မူလ အတိုင်းပင်ရှိပါသည်။ ဤတွင် ဦးထွန်းဇံက ဝလေးလုံးသုံးဘက် သို့လှည့်၍ ပြောလိုက်၏။

BURMESE CLASSIC

"ကဲ . . . ငါ မပြောလား"

သို့သော် သူတပည့်က သူ့ကိုမကြည့်ဘဲ အပေါက်ဝသို့ ကြည့်ရင်း မျက်လုံးကြီးများ ပြူးနေသဖြင့် ဦးထွန်းဇံ ပြန်လှည့်လိုက်၏။

တည်ကြည်ခန့်က အတွင်းဘက်သို့ငဲ့၍ လက်လှမ်းလိုက်သည်။ စောမိသင်သည် တည်ကြည်ခန့်၏လက်ကိုဆွဲကိုင်ရင်း မခို့တရို့နှင့် ထွက်လာလေ၏။ ပုဂ္ဂိုလ်တို့၏ ဆံပင်ထုံးဖွဲ့မှုနှင့်မို့ ငုံ့၍ထွက်လိုက် ရသည်။

အားလုံး ကြက်သေသေနေ၏။

စောမိသင်သည် ဦးထွန်းဇံကို ကြည့်ရင်းက တည်ကြည်ခန့်ကို မေးလိုက်၏။





"မောင်တင် . . . ဤသေနာကား . . . အသူဖလစ်ပါနဲ့"

တည်ကြည်ခန့်က ဘာမှပြန်မပြောနိုင်မီ ဦးထွန်းဇံက ဆတ် ဆတ်ခါ နာကျည်းမိ၏။

"အောင်မယ် . . . မင့် ပုဂ္ဂိုလ်က ငါ့ကို သေနာဆိုပါကလား"

"မဟုတ်ပါဘူး . . . ဆရာကြီး။ သေနာဆိုတာ ပါဠိလိုစစ်သည် တော်ကို ခေါ်တာပါ၊ ဆရာကြီးကို သူက စစ်သည်တော်ကြီး မှတ်သွားလို့ပါ . . ."

သူ့ရှင်းပြချက်ကို ဦးထွန်းဇံ ကျေနပ်သွားတော့၏။ သို့သော် ဤမျှလောက် ကြာအောင် မိန်းမကို မမြင်ဘူးခဲ့သူ ဖြစ်လေရာ ယခုကဲ့သို့ တွေ့လိုက်ရသောအခါတွင်ကား သူ့စကားအတိုင်းပင် မျက်ဖြူလန်ကာ ဦးထွန်းဇံသည် မတ်တတ်က မေ့မျော၍ သွားရှာလေ တော့၏။

ထို့ကြောင့် စောမိသင်၏ နောက်ဆုံးစကားလေးကိုပင် မကြား လိုက်ရချေ။

"အလိုလေ . . . ပုရှာသခင် သြက်မိလင်"

စောမိသင် ဆိုလိုသည်ကား 'မိဖုရားကို အာရုံပြုပါ' ဟုဆိုလို သတည်း။



www.burmeseclassic.com

www.burmeseclassic.com



**အမှာစကား။** ။ ဤဝတ္ထုသည် စိတ်ကူးယဉ်သတ်သက်ဖြစ်ရာ တောင်သူကြီးမင်း ဓောမိသင် ဟူသောအမည် တူမှားရှိခဲ့သော် တိုက်ဆိုင်မှု သက်သက်သာ ဖြစ်သည်ဟု မှတ်ယူကြစေလိုပါသည်။

◆◆◆

ပြီးပါပြီ။

ကြာပ်ကလေး

BURMESE CLASSIC

www.burmeseclassic.com